မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထုတ်ဝေခဲ့သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၄)
အမှတ် (၁၆၂)

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော်သမ္မတဦးသိန်းစိန် လစ်သူယေးနီးယားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၁

၂၀၁၅ ခုနှစ် မတ် ၁၁ ရက်တွင် ကျရောက်သော လစ်သူယေးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ လစ်သူယေးနီးယားသမ္မတနိုင်ငံ သမ္မတ မာဒမ် ဒါလီယာ ဂရီဗိုစကီးထံသို့ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ✻

ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ခြေကုပ်ယူထားသည့်နေရာများအား တပ်မတော်စစ်ကြောင်းများက ဆက်လက်တိုက်ခိုက်ချေမှုန်း

နေပြည်တော် မတ် ၁၀

ကိုးကန့်သောင်းကျန်းသူအဖွဲ့များ ခြေကုပ်ယူထားသည့် လုံထန်ကျေးရွာအနီး ပွိုင့်- ၁၇၅၃ တောင်ကုန်းနှင့် အနီးပတ်ဝန်းကျင် တောင်ကုန်းများအား တပ်မတော်စစ်ကြောင်းများက တိုက်ခိုက်ချေမှုန်းလျက်ရှိရာ မတ် ၉ ရက်တွင် တိုက်ခိုက်ရေးရဟတ်ယာဉ်၊ လေယာဉ်များဖြင့် လေကြောင်းပစ်ကူ လေးကြိမ်ရယူ၍ တိုက်ခိုက်ခဲ့ပြီး တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားခဲ့ကာ သောင်းကျန်းသူတို့၏ အခြေပြုတောင်ကုန်းအချို့အား သိမ်းပိုက်နိုင်ခဲ့သည်။

ထို့အပြင် မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်နိမိတ်မှတ်တိုင် အမှတ် (၁၁၉)၏ တောင်ဘက် စီကော်လုံကျေးရွာအနီး ပွိုင့်- ၂၂၀၂ တောင်ကုန်းအပါအဝင် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ တောင်ကုန်းများတွင် ခြေကုပ်ယူထားသည့် ကိုးကန့်သောင်းကျန်းသူ အင်အားစုများအား ယနေ့နံနက်ပိုင်းမှ စတင်၍ တပ်မတော်စစ်ကြောင်းများက

စာမျက်နှာ ၉ ကော်လံ ၅ ☆

မူဆယ်မြို့ တိုးတက်ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ၂၀၁၃ ခုနှစ် ဧပြီလမှစ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် မူဆယ်နယူးစတားဆောက်လုပ်ရေးကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း၍ မူဆယ်ဗဟိုစီးပွားရေးဇုန်ကို ခြောက်ဇုန်ခွဲပြီး တည်ဆောက်လျက်ရှိရာ ဇုန် (၆) တွင် ရွှေလီမြစ်အားအပေါ်စီးမှကြည့်ရှုနိုင်သည့်နေရာ၌ အပန်းဖြေစခန်းတစ်ခုနှင့် နေချင်စဖွယ်ကောင်းသော တောင်ပေါ်အိမ်ရာဆောက်လုပ်မည့်သရုပ်ဖော်ပုံစံကို တွေ့ရစဉ်။

တင်လှိုင်(မိတ္ထီလာ)

ငြိမ်းချမ်းသောနည်းလမ်းဖြင့် စိန်ခေါ်မှုများကို ကျော်လွှားကြပါစို့

စာမျက်နှာ ၊ ၆

ရန်ကုန်မြို့ လှည်းတန်းလမ်းဆုံအနီးတွင် ဒီမိုကရေစီပညာရေး အတွက် လမ်းလျှောက်ဆန္ဒဖော်ထုတ်

စာမျက်နှာ ၊ ၁၁

> အခုအချိန်ဟာ နိုင်ငံရေးနိုးကြားစဖြစ်နေတဲ့ စမ်းတဝါးဝါး အချိန်ဖြစ်နေတယ်။ ကျုပ်တို့အစိုးရကလည်း တတ်နိုင်သလောက် လိုက်လျောပေးနေတာပဲ၊ မိဘဟာ သားသမီးကို အလိုလိုက်ပေမယ့် စည်းကမ်းထက်ပိုဆိုးလာရင် ဆုံးမပေးရသလို အခွင့်အရေးကို လိုသည်ထက်ပိုယူလာရင်၊ စည်းကမ်းမဲ့ဖြစ်လာရင် ကျုပ်တို့အစိုးရအဖွဲ့ကလည်း ဆုံးမပေးရမှာပဲ၊ နည်းလမ်းစည်းကမ်းအတိုင်း လိုလားချက်တွေတောင်းပါ၊ တရားစီရင်လိုက်လျောပါ့မယ်။
>
> (ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့ နတ်မောက်မြို့၌ ပြောကြားခဲ့သောမိန့်ခွန်းမှ ကောက်နုတ်ချက်)

စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာ
အမှတ်၊ ၂၄/၂၀၁၅
၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
(၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ရက်)

စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်ခန်းမရှေ့တွင် (၅-၃-၂၀၁၅)ရက်နေ့၌ အမျိုးသားပညာရေးဥပဒေပြုပြင်ပြောင်းလဲရေး ထောက်ခံဆန္ဒပြသူများအား လူစုခွဲပြီး ဖမ်းဆီးခဲ့သည်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ဖြစ်စဉ်ဖြစ်ရပ်အမှန်ပေါ်ပေါက်ရေး စုံစမ်းစစ်ဆေးရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော **"စုံစမ်းစစ်ဆေးရေးကော်မရှင်"** ကိုဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ဦးထွန်းထွန်းဦး — အဖွဲ့ဝင်
ဒုတိယရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဂ) ဒေါက်တာသန်းအောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

(ဃ) ဦးမြင့် — အဖွဲ့ဝင်
ဌာနမှူး(ငြိမ်း)

(င) ဦးစောထွန်းအောင်မြင့် — အတွင်းရေးမှူး
ကရင်တိုင်းရင်းသားရေးရာဝန်ကြီး
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

၂။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အဆိုပါဖြစ်စဉ်အပေါ် ဆောင်ရွက်ချက်များသည် ဥပဒေနှင့် ညီညွတ်မှု ရှိ -မရှိ စစ်ဆေးရန်။

(ခ) အဆိုပါဖြစ်စဉ်တွင်တာဝန်အရ အဆင့်ဆင့်ဆောင်ရွက်သူများ၏ လုပ်ဆောင်မှုများသည် လုပ်ထုံးလုပ်နည်း မှန်ကန်မှု ရှိ-မရှိစစ်ဆေးရန်။

(ဂ) အလားတူဖြစ်စဉ်များထပ်မံမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ဆောင်ရွက်သင့်သည့်အကြံပြုချက်များ တင်ပြရန်။

၃။ စုံစမ်းစစ်ဆေးရေးကော်မရှင်တာဝန်ထမ်းဆောင်စဉ် အုပ်ချုပ်ရေးဆိုင်ရာလိုအပ်ချက်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံဆောင်ရွက်ပေးရမည်။

၄။ စုံစမ်းစစ်ဆေးရေးကော်မရှင်သည် စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေးနိုင်သည့်အပြင် သက်သေများဆင့်ခေါ်ခြင်း၊ စာရွက်စာတမ်းများ တောင်းခေါ်ခြင်းနှင့်လိုအပ်သည့် နေရာများသို့သွားရောက်စစ်ဆေးခြင်း တို့ကိုဆောင်ရွက်ခွင့်ရှိသည်။ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာကို ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အရောက် နိုင်ငံတော်သမ္မတထံသို့ တိုက်ရိုက် အစီရင်ခံတင်ပြရမည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ရခိုင်ပြည်နယ်လမ်းပန်းဆက်သွယ်ရေး

နိုင်ငံတစ်နိုင်ငံ၊ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ ဒေသ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများသည်လည်း ကျွဲကူးရေပါဆိုသကဲ့သို့ လိုက်ပါတိုးတက် ပြောင်းလဲလာမည် ဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဖော်ဆောင်လျက်ရှိရာ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် တံတားကြီး ၁၈ စင်း၊ ကတ္တရာလမ်းမိုင်ပေါင်း ၁၉၁ မိုင်၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တံတားကြီး ၃၂ စင်း၊ ကတ္တရာလမ်း မိုင်ပေါင်း ၁၀၄ မိုင်၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တံတားကြီးကိုးစင်း၊ ကတ္တရာလမ်းမိုင်ပေါင်း ၃၆ မိုင်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တံတားကြီး ၁၂ စင်း၊ ကတ္တရာလမ်းမိုင်ပေါင်း ၄၂ မိုင်ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရပါသည်။

ရခိုင်ပြည်နယ် ပေါက်တော-မင်းပြားလမ်းပေါ်ရှိ စွန်ရဲ့ တံတားနှင့် ဆင်ခုံတိုင်တံတားနှစ်စင်းကို မတ် ၇ ရက်က ဒုတိယ သမ္မတဦးဉာဏ်ထွန်းကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။ ဤတံတားနှစ်စင်း ဖွင့်လှစ်နိုင်ခြင်းဖြင့် ရခိုင်ပြည်နယ် တစ်ခုလုံးသို့လည်းကောင်း၊ ရန်ကုန်-စစ်တွေလမ်းမှတစ်ဆင့် မြန်မာပြည်တစ်နံတစ်လျားသို့လည်းကောင်း၊ ရာသီမရွေးသွားလာနိုင်တော့မည်ဖြစ်ပါသည်။ ဤတံတား နှစ်စင်းသည် ယခုအစိုးရ လက်ထက်တွင် တည်ဆောက်ပေးနိုင်ခဲ့သည့် ပေ ၁၈၀ အထက် တံတားအမှတ် ၈၂ နှင့် ၈၃ တို့ဖြစ်ပါသည်။

ဤသို့ တံတားများ တည်ဆောက်ဖွင့်လှစ်ပေးရသကဲ့သို့ လမ်းများလည်း အဆင့်မြှင့်တင်ဖောက်လုပ်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်း ဝင်ရောက်လာနိုင်မည့် လမ်းမကြီးသုံးသွယ်ဖြစ်သည့် မင်းဘူး-အမ်း-စစ်တွေလမ်းမကြီး၊ ပြည်-ပန်းတောင်း-တောင်ကုတ်-သံတွဲလမ်းမကြီး၊ ငသိုင်းချောင်း-ဂ-သံတွဲ လမ်းမကြီးများကိုလည်း အဆင့်မြှင့်တင်မှုလုပ်ငန်းများ အဓိကထား ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ကျောက်တော-ပလက်ဝလမ်းကိုလည်း အဆင့်မြှင့်တင်ဖောက်လုပ်လျက်ရှိပါသည်။ ဤလမ်းသည် ချင်းပြည်နယ်မှ ဖောက်လုပ်နေသည့် ပလက်ဝ-မတူပီ-ဟားခါးလမ်းနှင့် ချိတ်ဆက်မိပြီး ချင်းပြည်နယ်မှ ရခိုင်ပြည်နယ်သို့ ဝင်ရောက်နိုင်သည့် လမ်းမကြီးတစ်ခုဖြစ်လာမည်ဖြစ်ပါသည်။ နေပြည်တော်- မကွေး-မင်းဘူး-အမ်း-ကျောက်ဖြူလမ်းမကြီးကိုလည်း ဘီအိုတီစနစ်ဖြင့် ဆောင်ရွက်ရန်စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာလျက်ရှိကြောင်း သိရပါသည်။ ရခိုင်ပြည်နယ်သည် နိုင်ငံတကာရေကြောင်း သွားလာမှုနှင့် ထိစပ်လျက်ရှိသော ပြည်နယ်တစ်ခုဖြစ်ပါသည်။

ယခုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးကို အဆင့်မြှင့်တင်လိုက်ခြင်းဖြင့် ဒေသနေပြည်သူများအတွက်သာမက နိုင်ငံတော်အတွက်ပါ စီးပွားရေးအရ အထောက်အကူဖြစ်လာနိုင်မည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေသစ်များပေါ်ထွက်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁၀

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့် အခွင့်အရေးများအကြောင်း အကြံပေးခြင်းနှင့် သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၉ ရက်က Royal ACE ဟိုတယ်၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရာတွင် အဓိကကျသော အကြောင်းရင်း တစ်ရပ်ဖြစ်ပါကြောင်း၊ စျေးကွက်စီးပွား ရေးပြိုင်ဆိုင်မှုတွင်လည်း စက်မှုကဏ္ဍ ရေရှည်တည်တံ့နိုင်ရန်အတွက် တွန်းအားတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်စနစ် တည်ထောင်ရန်အတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်စနစ်သည် စျေးကွက်စီးပွားရေး ပြိုင်ဆိုင်မှုခေတ်တွင် ကောင်းစွာယှဉ်ပြိုင်နိုင်စွမ်း မရှိသေးသည့်အတွက် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေသစ်များ ပေါ်ထွက်လာရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် WIPO အဖွဲ့၊ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများဆိုင်ရာဌာနဒါရိုက်တာ Mr. Kifle SHENKORUကနိုင်ငံများ၏ စီးပွားရေးတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် အခွင့်အရေးများအကြောင်း၊ စတော့ဟုမ်းမြို့ ဆွီဒင်နိုင်ငံ တရားရေးရာဝန်ကြီးဌာန အစိုးရအထူးအကြံပေး ပုဂ္ဂိုလ် Prof. Henry Olsson က အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ အတွေ့အကြုံများကို ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မိုဇမ်ဘစ်၊ ယူဂန်ဒါ၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ အီသီယိုးပီးယား၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ မော်လဒီ၊ နီပေါ၊ တန်ဇန်နီးယား၊ ကိုရီးယားနှင့် ဆူဒန်နိုင်ငံတို့မှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၆ဦး တက်ရောက်ကြ၍ သင်တန်းကို မတ် ၉ ရက်မှ ၁၃ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည့်စုံလမ်းသွယ်အားဆက်လက်ဖောက်လုပ်ပေးရန် ဒေသခံများလိုလားလျက်ရှိ

ထင်သာမြင်သာ

ပျဉ်းမနား မတ် ၁၀

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် မြို့၏အလယ်ကို ငလိုက်ချောင်းသည် အနောက်မှ အရှေ့သို့ ဥဒဟိုဖြတ်သန်းစီးဆင်းနေသည်မှာ ရှေးယခင်ကာလ ကတည်းကပင် ယနေ့အထိဖြစ်သည်။ ငလိုက်ချောင်း၏ မြောက်ဘက်တွင် ပျဉ်းမနားမြို့၏ တစ်ခုတည်းသော ရပ်ကွက်အုပ်စုကြီးဖြစ်သော ရွာကောက်ရပ်ကွက်အုပ်စုကြီး တည်ရှိသည်။

ရွာကောက်ရပ်ကွက် အုပ်စုကြီးကို ရန်ကုန်-မန္တလေးမီးရထားလမ်းနှင့် ရန်ကုန်-မန္တလေးကားလမ်းဟောင်း လမ်းမကြီးမှ ဖြတ်သန်းလျက်ရှိပေသည်။ ထိုသို့ဖြတ်သန်းလျက်ရှိရာတွင် ရန်ကုန်-မန္တလေး မီးရထားလမ်း၏အရှေ့ဘက် အမှတ်(၄) မီးရထားလမ်း-သံလမ်းဂိတ်နှင့် ရွာကောက် ရမည်းသင်းစု ပြည့်စုံလမ်းကြား မီးရထားလမ်းအရှေ့ဘက်တွင် နေထိုင်ကြသော ဒေသခံများအနေဖြင့် မီးရထားသံလမ်းဂိတ် အမှတ်(၄) ဘက်မှတစ်ဆင့် မြို့တွင်းသို့ သွားလာလိုသောအခါ ရပ်ကွက်အတွင်းမှ တစ်ဆင့် (၉) လမ်းတံတားမှလည်းကောင်း စျေးကုန်းကျောင်းဘက်မှ တစ်ဆင့်တစ်ကွေ့တစ်ပတ် သွားလာနေကြရသည့်အတွက် မလိုလားအပ်သောခရီးကြန့်ကြာမှုများ ဖြစ်ပေါ်လျက်ရှိပြီး မီးရထားလမ်းအရှေ့ဘက်လမ်းသည် တောင်မှမြောက်သို့ ဥဒဟိုတစ်ဆက်တည်း မရှိသည့်အတွက် အမှိုက်ကား ဝင်ထွက်သွားလာ၍မရခြင်း၊ ယခုလို ပူပြင်းခြောက်သွေ့သည့် နွေရာသီရောက်ရှိပြီဖြစ်သောကြောင့် မီးလောင်မှုဖြစ်ပေါ်လာလျှင် မီးသတ်ကားဝင်ထွက်သွားလာ၍မရသည့်အတွက် ဒေသခံများအနေဖြင့် ရွာကောက်မီးရထားသံလမ်းဂိတ်နှင့် ပြည့်စုံလမ်းကြား မီးရထားလမ်း၏ အရှေ့ဘက်တောင်မြောက်လမ်းကို တစ်ဆက်တည်း ဖောက်လုပ်ပေးလိုက်ရင် မီးရထားလမ်းအရှေ့ဘက်နေ ဒေသခံတွေဖြစ်တဲ့ ရမည်းသင်းစုနယ်မြေက ပြည်သူတွေအားလုံး သွားလာမှုအဆင်ပြေနိုင်ပါတယ်” ဟု ၄င်းရပ်ကွက်နေသူက သူ၏အမြင်ကို သုံးသပ်ပြောပြသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

နိုင်ငံကြီးသား ပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၀-၃-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာမိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၄၅၅၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၁၅၄၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၄၀

စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၆
ဒီဇယ်	တစ်လီတာ	ကျပ် ၆၈၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၆၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၈၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၀၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနှိုင်းများ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၄၈၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၅၀၀-၃၇၀၀
၃။	ငါးရံ့	တစ်ပိဿာ	၄၅၀၀-၆၈၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျား)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၇၀၀၀-၃၃၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၄၅၀၀
၈။	ကြက်	တစ်ပိဿာ	၄၅၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၄၂၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၁၀၄၅-၁၀၄၈
ဥရောပ	တစ်ယူရို	၁၂၀၀-၁၂၁၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၆-၇၈၀
ထိုင်း	တစ်ဘတ်	၃၁-၃၃.၅
အိန္ဒိယ	တစ်ရူပီး	၁၅.၅-၁၆
တရုတ်	တစ်ယွမ်	၁၆၃-၁၆၅
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၅

ဘုရင့်နောင်ကုန်စည်နိုင်ငံဈေးနှုန်း

နွေဆန်	တစ်အိတ်	၁၈၀၀၀-၁၈၅၀၀
မိုးဆန်သစ် (မနောသုခ)	တစ်အိတ်	၁၇၀၀၀-၁၇၅၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၈၀၀၀-၃၂၀၀၀
မြေပဲဆီ	တစ်ပိဿာ	၄၀၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၃၅၀
ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၅၀-၄၅၀
ရှမ်းကြက်သွန်ဖြူ (အသစ်)	တစ်ပိဿာ	၁၆၀၀-၂၁၅၀
ကြက်သွန်ဖြူ (ကြေကုတ်)	တစ်ပိဿာ	၁၅၀၀
အာလူး (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၆၀-၆၇၀
ငရုတ်ရှည် (မိုးထောင်)	တစ်ပိဿာ	၂၄၀၀-၂၆၅၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၅၀၀၀-၅၆၀၀
သကြား	တစ်ပိဿာ	၈၁၅-၈၅၀

ကုန်စည်နိုင်ငံဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဖိလစ်ပိုင်နိုင်ငံ ဘိုရာကေးကျွန်းခ္ဍကျင်းပသည့် တတိယအကြိမ် အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် မတ် ၁၀

"တတိယအကြိမ် အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေး" ကို ဖိလစ်ပိုင်နိုင်ငံ ဘိုရာကေးကျွန်းရှိ Shangri-la Boracay Resort and Spa ၏ Halina Ballroom ၌ မတ် ၁ ရက်မှ ၃ ရက်အထိ ကျင်းပခဲ့ရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် အာဆီယံတရားစီရင်ရေး သတင်းအချက်အလက်များအတွက် ASEAN Judiciaries Portal တည်ထောင်နိုင်ရန် ဆောင်ရွက်ရေးကိစ္စ၊ အာဆီယံတရားသူကြီးချုပ်များ အစည်းအဝေး၏ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရန် အာဆီယံအတွင်းရေးမှူးရုံးနှင့် ဆက်သွယ်ဆောင်ရွက်ရေးကိစ္စ၊ တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားပေးနေမှုများတွင် မြန်မာနိုင်ငံမှ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့်ကိစ္စ၊ အာဆီယံနိုင်ငံများအတွင်း တရားမမှုခင်းများတွင် တရားမဆင့်စာများ ချအပ်နိုင်ရန် လွယ်ကူအဆင်ပြေသည့် လုပ်ငန်းစဉ်ဖြစ်ပေါ်လာစေရေး ဆက်လက်လေ့လာသွားရန်ကိစ္စ၊ Court Technology နှင့် Case Management များအတွက် အာဆီယံနိုင်ငံများအကြား ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရန်ကိစ္စများကို ဆွေးနွေးခဲ့သည်။

အာဆီယံ တရားသူကြီးချုပ်များ အစည်းအဝေးကို အာဆီယံဒေသတွင်းနိုင်ငံများအတွင်း ကျင်းပခဲ့ရာ ပထမအကြိမ် အစည်းအဝေးကို စင်ကာပူနိုင်ငံ၌လည်းကောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌လည်းကောင်း ကျင်းပခဲ့ပြီး ယခု တတိယအကြိမ်အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ ဘိုရာကေးကျွန်းတွင် ကျင်းပခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

မွေးမြူရေးကဏ္ဍတိုးတက်ရေး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသည် အရေးကြီး

နေပြည်တော် မတ် ၁၀

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် ကောင်စီနယ်မြေ ရေဆင်းရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ၂၀၀ဆံ့ အိပ်ဆောင်သုံးဆောင် ဆောက်လုပ်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ သက်ဆိုင်ရာကုမ္ပဏီများမှ အိပ်ဆောင်ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးသည် အရေးကြီးပါကြောင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည် တိရစ္ဆာန် ဆေးကုဆရာဝန်များကို မွေးထုတ်ပေးသော တစ်ခုတည်းသော တက္ကသိုလ်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများတက္ကသိုလ်ကြီး၌ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် နှစ်ထပ်အိပ်ဆောင်ကြီး သုံးဆောင်ကို ဆောက်လုပ်ပေးခြင်း ဖြစ်ပါကြောင်း၊ တင်ဒါအောင်မြင်သော ကုမ္ပဏီများ အနေဖြင့်လည်း ဘဏ္ဍာရေးနှစ်အမီ ဆောက်လုပ်သွားရမည် ဖြစ်ကြောင်း၊ စံချိန်စံညွှန်းများကိုလည်း ဆောက်လုပ်ရေး တည်ဆောက်ရေးကော်မတီက သတ်မှတ်ထားသည့်အတိုင်း ဆောက်လုပ်သွားရမည်ဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီသော ဆောက်လုပ်ရေးသုံးပစ္စည်းများကို သတ်မှတ်ထားသည့်အတိုင်း သုံးစွဲကြရန်ဖြစ်ကြောင်း မှာကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အောင်ချမ်းသာကုမ္ပဏီ၊ နိုင်မင်းကုမ္ပဏီ၊ TZTM ကုမ္ပဏီများမှ တာဝန်ယူ ဆောက်လုပ်လျက်ရှိသော လုပ်ငန်းခွင်များသို့ ရောက်ရှိပြီး အဆောက်အအုံများ ဆောက်လုပ်နေမှုကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်းပြည့်မီရေး၊ အချိန်မီပြီးစီးရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ရှိ ကျောင်းသူထမင်းစားဆောင်နှင့် ကျောင်းသား ထမင်းစားဆောင်များသို့ ရောက်ရှိပြီး စားသောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ ကျောင်းသားအိပ်ဆောင်သို့ ရောက်ရှိပြီး အဆောင်နေ ကျောင်းသားများ ၏ လိုအပ်ချက်များ မေးမြန်းကာ ဖြေရှင်းဆောင်ရွက်ပေးသည်။

အားကစားကွင်းအတွင်း ကျန်းမာကြံ့ခိုင်ရေးအတွက် လေ့ကျင့်ရေး အထောက်အကူပြု အားကစားပစ္စည်းများထားရှိရေး၊ ကျန်းမာပျော်ရွှင်စွာ လေ့ကျင့်ကစားနိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သို့ တက်ရောက်နေသောကျောင်းသား ကျောင်းသူများ ပျင်းမနား၊ နေပြည်တော်သို့ သွားရောက်ငွေထုတ်ယူနေရမှုမှ သက်သာမှုနှင့်လုံခြုံမှုရှိစေရေးအတွက် လွယ်လင့်တကူ ငွေလွှဲပြောင်းလက်ခံနိုင်ရေးဝန်ကြီးဌာနနှင့် ကမ္ဘောဇဘဏ်လီမိတက်က စီစဉ်ဆောင်ရွက်ပေးသော ATM ငွေထုတ်စက်ဖြင့် ကျောင်းသား ကျောင်းသူများငွေထုတ်ယူနေမှုအခြေအနေနှင့် အခက်အခဲကို ကြည့်ရှုမေးမြန်းပြီး လိုအပ်သည်များ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူးများခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်းအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည် ၊ရာထူး၊ ဌာန	**ခန့်ထားသည့် ရာထူး၊ဌာန**
(က)	ဦးတင်ဦး ဌာနမှူး(သင်ကြားရေးနှင့် လေ့ကျင့်ရေး) မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ပို့ဆောင်ရေးဝန်ကြီးဌာန	ကျောင်းအုပ်ကြီး မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ပို့ဆောင်ရေးဝန်ကြီးဌာန
(ခ)	ဦးအေးဆန်း ဒုတိယညွှန်ကြားရေးမှူးချုပ် ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန လျှပ်စစ်စွမ်းအားဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

* ရှေ့ဖုံးမှ

အလားတူ ၂၀၁၅ ခုနှစ် မတ် ၁၁ ရက်တွင်ကျရောက်သော လစ်သူယေးနီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါ သမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လစ်သူယေးနီးယားသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ အယ်ဂီဒျါစ် ဘော့ဂ်ဗီးစီးယို့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် လစ်သူယေးနီးယားလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၁၁

၂၀၁၅ ခုနှစ် မတ် ၁၁ ရက်တွင် ကျရောက်သော လစ်သူယေးနီးယားသမ္မတနိုင်ငံ၏လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လစ်သူယေးနီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမစ္စတာ လင်နာ့စ်အန်တာနာ့စ် လင့်ခ်ဗီးစီးယို့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မြန်မာ့ရထားပို့ဆောင်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၁၀

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဥရောပသမဂ္ဂ သံအမတ်ကြီး Mr. Roland Kobia နှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂတို့အကြား Europeam Investment Bank (EIB)၏ မူဘောင်သဘောတူညီချက်အရ မြန်မာနိုင်ငံ ရထားပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှု ကဏ္ဍအတွက် အနာဂတ်စီမံကိန်းများနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များ၊ မြန်မာ့မီးရထားဖြင့် သွားလာပို့ဆောင်ရေးလုပ်ငန်းအပေါ် ငွေကြေးထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များ၊ မြန်မာ့မီးရထားလုပ်ငန်းအား နည်းပညာအကူအညီပေးနိုင်ရေးနှင့် မြန်မာ-ဥရောပ ရထားပို့ဆောင်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဥရောပသမဂ္ဂ သံအမတ်ကြီးနှင့်အဖွဲ့က ဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရထားပို့ဆောင်ရေးလုပ်ငန်းနှင့်ပတ်သက်၍ အများပြည်သူသွားလာပို့ဆောင်ရေးကဏ္ဍ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်နိုင်ခြေများကို ဦးစားပေးအကောင်အထည်ဖော် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ပြည်သူ့အကျိုးဖော်ဆောင်ပို့ အခွန်မှန်စွာပေးဆောင်စို့

နိုင်ငံတကာသတင်း

ပြင်သစ်အားကစားသမားသုံးဦး အာဂျင်တီးနား၌ ရဟတ်ယာဉ်ပျက်ကျသေဆုံး

ဗျူနိုအေရိစ် မတ် ၁၀

အာဂျင်တီးနားနိုင်ငံ၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျသွားရာ ပြင်သစ်အားကစားသမားသုံးဦးအပါအဝင် လူ ၁၀ ဦးသေဆုံးသွားခဲ့ကြောင်း ပြင်သစ်သမ္မတရုံးက အတည်ပြုပြောကြားသည်။

ပြင်သစ်နိုင်ငံသားရှစ်ဦးနှင့် အာဂျင်တီးနား လေယာဉ်မှူးနှစ်ဦးတို့သည် အာဂျင်တီးနားနိုင်ငံ အနောက်မြောက်ပိုင်း လာရီယိုဂျာပြည်နယ်၌ ရဟတ်ယာဉ်နှစ်စင်းတိုက်မိစဉ် သေဆုံးခဲ့ကြသည်။ ပြင်သစ်ရွက်လှေအားကစားမယ် ဖလောရင့်အာသရောက်၊ အိုလံပစ်ရေကူးသမား ကာမီလီမွတ်ဖတ်နှင့် အိုလံပစ်လက်ဝှေ့သမား အဲလီဆစ်ဗက်စတိုင်းတို့အားလုံး သေဆုံးခဲ့ရသည်။

"ကျွန်တော်တို့ နိုင်ငံသားများ ရုတ်တရက်လေယာဉ်ပျက်ကျသေဆုံးခဲ့ရတဲ့အတွက် ဝမ်းနည်းမိပါတယ်"ဟု ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က ပြောသည်။ အသက် ၂၅ နှစ်ရှိ ကာမီလီမွတ်ဖတ်သည် ၂၀၁၂ လန်ဒန်အိုလံပစ်၌ မီတာ ၄၀၀ အလွတ်ကူးတွင် ရွှေတံဆိပ်အပါအဝင် ဆုတံဆိပ်သုံးခု ဆွတ်ခူးခဲ့သူဖြစ်သည်။ ၎င်းသည် ၂၀၁၄ ခုနှစ်တွင် ရေကူးပြိုင်ပွဲဝင်ခြင်းမှ အနားယူခဲ့သည်။ အသက် ၂၈ နှစ်ရှိ ဗက်စတိုင်းသည် ၂၀၀၈ ပေကျင်းအိုလံပစ် လိုက်ဝယ်တာဝိတ်တန်းလက်ဝှေ့ပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုဆွတ်ခူးခဲ့သူဖြစ်သည်။ အသက် ၅၇ နှစ် အရွယ် ဖလော့ရင်အာသရောက်သည် ၁၉၉၀ ပြည့်နှစ်က အတ္တလန္တိတ်သမုဒ္ဒရာ ရွက်လှေပြိုင်ပွဲတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ **(ဘီဘီစီ)**

အာဂျင်တီးနား၌ လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ရသည့် ပြင်သစ်အားကစားသမားသုံးဦးကို တွေ့ရစဉ်။

ရုရှားလိုလားသူများ လက်နက်ကြီးများရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ယူကရိန်းသမ္မတပိုရိုရှင်းကို အတည်ပြုပြောကြား

ကိယက်ဗ် မတ် ၁၀

ယူကရိန်းနိုင်ငံအရှေ့ပိုင်းရှိ ရုရှားလိုလားသူ ခွဲထွက်ရေးသမားများ အနေဖြင့် လက်နက်ကြီးများ ရုပ်သိမ်းသွားပြီဖြစ်ကြောင်းသမ္မတ ပိုရိုရှင်းကို က အတည်ပြုပြောကြားသည်။

ယူကရိန်းအစိုးရတပ်ဖွဲ့ဝင်များသည်လည်း ဒုံးကျည်နှင့်လက်နက်ကြီးများနှင့်အတူ ပြန်လည်ရုပ်သိမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း မစ္စတာပိုရိုရှင်းကိုက ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားသည်။

ဖေဖော်ဝါရီလတွင် နှစ်ဖက်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိပြီးနောက် မတ်လမှစတင်ကာ လက်နက်ကြီးများကို ရှေ့တန်းစစ်မျက်နှာမှ ပြန်လည်ရုပ်သိမ်းခဲ့ကြသည်။ အပစ်အခတ်ရပ်မှုပြုလုပ်နေစဉ် တိုက်ခိုက်မှုများရှိနေသော်လည်း အပစ်အခတ်ရပ်စဲရေးကို ထိရောက်စွာအကောင်အထည်ဖော်သွားမည်ဟု ဆိုသည်။ သို့ရာတွင် နှစ်ဖက်စလုံးက အမှန်တရားကို ဖုံးကွယ်ထားကြပြီး အင်အားဖြည့်တင်းမှုများ ရှိနေကြောင်း အပြန်အလှန်စွပ်စွဲလျက်ရှိကြသည်။

လွန်ခဲ့သည့် ဧပြီလက ဒုံးနက်နှင့်လူဟန့်တို့၌ ဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့် လူပေါင်း ၆၀၀၀ ခန့်သေဆုံးပြီး တစ်သန်းကျော်နေအိမ်များကို စွန့်ခွာထွက်ပြေးကြရသည်ဟု ကုလသမဂ္ဂက ယုံကြည်ထားသည်။ **(ဘီဘီစီ)**

ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်တို့အကျဉ်းထောင်မှ အကျဉ်းသားများ ထွက်ပြေးလွတ်မြောက်

ဘေရွတ် မတ် ၁၀

ဆီးရီးယားနိုင်ငံ မြောက်ပိုင်းရှိ အိုင်အက်စ်တို့ အုပ်ချုပ်သော အကျဉ်းထောင်တစ်ခုမှ ကားဒီးစ်တိုက်ခိုက်ရေးသမား ၃၀ ခန့် အပါအဝင် အကျဉ်းသား ၉၅ ဦးခန့် ထွက်ပြေး လွတ်မြောက်ခဲ့ကြောင်း ဆီးရီးယားနိုင်ငံဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့က မတ် ၁၀ ရက်တွင် ပြောကြားသည်။

အကျဉ်းထောင်ဖောက်မှုမှာ တူရကီနယ်စပ်အစွန်ပိုင်းမှ တောင်ပိုင်း ကီလိုမီတာ ၃၀ ခန့်အကွာတွင် တည်ရှိသော အာလ်ဘတ်မြို့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လန်ဒန်အခြေစိုက် ဆီးရီးယားနိုင်ငံဆိုင်ရာ စောင့်ကြည့်လေ့လာရေး အဖွဲ့က ပြောကြားသည်။

အိုင်အက်စ်စစ်သွေးကြွများသည် ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ နယ်မြေအတော်များများကို သိမ်းယူထိန်းချုပ်ထားခဲ့ပြီး ၄င်းတို့ထိန်းချုပ်ထားရာ နေရာများတွင် အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရန် ကြေညာထားသည့် အတိုင်း ယင်းဒေသများတွင် ၄င်းတို့ပိုင် အကျဉ်းထောင်များ၊ တရားရုံးများနှင့် အခြားသောအဆောက်အအုံများကို ဖွဲ့စည်းထူထောင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ထွက်ပြေးလွတ်မြောက်သွားသော အကျဉ်းသားများထဲတွင် ဆီးရီးယားအရပ်သားများနှင့် အိုင်အက်စ်အုပ်စုအား ဆန့်ကျင်တိုက်ခိုက်နေသည့် အစ္စလာမ္မစ်တပ်ရင်းများမှ အဖွဲ့ဝင်များလည်း ပါဝင်ကြောင်း၊ အိုင်အက်စ်အုပ်စုသည် အယ်လ်ဘတ်မြို့တွင် လုံခြုံရေးသတိပေးချက် ထုတ်ပြန်လိုက်ပြီး ယင်းထွက်ပြေး လွတ်မြောက်သွားသည့် အကျဉ်းသားများ ပြန်လည်ဖမ်းဆီးရန် အသံချဲ့စက်များကိုအသုံးပြုလျက် ပြည်သူများအား တိုက်တွန်းလျက်ရှိကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

ကားဒီးစ် တိုက်ခိုက်ရေးသမားများသည် အမေရိကန်ဦးဆောင်သော ညွှန့်ပေါင်းတပ်ဖွဲ့၏အကူအညီနှင့်အတူ ဆီးရီးယားနိုင်ငံ မြောက်ပိုင်းတစ်လျှောက်ရှိ အိုင်အက်စ်အုပ်စုများအား ချေမှုန်းတိုက်ထုတ်ရန် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ **(ရိုက်တာ)**

Apple ကုန်ပစ္စည်းသစ်မိတ်ဆက်

ပဲရစ် မတ် ၁၀

Apple ကုမ္ပဏီသည် ၎င်း၏ပထမဆုံးသော အရည်အသွေးမြင့် နာရီသစ်တစ်မျိုးကို တနလင်္ဂနေ့က ဆန်ဖရန်စစ္စကိုရှိ စတင်မိတ်ဆက်ခဲ့သည်။ Apple Watch အမည်ရှိ အဆိုပါနာရီသစ်ကို တရုတ်နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲရှစ်နိုင်ငံတွင် ဧပြေလ ၂၄ ရက်မှ စတင်ရောင်းချသွားမည်ဖြစ်သည်။

ယင်းကုန်ပစ္စည်းသစ် မိတ်ဆက်ပွဲကြောင့် တရုတ်ဖောက်သည်များကို ပိုမိုဆွဲဆောင်နိုင်ခဲ့သည်။ လူသိများနေသော တရုတ်တို့ဖန်တီးထားသည့် We Chat ဆော့ဖ်ဝဲကို Apple Watch အတွင်းထည့်သွင်းထားသည်။ သုံးစွဲသူအနေဖြင့် နာရီ ပေါ်ကလစ်တစ်ချက်နှိပ်ရုံဖြင့် We Chat မှ ဝင်ရောက်လာသော မက်ဆေ့ချ်များကို စာဖြင့်ပြန်လည်ဖြေကြားနိုင်မည်ဖြစ်သည်။ Apple Watch နာရီကို ၃၄၉ ဒေါ်လာဖြင့် စတင်ရောင်းချသွားမည် ဖြစ်ပြီး ရွှေ ၁၈ ကာရက်ပါ version အတွက် ဒေါ်လာ ၁၀၀၀၀ ကျော်ရှိမည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

ဘရာဇီးသမ္မတ အမျိုးသမီးကာကွယ်ရေး ဥပဒေသစ်တစ်ရပ်ကိုအတည်ပြုလက်မှတ်ရေးထိုး

ရီယိုဒီဂျနေရိုး မတ် ၁၀

ဘရာဇီးသမ္မတ ဒယ်မာရှဖ်ဆက်ဖ်က အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို သတ်ဖြတ်လျှင် ပြင်းထန်ထိရောက်စွာ အရေးယူမည့် ဥပဒေသစ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

အိမ်တွင်းအကြမ်းဖက်မှုများနှင့် ဆက်နွယ်နေသော လူသတ်မှုများသည် ထောင်ဒဏ် ၁၂ နှစ်မှ နှစ် ၃၀ ထိ ကျခံရမည်ဖြစ်သည်။ လက်မှတ်ရေးထိုးထားသော ဥပဒေသစ်က အမျိုးသမီးများကို ကာကွယ်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း သမ္မတရုဖ်ဆက်ဖ်က ပြောခဲ့သည်။

ဘရာဇီးနိုင်ငံတွင် တစ်ရက်လျှင် အမျိုးသမီး ၁၅ ဦးနှုန်း အသတ်ခံနေရကြောင်း သမ္မတရုဖ်ဆက်ဖ်က ထပ်လောင်းပြောဆိုခဲ့သည်။ အခြားအမှုများဖြစ်သည့် ကိုယ်ဝန်သည် အမျိုးသမီးကိုသတ်ခြင်း၊ မွေးဖွားပြီးခါစ အမျိုးသမီးကို သတ်ခြင်း၊ အသက် ၁၄ နှစ်အောက် မိန်းကလေးများ သို့မဟုတ် အသက် ၆၀ ကျော် အမျိုးသမီးများကိုသတ်ခြင်း စသည့်ပြစ်မှုများကို ကျူးလွန်လျှင် ထောင်ဒဏ် ပိုမိုကျခံရမည်ဖြစ်ကြောင်း သိရသည်။

အသစ်ပြဋ္ဌာန်းထားသောဥပဒေသည် အမျိုးသမီးသေဆုံးမှုကို ဖော်ပြရာတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေသို့ ပြောင်းလဲသွားမည်ဖြစ်ကာ ၎င်းကျင့်ထုံးဥပဒေတွင် အိမ်တွင်းအကြမ်းဖက်မှု၊ အမျိုးသမီးများကို မထီမဲ့မြင်ပြုမှု၊ ခွဲခြားဆက်ဆံမှုစသည်တို့ ပါဝင်သည်။

အလားတူ ဥပဒေပြုမှုများကို လည်း အခြားလက်တင်အမေရိကနိုင်ငံများ ဥပမာ ကမ္ဘာပေါ်တွင် အမျိုးသမီးအသတ်ခံရမှု အမြင့်ဆုံးနိုင်ငံဖြစ်သည့် အယ်လ်ဆာဗေဒိုတွင်လည်း ပြဋ္ဌာန်းထားသည်။

ဘရာဇီးနိုင်ငံ ကုလသမဂ္ဂ အမျိုးသမီးကိုယ်စားလှယ် နဒင်းဂက်စ်မန်းက ဤဥပဒေမျိုးသည် အမျိုးသမီးများကို သီးခြားကာကွယ်မှုပေးရန်ဖြစ်ကြောင်း ပြောကြားသည်။ **(ဘီဘီစီ)**

လေးကျွန်းစကြာထိုင်တော်မူမြတ်စွာဘုရားကြီး အောက်ဌာပနာတော်သွင်းမဂ်လာနှင့် ဒုတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲကျင်းပမည်

မုံရွာ မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ခတက္ကန်တောင်ရွာ မဟာဗောဓိတထောင် သာသနာ့နယ်မြေ၌ ကျေးဇူးတော်ရှင် မဟာဗောဓိတထောင်ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ တည်ထား ပူဇော်တော်မူခဲ့သည့် လေးကျွန်းစကြာ ရပ်တော်မူမြတ်စွာဘုရားကြီးနှင့် လျောင်းတော်မူမြတ်စွာဘုရားကြီးတည်ရှိရာ ဗန္ဓဝကုန်းတော်ပေါ်၌ မဟာဗောဓိတထောင်ဆရာတော်ကြီး၏ ဆန္ဒအရ အမြင့် ၂၃၄ ပေရှိ ကမ္ဘာ့အကြီးဆုံး လေးကျွန်းစကြာ ထိုင်တော်မူမြတ်စွာဘုရားကြီးအား ထပ်မံတည်ထား ကိုးကွယ်တည်ဆောက်လျက်ရှိသည်။

ထိုသို့ တည်ဆောက်လျက်ရှိရာ (၁၃၇၆ ခုနှစ်၊ နှောင်းတန်းခွဲလဆန်း ၃ ရက်)မတ် ၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် လေးကျွန်းစကြာ ထိုင်တော်မူမြတ်စွာဘုရားကြီး ပလ္လင်တော်အတွင်း၌ အောက်ဌာပနာတော်သွင်းမဂ်လာ အခမ်းအနားကို သာသနာတော်ဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ကျင်းပသွားမည်ဖြစ်ပြီး ဒုတိယအကြိမ်မြောက် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကိုပါ တစ်ပါတည်း ကျင်းပသွားမည်ဖြစ်သည်။

သို့ဖြစ်၍ လေးကျွန်းစကြာ ထိုင်တော်မူမြတ်စွာဘုရားကြီး အောက်ဌာပနာတော်သွင်းမဂ်လာနှင့် ဒုတိယအကြိမ်မြောက် အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားသို့ အနယ်နယ် အရပ်ရပ်ရှိ စေတနာရှင်ပြည်သူများ၊ ဆရာတော်ကြီး၏ တပည့်သာဝက၊ ဒါယကာ ဒါယိကာမများနှင့် ကုသိုလ်ရှင်များအနေဖြင့် စေတနာသဒ္ဓါတရား ထက်သန်စွာ ပါဝင်လှူဒါန်းကုသိုလ် ယူနိုင်ရန် ဖိတ်ကြားထားကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပြည်ထောင်စု

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ (၁၆၁) လမ်း၊ အမှတ် (၁၄)တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ**သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီ၏ အလံနှင့်တံဆိပ်ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ၏ အလံပုံစံ

ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) အနုပညာစွမ်းရည်ပြပြိုင်ပွဲများကျင်းပ

ရန်ကုန် မတ် ၁၀

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စေရန်၊ ပညာသင်ကြားမှုကို အထောက်အကူဖြစ်စေရန် တက္ကသိုလ်အဆင့် ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများ ထွန်းကားစေရန်၊ ဗဟုသုတအရည်အသွေးများ ကြီစည်ဖန်တီးတတ်သော၊ အလေ့အထများ တိုးတက်စေရန်နှင့် ကျောင်းသား ကျောင်းသူအချင်းချင်း ပိုမိုရင်းနှီးကျွမ်းဝင်ပြီး ကူညီရိုင်းပင်းတတ်သော စိတ်ဓာတ်များ တိုးတက်စေရန် ရည်ရွယ်လျက် ကျောင်းသား ကျောင်းသူများ၏ အနုပညာပြပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး ဆုရကျောင်းသား ကျောင်းသူများကို ပါမောက္ခချုပ်၊ ပါမောက္ခ/ဌာနမှူးများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်

ဒေါ့ဖုန်းယန် မတ် ၁၀

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့နယ်ခွဲ၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လျှဒါန်းပွဲကို မတ် ၆ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေ့တန်းအမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ်၊ တပ်မမှူး ဗိုလ်မှူးချုပ် တေဇာကျော်က အမှာစကားပြောကြားပြီး အုပ်ချုပ်ရေးမှူး ဦးအောင်အောင်က ကျောင်းသား ကျောင်းသူများကို အားပေးစကား ပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက ထောက်ပံ့ငွေနှင့် ပစ္စည်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးက ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းတင်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံတာဝန်ကျေပွန်အောင် ကျသင့်အခွန်မှန်မှန်ဆောင်

လားရှိုးမြို့ရှောင်လမ်း အေးရှားဝေါလ်တိုးဂိတ်အနီး၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

လားရှိုး မတ် ၁၀

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုး လားရှိုးခရိုင်ရဲတပ်ဖွဲ့ စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့တို့ပူးပေါင်း၍ မတ် ၉ ရက် ညနေ ၆ နာရီခွဲက လားရှိုးမြို့ မြို့ရှောင်လမ်းနှင့် လားရှိုး-နမ္မတူ လမ်းဆုံ အေးရှားဝေါလ်တိုးဂိတ် အနီးတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်စဉ် လားရှိုးမြို့ မြို့ရှောင်လမ်း အေးရှားဝေါလ်တိုးဂိတ် အနီးသို့ ကွတ်ခိုင်ဘက်မှ လားရှိုးဘက်သို့ မောင်းနှင်လာသည့် ဆိုင်ကယ် နံပါတ် ၃၁ယ/------အား သက်သေများနှင့်အတူ ရပ်တန့်စစ်ဆေးရာဖွေရာ ဆိုင်ကယ်ထိုင်ခုံနောက်တွင် ဆာလာအိတ်အတွင်း ထုံးများနှင့် ရောနှောသိုဝှက်လျက် ခေါက်ဆွဲခြောက်ထုပ်အိတ်ခွံအတွင်း ဆပ်ပြာခွက်တစ်ခွက်လျှင် ပလတ်စတစ်ဖြင့် ထည့်လျက် ဘိန်းဖြူမှုန့်အလေးချိန် ၁၃ ဂရမ်စီပါ ၁၁ ခွက်၊ စုစုပေါင်းအလေးချိန် ၁၄၃ ဂရမ်နှင့် ဆပ်ပြာခွက် တစ်ခွက်စီအတွင်း ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်လျက် 88 နှင့် 1 တစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ၀ါးထုပ်နှစ်ခွက် စုစုပေါင်း ဆေးပြား ၁၀ ထုပ် အပြား ၂၀၀၀ အလေးချိန် ၂၀၀ ဂရမ်ကို တွေ့ရှိသိမ်းဆည်းရမိပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ပြန်လည်ရောင်းချရန် သယ်ဆောင်လာကြောင်း ပေါ်ပေါက်သဖြင့် ကျင်ဆုအမျိုးသား)(၄၃ နှစ်)ရပ်ကွက်(၄) ကွတ်ခိုင်မြို့နေသူကို လားရှိုးမြို့မရဲစခန်းက အရေးယူထားကြောင်းသိရသည်။ **ဟန်ဌေး(iprd)**

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး ဆင့်ပွားသင်တန်းဖွင့်

ဘားအံ မတ် ၁၀

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိပညာပေး ဆင့်ပွားသင်တန်းကို ကရင်ပြည်နယ် ဘားအံခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ မတ် ၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဘားအံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်းအောင်က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပသွားမည်ဖြစ်၍ သက်ဆိုင်ရာကော်မရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းကာ အချိန်နှင့်တစ်ပြေးညီ အထက်ဌာနများသို့ အဆင့်ဆင့်တင်ပြပေးသွားမည်ဖြစ်ကြောင်း၊ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်များကို ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသွားသည်။

ရဲတပ်ဖွဲ့ခရိုင်အဆင့် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိပညာပေးဆင့်ပွားသင်တန်းသို့ ခရိုင်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဘားအံ့ခရိုင်အတွင်းရှိ ရဲအရာရှိများ ၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

ထွန်းထွန်းအေး(ဘားအံ)

မြန်ပြည်တစ်ဝန်း သာယာမည်

နေပြည်တော် မတ် ၁၀

ထူးခြားသည့်နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ်၊ ချောက်မြို့၊ မကွေးမြို့နှင့် အောင်လံမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘဂ်လားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘဂ်လားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘဂ်လားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

မိုးလေဝသနှင့် ဧလေဗေဒညွှန်ကြားမှုဦးစီးဌာန

ဥပဒေရေးရာ

National Network for Education Reform (NNER) နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညီညီသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီडီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

ငြိမ်းချမ်းသောနည်းလမ်းဖြင့် စိန်ခေါ်မှုများကို ကျော်လွှားကြပါစို့

သက်နိုင်ညွန့်

ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခွင့်

နိုင်ငံသားတိုင်းသည် ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စိတန်းလှည့်လည်ခွင့် အခွင့်အရေးများ ရှိပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄၊ ပုဒ်မခွဲ(ခ)အရ **"နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့်မဆန့်ကျင်လျှင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စိတန်းလှည့်လည်ခွင့် အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်"** ဟု ပြဋ္ဌာန်းထားပါသည်။

ငြိမ်း၊ စု၊ စီ ဥပဒေ

အတိုကောက်ခေါ်သော ငြိမ်း၊ စု၊ စီ ဥပဒေရှိပါသည်။ အပြည့်အစုံရေးလျှင် **"ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စိတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ"** ဖြစ်ပါသည်။ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅၊ ၂၀၁၁ ဖြစ်ပါသည်။ ၂-၁၂-၂၀၁၁ ရက်စွဲဖြင့် ပြဋ္ဌာန်းပါသည်။ ငြိမ်း၊ စု၊ စီ ဥပဒေဖြင့် ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်နိုင်ပါသည်။

> **အကောင်းဆုံးကတော့ ငြိမ်းချမ်းသာယာစေချင်သည်။ တရားဥပဒေ စိုးမိုးစေချင်သည်။ ကျောင်းသားများ ဆန္ဒပြည့်ဝစေချင်သည်။ အမျိုးသားပညာရေးဥပဒေ အရည်အသွေး မြင့်မားစေချင်သည်။ ထိပ်တိုက်ရင်ဆိုင်မှုများ လုံးဝ မမြင်မတွေ့လိုပါ။**

ဥပဒေနှင့် ဆန့်ကျင်သည့် အစုအဝေးများ

ဥပဒေနှင့်ဆန့်ကျင်သည့် အစုအဝေးများပေါ်ပေါက်လာပါက ရဲအရာရှိများ၊ တရားသူကြီးများသည် တရားဥပဒေနှင့်အညီ ဆောင်ရွက်ရပေသည်။ အင်အားသုံးရသည့်အခါ **မလွဲမရှောင်သာ** အင်အားသုံးကြရပေသည်။ တာဝန်အရ ဆောင်ရွက်ရခြင်းသာ ဖြစ်ပါသည်။ **မည်သည့်ဝန်ထမ်းမျှ အင်အားသုံးလိုသောဆန္ဒမရှိပါ။ မရင်ဆိုင်လိုပါ။ အထူးသဖြင့် ကျောင်းသားလူငယ်များ၊ ရဟန်းသံဃာများနှင့် ထိပ်တိုက်ရင်ဆိုင်ရန်(အထူး)ရှောင်ကြဉ်လိုပါသည်။** မလွဲမရှောင်သာ၊ တာဝန်အရဆောင်ရွက်ရခြင်းမျိုးသာ၊ တည်ငြိမ်အေးချမ်းမှုကိုထိန်းသိမ်းနိုင်ရန်သာ ထမ်းဆောင်ရခြင်းကို နားလည်ကြမည်ဟု မျှော်လင့်ပေသည်။

ဥပဒေအနှစ်သာရထက် ပို၍မကျင့်သုံးသင့်

ဥပဒေအနှစ်သာရထက် ပြဋ္ဌာန်းချက်ကိုကျော်၍ အာဏာမကျင့်သုံးသင့်ပါ။ အင်အားကိုလည်း ဥပဒေနှင့်အညီသာ ကျင့်သုံးသင့်ပါသည်။ အကူအညီတောင်းခံရသောအမျိုးသားသည် စည်းကမ်းရှိသောဥပဒေနှင့်အညီ အကူအညီပေးနိုင်သော အမျိုးသားသာ ဖြစ်သင့်ပါသည်။ ကြိုရာလူကို လွယ်လွယ်ကူကူဆွဲခေါ်ကာ အများပြည်သူက လက်မခံနိုင်သော အမျိုးသားများကို အကူအညီတောင်းရန်မသင့်ပါ။ ဆိုလိုသည်မှာ ဥပဒေနှင့်ဆန့်ကျင်သည့် အစုအဝေးများကို လူစုခွဲရမည့်သူသည် ဥပဒေနှင့်မဆန့်ကျင်သောပုဂ္ဂိုလ်မျိုးသာ ဖြစ်သင့်ပေသည်။ သို့ဖြစ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၂၈ ကို ကျင့်သုံးသောအရာရှိများသည် ဤအချက်ကို လေးလေးနက်နက် သတိပြုစဉ်းစားအပ်ပါသည်။ မိမိ၏စေတနာကို ဝေဒနာမဖြစ်သင့်ပါ။ ဥပဒေနှင့်ဆန့်ကျင်သည့် အစုအဝေးများကို အင်အားသုံးသည့်အခါ မိမိသုံးသောအင်အားသည် အများပြည်သူ၏အကျိုး (တရားဥပဒေစိုးမိုးရေး၏အဓိကပန်းတိုင်)ကို မျက်ခြည်မပြတ်သင့်ပါ။

ဥပဒေအရ ဆောင်ရွက်ရသောတာဝန်

ဥပဒေအရ ဆောင်ရွက်ရသောအဖွဲ့အစည်းများဘက်ကိုလည်း ထည့်သွင်းစဉ်းစားပေးစေချင်သည်။ တာဝန်အရ ဆောင်ရွက်ရသောအဖွဲ့အစည်း၊ လူထု၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ဝန်ထမ်းများဘက်ကိုလည်း ကိုယ်ချင်းစာနာစေလိုပါသည်။ တရားဥပဒေအရ အရေးယူရခြင်း၊ တရားဥပဒေအရ ဖမ်းဆီးရခြင်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ရပေသည်။ ဘောင်လွတ်၊ စည်းလွတ်၊ ဥပဒေမဲ့ဖြင့် မည်သည့်ကိစ္စမှ ဆောင်ရွက်၍ မရနိုင်ပါ။ သို့ဖြစ်၍လည်း တည်ဆဲတရားဥပဒေ (ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ)နှင့်အညီ လိုက်နာဆောင်ရွက်ရကြောင်း လေ့လာသိရှိရပါသည်။

ယခုကဲ့သို့ လူစုလူဝေးများကို တရားဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရသည့်အဖွဲ့အစည်းများအနေနှင့် မည်မျှဂရုပြု သတိထားမည်ကို စာဖတ်သူများ စဉ်းစားကြည့်နိုင်ပါသည်။ ကိုယ်ချင်းစာကြည့်နိုင်ပါသည်။

ဆန္ဒများပြည့်ဝစေလို

ဘယ်လိုပဲဖြစ်ဖြစ် ယခုလိုဖြစ်ရပ်မျိုး၊ မလိုလားအပ်သော ဥပဒေမဲ့အစုအဝေးမျိုး ဘယ်လိုမှ မရှိသင့်ပါ။ မလိုလားအပ်ပါ။ မကြိုဆိုအပ်ပါ။ ဘယ်လိုရုန်းရင်းဆန်ခတ်မှုမျိုးကိုမှ မဖြစ်ပွားစေလိုပါ။ **အကောင်းဆုံးကတော့ ငြိမ်းချမ်းသာယာစေချင်သည်။ တရားဥပဒေစိုးမိုးစေချင်သည်။ ကျောင်းသားများဆန္ဒ ပြည့်ဝစေချင်သည်။ အမျိုးသားပညာရေးဥပဒေ အရည်အသွေးမြင့်မားစေချင်သည်။** ထိပ်တိုက်ရင်ဆိုင်မှုများ လုံးဝမမြင်မတွေ့လိုပါ။ မတတ်သာ၍၊ မလွဲမရှောင်သာ၍ ဆန္ဒပြပွဲများကို အင်အားသုံး ရှင်းလင်းရခြင်းဖြစ်ကြောင်း တွေ့မြင်ရသည်။ ထိုသို့ မဖြစ်ပွားစေလို၍လည်း အကြိမ်ကြိမ် မေတ္တာရပ်ခံသည်။ တားမြစ်သည်။ ကြိုတင်သတိပေးသည်။ ရန်မီးမပွားစေရန် တောင်းပန်ခြင်းဖြစ်သည်။

လွတ်တော်အတွင်းမှာ အဖြေရှာ

တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းသည် အားလုံးကြိုဆိုသော ဆန္ဒမွန်ဖြစ်ပါသည်။ ယနေ့ဆိုလျှင် အမျိုးသားလွှတ်တော်အဆင့်၌ ကြားနာနေပြီဖြစ်သည်။ မိမိတင်ပြလိုသောအချက်ကို လွတ်လပ်ပွင့်လင်းစွာ ဝင်ရောက်တင်ပြနိုင်ပါပြီ။ **လက်တွေ့ကျမှုကို အခြေခံပြီး အပြုသဘောရှုမြင်ပါ။ ညှိနှိုင်းအဖြေထုတ်သည့် နိုင်ငံရေးဓလေ့မျိုး၊ အစွန်းမရောက်သည့်အမြင်မျိုးဖြစ်စေရန် ကြိုးပမ်းကြပါ။ ထိပ်တိုက်ရင်ဆိုင်မှု မလိုလားပါ။ ထိပ်တိုက်ရင်ဆိုင်မှုကို ကျော်လွှားကြပါ။**

> **လမ်းပေါ်မတက်ဘဲ၊ လူစုလူဝေးမလုပ်ဘဲ၊ အကြမ်းမဖက်ဘဲ အောင်မြင်မှုကို အဆုံးအဖြတ်ပေးနိုင်မည့် ငြိမ်းချမ်းသောနည်းလမ်းများ အသင့်ရှိနေပြီဖြစ်ရာ ပူးပေါင်းအဖြေရှာ ဆောင်ရွက်ကြပါရန်**

သဘောတူနိုင်မည့် နည်းလမ်းများကို ရှာဖွေကြပါ။ ဒီမိုကရေစီကျင့်စဉ်ကျင့်သုံးကြပါ။ အများပြည်သူ၏ဆန္ဒကို ဖန်တီးပေးနိုင်ဖို့ တာဝန်ရှိနေပါပြီ။

သဘာဝမကျမှုများ

သဘာဝမကျမှုများ၊ မတရားမှုများ ရှိနိုင်ပါသည်။ စေ့စေ့စပ်စပ်လေ့လာစိစစ်နိုင်ပါသည်။ အဖြေထုတ်နိုင်ပါသည်။ **မတရားမှု၊ သဘာဝမကျမှုများကို သမ္မတရုံး၊ လွတ်တော်ရုံး၊ လူ့အခွင့်အရေးကော်မရှင်များသို့ ရေးသားတိုင်ကြားခြင်း၊ လွတ်လွတ်လပ်လပ် တင်ပြနိုင်ခြင်းစသည့် အခွင့်အရေးများ လည်း ရှိနေ**ကြပေသည်။

ဥပဒေသုံးသပ်သင့်

တည်ဆဲတရားဥပဒေများကို ပြင်ဆင်ပြောင်းလဲနေချိန် ဖြစ်ပါသည်။ နိုင်ငံနှင့်လူမျိုးအကျိုးကို ဘက်စုံထောင့်စုံမှ လေ့လာ၍၊ စိစစ်၍၊ သုံးသပ်၍ **ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၂၈ ကိုလည်း ယနေ့ခေတ်ကာလနှင့် ဆီလျော်ခြင်း ရှိ/ မရှိ စဉ်းစားဆင်ခြင်သုံးသပ်ဆောင်ရွက်နိုင်**ကြပါသည်။

အကောင်းဆုံးနည်းလမ်း

ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အခြေခံကောင်းများ ကြိုးပမ်းတည်ဆောက်နေချိန်ဖြစ်ပါသည်။ တရားဥပဒေနှင့်အညီ ရေးသားနိုင်ပါသည်။ တိုင်ကြားနိုင်ပါသည်။ ထုတ်ဖော်ပြောဆိုနိုင်ပါသည်။ **လမ်းပေါ်မတက်ဘဲ၊ လူစုလူဝေးမလုပ်ဘဲ၊ အကြမ်းမဖက်ဘဲ အောင်မြင်မှုကို အဆုံးအဖြတ်ပေးနိုင်မည့် ငြိမ်းချမ်းသောနည်းလမ်းများ အသင့်ရှိနေပြီဖြစ်ရာ ပူးပေါင်းအဖြေရှာဆောင်ရွက်ကြပါရန်** တိုက်တွန်းအပ်ပေသည်။

မြန်အောင်တိမ်းကုန် ကြက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်သင်တန်းများပို့ချ

မြန်အောင် မတ် ၁၀

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနရုံး၌ ဦးစီးအရာရှိ ဒေါက်တာလှိုင်ဆွေက ဇီဝလုံခြုံရေးဆိုင်ရာသင်တန်းနှင့် ကူးစက်မြန်ရောဂါကာကွယ်ထိန်းချုပ်ရေး သင်တန်းများကို ကြက်မွေးမြူရေးလုပ်ငန်းရှင်များအား ဆွေးနွေးပို့ချခြင်းလုပ်ငန်းများကို မတ်လပထမပတ်အတွင်း ဆောင်ရွက်လျက်ရှိသည်။

ဦးစီးအရာရှိ ဒေါက်တာလှိုင်ဆွေက ယခုရက်ပိုင်းအတွင်း မုံရွာ၌ ဖြစ်ပွားခဲ့သော ကြက်ဌက်တုပ်ကွေးရောဂါများကြောင့် မြန်အောင်မြို့နယ်အတွင်းရှိ မွေးမြူရေးသမားများနှင့် အသားရောင်းချသူများကို အသိပညာပေးခြင်း၊ သင်တန်းများပေးခြင်းတို့ကို ဆက်တိုက်ဆိုသလိုဆောင်ရွက်လျက်ရှိကြောင်း၊ မြန်အောင်မြို့ နေခြည်စျေးအတွင်းရှိ အသားရောင်းချသူများကို မြို့နယ်စည်ပင်သာယာရေးစျေးအဖွဲ့နှင့်ပူးပေါင်းကာ အဖွဲ့ဖွဲ့ပြီး စစ်ဆေးမှုများ၊ အသိပညာပေးမှုများ၊ လတ်ဆတ်သောအသားများ ရောင်းချနိုင်ရေးနှင့် အများစားသုံးသောအသားများ ဖြစ်သဖြင့် ရောဂါကင်းသောအသားများဖြစ်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍မုံရွာ၌ ဖြစ်ပွားခဲ့သော ကြက်ဌက်တုပ်ကွေးရောဂါကြောင့် မွေးမြူသူများအနေဖြင့် ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး၊ ကြိုတင်ကာကွယ်တားဆီးသည့် အနေဖြင့် လိုအပ်သည်များ ဆောင်ရွက်ထားနိုင်ရေးတို့ အသိပညာပေးခြင်းများကိုလည်း ကြက်ခြံများသို့သွားရောက်ကာ ဆောင်ရွက်ထားရှိကြောင်း ပြောကြားသည်။

ကြက်မွေးမြူရေး လုပ်ငန်းရှင်တစ်ဦးကလည်း "အခုလို ဆောင်းအကုန် နွေအကူးမှာ နှစ်တိုင်းလိုလို ကြက်ခြံတွေမှာ ရောဂါဝင်တတ်တယ်၊ အခုနှစ်တော့ ဘာရောဂါမှ မဖြစ်သေးပါဘူး" ဟု ပြောကြားသည်။

ကြက်ခြံများတွင် ရောဂါပိုးသယ်ဆောင်လာနိုင်သည့် ဆောင်းခိုဌက်များမဝင်နိုင်အောင် ပိုက်များတားခြင်း၊ ကြက်ခြံကို စနစ်တကျ ကာရံထားခြင်း၊ အပြင်လူမဝင်နိုင်အောင် စီမံထားခြင်းတို့ကို ဌာန၏အကြံဉာဏ်နဲ့ ဆောင်ရွက်ထားပါကြောင်းလည်း ဥစားကြက်မွေးမြူထားသူ လုပ်ငန်းရှင်တစ်ဦးက ပြောပြသည်။

ဥစားကြက်ခြံပိုင်ရှင် တစ်ဦးက "အခုရက်ထဲ ရာသီကပူလာတော့ ကြက်ဥနှုန်းတွေကျလာတယ်၊ ကြက်သားစျေးကတော့ မွေးမြူရေးကြက်ဖြစ်တဲ့ စီပီက ဖေဖော်ဝါရီလက ခြံစျေး ငွေကျပ် ၂၈၀၀ လောက်ကနေ အခု မတ်လဆန်းမှာ ငွေကျပ် ၃၈၀၀ လောက်ဖြစ်လာတော့ တွက်ခြေကိုက်လာပါတယ်။ ဒါပေမယ့် အရင်လတွေက အနှုံးပေါ်ကြတော့ မွေးတဲ့သူတော်တော်များများက မမွေးဘဲ ရပ်ထားတာလည်း ပါတာပေါ့။ တချို့ဆို သိန်းနှစ်ဆယ်လောက် တောင်ရှုံးကြတယ်၊ အစာစျေးကလည်း စီပီကြက်စာတစ်အိတ်ကို ၁၀၀၀ လောက်ပဲတက်ပြီး ဒေသအစာတွေက ပုံမှန်စျေးဆိုတော့ ခုရက်ပိုင်းထဲ ကြက်မွေးမြူသူတွေထွက်ခြေကိုက်ပါတယ် " ဟု ပြောပြသည်။

"မြန်အောင်မှာက မွေးမြူရေးသမားတွေနဲ့ ဌာနနဲ့ ပူးပေါင်းဆောင်ရွက်မှု အားကောင်းတဲ့အတွက် နှစ်စဉ်လိုလို ကူးစက်မြန်ရောဂါဖြစ်ပွားမှုနှုန်းနည်းပါတယ်၊ ကျွန်တော်တို့လည်း မွေးမြူရေးသမားတွေကို အမြဲတမ်း သတိပညာပေးမှုတွေ လုပ်နေပါတယ်၊ လိုအပ်တာတွေကို ကူညီဆောင်ရွက်ပေးရင်း သင်တန်းမှာလည်း အပြန်အလှန် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်" ဟု ဒေါက်တာလှိုင်စိုးက ပြောကြားသည်။

နေဝင်းဇော်(မြန်အောင်)

ရွှေတောင်ရေးရာ

❁ ပြည်သူ့လွှတ်တော်မှ

ပြစ်မှုတစ်ရပ်ရပ်နှင့် အကျိုးဝင်ပါက ရဲအရေးယူခွင့်ရှိသော ပြစ်မှုများဖြစ်သဖြင့် ရဲစခန်းတွင် တိုင်ကြားအရေးယူနိုင်ပါကြောင်း။

အကယ်၍ အဆိုပါ ပြုမူဆောင်ရွက်ချက်သည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော ပြစ်မှုများတွင် အကျိုးဝင်ပါက ရဲအရေးပိုင်သောပြစ်မှုများဖြစ်လျှင် ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားနိုင်ပြီး ရဲအရေးမပိုင်သော ပြစ်မှုများဖြစ်လျှင် သက်ဆိုင်ရာ တရားရုံးများတွင် သက်သေအထောက်အထားခိုင်လုံစွာဖြင့်ဥပဒေနှင့်အညီ တိုင်တန်းလျှောက်ထားနိုင်ပါကြောင်း၊ ရွေးကောက်ပွဲဥပဒေ အခန်း(၁၄)တွင် သတ်မှတ်ပြဋ္ဌာန်းထားသော တရားမဲ့ပြုကျင့်မှုများကို လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ၊ ယင်းတို့တစ်ဦးဦး၏ သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးကဖြစ်စေ ဖောက်ဖျက်ကျူးလွန်ပါက လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၁၅)ပါ အတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ရွေးကောက်ပွဲကန့်ကွက်လွှာများ တင်သွင်းနိုင်ပါကြောင်း။

ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများ အရလည်းကောင်း၊ ရွေးကောက်ပွဲဥပဒေ အခန်း(၁၃)နှင့် (၁၄) တို့တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲ

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကို ဖြေကြားစဉ်။ (သတင်းစဉ်)

ဆိုင်ရာ ပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ရွေးကောက်ပွဲဥပဒေအရလည်းကောင်း အရေးယူဆောင်ရွက်ခြင်းကို ခံရနိုင်မည်ဖြစ်ကြောင်းကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ၁၆-၁-၂၀၁၅ ရက်စွဲပါကြေညာချက်ဖြင့် တစ်နိုင်ငံလုံးရှိ ပြည်သူများ ကြိုတင်သိရှိနိုင်ရန် အသိပေးကြေညာထားပြီး ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

အလားတူ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **“ မဲဆွယ်စည်းရုံးခွင့်ပြုသည့် ကာလတွင် လက်ရှိလွှတ်တော်ကိုယ်စားလှယ်များနှင့် လာမည့် ရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းသူများသည် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့် စည်းမျဉ်းစည်းကမ်းများအား လိုက်နာရန်လို/ မလို သိလိုခြင်း”** နှင့်စပ်လျဉ်းသည့် မေးခွန်းအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကိုက ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို အောက်တိုဘာလကုန် သို့မဟုတ် နိုဝင်ဘာလဆန်းတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ (ကော်မရှင်က သတ်မှတ်ထုတ်ပြန်ပေးမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးသည့်ကာလမဟုတ်သေးသော်လည်း) နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့ပါတီအောင်နိုင်ရေးအတွက် စည်းရုံးလှုပ်ရှားမှုများ ပြုလုပ်နေကြပြီဖြစ်သည်ကို တွေ့မြင်ကြားသိနေရပြီဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီ အသီးသီးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၆ အရ နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ လွတ်လပ်စွာစည်းရုံးခွင့်ရှိပြီး နိုင်ငံသားတိုင်းသည် ပုဒ်မ ၃၅၄ အရ လည်း ဥပဒေနှင့် မဆန့်ကျင်ဘဲ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုရေးသားခွင့်၊ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့်ရှိကြပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် (လွှတ်တော်ကိုယ်စားလှယ်လောင်းမဟုတ်ပါက) လူထုတွေ့ဆုံရှင်းလင်းပွဲများကို ပြုလုပ်ရာတွင် သက်ဆိုင်ရာ လွှတ်တော်ဥပဒေ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းပြီးနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စိစစ်အတည်ပြုပြီးလျှင် မဲဆွယ်စည်းရုံးမှုကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်စည်းကမ်းများအား လိုက်နာကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ရွေးကောက်ပွဲဥပဒေ အခန်း(၁၃)ပါ ရွေးကောက်ပွဲပြစ်မှုနှင့် ပြစ်ဒဏ်များ၊ အခန်း(၁၄)ပါ တရားမဲ့ပြုကျင့်မှုများကို ကျူးလွန်မှုမရှိစေရေး လိုက်နာစောင့်ထိန်းရန် လိုအပ်ပါကြောင်း။

ရွေးကောက်ပွဲ မဲဆွယ်စည်းရုံး

တံတားဦး မဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ မေးမြန်းစဉ်။ (သတင်းစဉ်)

ဟောပြောရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်၊ သက်ဆိုင်ရာ ပါတီကိုယ်စားလှယ်နှင့် ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်းတို့က အခွင့်အာဏာလွှဲအပ်ခြင်းခံရသောပုဂ္ဂိုလ်တို့သည် မဲဆွယ်စည်းရုံးရန်အတွက် စုဝေးဟောပြောရာတွင်ဖြစ်စေ၊ ရေးသားပုံနှိပ်ဖြန့်ချိရာတွင်ဖြစ်စေ တည်ဆဲဥပဒေများကို လိုက်နာရမည့်အပြင် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ အခန်း(၁၃)နှင့် (၁၄)တို့တွင် ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုများကို သိရှိနားလည်ပြီး ဥပဒေချိုးဖောက်မှုမျိုးမဖြစ်စေရေး သတိပြုဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိ၏ဟောပြောချက်များသည် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ယင်းတည်ဆဲဥပဒေအရ အရေးယူခြင်းခံရနိုင်ဖွယ်ရှိပါကြောင်း၊ ရွေးကောက်ပွဲဥပဒေအခန်း(၁၃)တွင် ပါရှိသည့်ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ဖောက်ဖျက်ပါက ရွေးကောက်ပွဲဥပဒေအရ အရေးယူခံရနိုင်ပါကြောင်း၊ ထိုနည်းတူ အခန်း(၁၄)တွင် ပါရှိသည့် တရားမဲ့ပြုကျင့်မှုတစ်ရပ်ရပ် ဖောက်ဖျက်ပါက ရွေးကောက်ပွဲတွင် မိမိအနေဖြင့် အနိုင်ရရှိသော်လည်း ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းက မိမိအပေါ် ကန့်ကွက်လွှာတင်သွင်း၍ အရေးယူဆောင်ရွက်ခြင်းကို ခံရနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

❁ အမျိုးသားလွှတ်တော်မှ

စွန့်လွှတ်ခဲ့ရသည့်အတွက် နိုင်ငံတော်မှနစ်နာကြေးများကို တောင်သူများထံ ထုတ်ပေးခဲ့ရာတွင် **လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများကြောင့် ပြည်သူများနစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်**

ကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြေကြားစဉ်။ (သတင်းစဉ်)

အဖွဲ့.ခွဲ(၁၁)၏ တင်ပြချက်အရ လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇ အုပ်စုမှ တောင်သူ ၂၁၇ ဦး ပိုင်ဆိုင်သည့် လယ်ယာ ၂၄၇ ဒသမ ၁၇ ဧက၊ ယာမြေ ၇၂ ဒသမ ၇၁ ဧက စုစုပေါင်း လယ်ယာမြေ ၃၁၉ ဒသမ ၈၈ ဧက အတွက် ပြည်ထောင်စု ငွေလုံးငွေရင်း (ဖြည့်စွက်) ရန်ပုံငွေကျပ် ၄၁၅ ဒသမ ၁၈ သန်းအနက်မှ ကျပ် ၄၀၇ ဒသမ ၁၁ သန်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၃ ရက်ထိ ပေးလျော်ထားပြီးဖြစ်ပါကြောင်း။

လယ်ဝေးမြို့နယ်တွင် ကျန်ရှိသော တောင်သူငါးဦးအတွက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာန၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ အမှန်ပေးလျော်ရမည့် မြေကေကို ကွင်းဆင်းတိုင်းတာစစ်ဆေးခဲ့ရာတွင် ပေးလျော်ရမည့်မြေမှာ လယ်မြေ ၂ ဒသမ ၅၁ ဧက၊ ယာမြေ ၅ ဒသမ ၂၉ ဧက စုစုပေါင်း ၇ ဒသမ ၈ ဧကဖြစ်ပါကြောင်း၊ ယင်းမြေ ၇ ဒသမ ၈ ဧကကိုပေးလျော်နိုင်ရန် မြေ(၁)ဧကစျေးနှုန်း အတည်ပြုသတ်မှတ်နိုင်ရေးအတွက် ဒဏ္ဍိဏာခရိုင်အုပ်ချုပ်ရေးမှူးထံမှ သဘောထားမှတ်ချက် တောင်းခံထားကာ အတည်ပြုချက်ရရှိသည်နှင့် မတ်လအတွင်းလက်ဝယ်ရှိပြီး ရန်ပုံငွေမှ ပေးလျော်သွားမည်ဖြစ်ပါကြောင်း။

ပျဉ်းမနားမြို့နယ် အုပိုင်းတွင် ကျေးရွာအုပ်စုငါးအုပ်စုမှ တောင်သူပေါင်း ၂၆၅ ဦးပိုင်ဆိုင်သည့် လယ်မြေ ၁၃၅ ဒသမ ၈၅ ဧက၊ ယာမြေ ၃၄ ဒသမ ၄၉ ဧက စုစုပေါင်း လယ်ယာမြေ ၁၇၀ ဒသမ ၃၄ ဧက စိုက်ပျိုးထားသည့်သီးနှံဧက ၁၆၉ ဒသမ ၉၇ ဧကနှင့် အဆောက်အအုံနှစ်လုံးအတွက် ပျဉ်းမနားမြို့နယ် မြေစာရင်းဦးစီးဌာနမှ စိစစ်ပြီးဖြစ်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီမှ ဆက်လက်စိစစ်လျက်ရှိပါကြောင်း၊ လယ်ယာမြေများအတွက် မြေအမျိုးအစားအလိုက် ပေးလျော်ရမည့် တစ်ဧက အတည်ပြုဈေးနှုန်းကို အဆင့်ဆင့်စိစစ်ကာ နေပြည်တော်ကောင်စီသို့ တင်ပြသဘောထားမှတ်ချက်ရယူသွားမည်ဖြစ်ပါကြောင်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း စိစစ်အတည်

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေ မေးမြန်းစဉ်။ (သတင်းစဉ်)

ပြုပြီးပါက ရန်ပုံငွေတင်ပြတောင်းခံပေးလျော်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၏ **တပ်သိမ်းမြေများအနက် လုံခြုံရေးနှင့် လိုအပ်ချက်အရ တပ်မတော်မှ ပြန်လည်စွန့်လွှတ်ရန် မဖြစ်နိုင်သော လယ်ယာမြေများအတွက် စိုက်ပျိုးစရိတ်ချေးငွေရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်က တပ်ပိုင်မြေအတွင်း အခမဲ့စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုထားသူများအား မြေဝတီဘဏ်နှင့် အင်းဝဘဏ်တို့မှ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ပါကြောင်း။

ထိုသို့ ထုတ်ချေးရာတွင် စိုက်ပျိုးစရိတ် ချေးငွေရယူမည့် တောင်သူများ အနေဖြင့် သက်ဆိုင်ရာတပ်ရင်း/ တပ်ဖွဲ့၏ တပ်ပိုင်မြေအတွင်း အခမဲ့စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုပေးသည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်၊ သက်ဆိုင်ရာ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူး၏ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်နှင့်စိုက်ပျိုးစရိတ်ချေးငွေရယူမှုအတွက် အာမခံအဖြစ် ပိုင်ဆိုင်မှုတစ်ခုခု သို့မဟုတ် အာမခံထားရှိရန်အတွက် အခက်အခဲရှိပါက သက်ဆိုင်ရာတပ်ရင်း/တပ်ဖွဲ့မှ သတ်မှတ်ကာလအတွင်း ချေးငွေပြန်လည်ပေးဆပ်မည် ဖြစ်ကြောင်း ထောက်ခံချက် အထောက်အထားများဖြင့်တင်ပြဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အမျိုးသားလွှတ်တော်ဆွေးနွေးပွဲခန်းမတွင် ကြားနာခဲ့သည့်အစီအစဉ် video ကို ထုတ်လွှင့်ပြသခဲ့သည်။

(သတင်းစဉ်)

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ၊ နည်းပညာများနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် မတ် ၁၀

ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်သည် IDACA မှ Executive Director Mr. Masahiro Konno နှင့်အဖွဲ့အား ယနေ့မွန်းလွဲ(၁)နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ရေးရာဆောင် အမှတ်(I-1)၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပေါင်းကူးဆက်သွယ်ဆောင်ရွက်ပေးရမည့်ကဏ္ဍများ၊ စက်မှုလယ်ယာသုံးပစ္စည်းကိရိယာများနှင့် တောင်သူလယ်သမားများအား စက်မှုလယ်ယာ ကူးပြောင်း၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ၊ နည်းပညာများနှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် အတွင်းရေးမှူး ဦးအောင်သန့်၊ အဖွဲ့ဝင်များ ဖြစ်ကြသော ဦးသောင်းဟန်၊ ဦးတင်လှိုင်၊ ဦးညွှန့်လှိုင်၊ ဦးတင်ဌေးအောင်၊ ဦးမောင်မောင်စိုး(၁)၊ ဦးမောင်မောင်စိုး (၂)၊ ဦးကင်းစိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူးဦးကြည်သာ၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှု မရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်အတွင်းရေးမှူး ဦးသိန်းထွန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

အာဆီယံနှင့် ဆွေးနွေးပက်နိုင်ငံများနှင့် အိုင်တီယူတို့ အစည်းအဝေးများကျင်းပ

ရန်ကုန် မတ် ၁၀

TELSOM Joint Working Group Meeting and Related Meetings with Dialogue Partners and ITU အစည်းအဝေးများအား ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ် Grand Ballroom ၌ကျင်းပရာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှူးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်က တက်ရောက်အမှာစကားပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးများတွင် အာဆီယံဒေသတွင်း အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်နှင့် (၁၄) ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးအဆင့် အစည်းအဝေး 14th TELMIN မှ အတည်ပြုချမှတ်လိုက်သည့်လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများ၊ ဆောင်ရွက်ရန်ကိစ္စများနှင့် အသစ်ချမှတ်မည့် ၂၀၂၀ မျှော်မှန်းချက် (AIM 2020)တို့ကိုအကောင်အထည်ဖော်နိုင်ရေးတို့ကို ဆွေးနွေးကြမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများနှင့်အိုင်တီယူတို့မှကိုယ်စားလှယ် စုစုပေါင်း ၅၄ ဦး တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးများကို ၁၀-၃-၂၀၁၅ ရက်မှ ၁၂-၃-၂၀၁၅ ရက် အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွှတ်တော်သို့လာရောက်လေ့လာ

နေပြည်တော် မတ် ၁၀

ကချင်ပြည်နယ် ရွှေကူမြို့နယ် ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်အတွင်းရေးမှူး ဦးဇော်မင်းခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၈၅ ဦး၊ ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ခရိုင်ကော်မတီဝင် ဦးကျော်လှဦး ခေါင်းဆောင်သည့် မြို့နယ်ပါတီဝင်များနှင့် ပါတီဝင် ၅၂ ဦးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)၏ မိသားစုဝင်သုံးဦး စုစုပေါင်း ၁၄၀ တို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

မြန်မာနိုင်ငံတော်အစိုးရနှင့် ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်တို့ မူဘောင်သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအစိုးရနှင့် ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်တို့ မူဘောင်သဘောတူစာချုပ် လက်မှတ်ရေးထိုး

နေပြည်တော် မတ် ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ဥရောပရင်းနှီးမြှုပ်နှံမှုဘဏ်တို့အကြား မူဘောင်သဘောတူစာချုပ် (Framework Agreement) လက်မှတ်ရေးထိုးချုပ်ဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဥရောပ ရင်းနှီးမြှုပ်နှံမှုဘဏ်သည် မြန်မာနိုင်ငံ၏စီမံကိန်းများတွင် အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခု အနေဖြင့် ချေးငွေများထုတ်ချေးခြင်း၊ အာမခံပေးခြင်း၊ အစုရှယ်ယာများ အပါအဝင် အခြားငွေရေးကြေးရေးဆိုင်ရာ အထောက်အပံ့များ၊ နည်းပညာအထောက်အကူများနှင့် ငွေကြေးရန်ပုံငွေများအား စီမံခန့်ခွဲ လက်ဝယ်ထား သုံးစွဲခြင်းများကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပုဂ္ဂလိကကဏ္ဍသို့ တိုက်ရိုက် အထောက်အကူ ပေးမည်ဖြစ်ရာ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုစေနိုင်မည် ဖြစ်သည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် မတ် ၁၀

ပီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ H. E Madam Nguyen Thi Doan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၇နာရီ မိနစ် ၂၀ တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ပီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

သမဝါယမလုပ်ငန်းများ ပြည်သူများယုံကြည်ချက်ရှိလာအောင် တည်ဆောက်

နေပြည်တော် မတ် ၁၀

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မတ် ၈ ရက်က သမဝါယမတက္ကသိုလ် (သန်လျင်) ဥတ္တရခန်းမ၌ လည်းကောင်း၊ သန်လျင်မြို့နယ် ကုလားဝဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌လည်းကောင်း၊ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်မှ ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ မြို့နယ်အသင်းစုချုပ် ဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အခြေခံအသင်းအသီးသီးမှ အသင်းသားများနှင့် တွေ့ဆုံခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ဒေသခံပြည်သူများထံသို့ ဆိုက်ကား၊ အပ်ချုပ်စက်စသည့် စက်ပစ္စည်းများကို အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများ အနေဖြင့်စက်ပစ္စည်းများ အသုံးပြု၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကိုသိရှိနိုင်ရန် မြို့နယ်ဦးစီးမှူးများနှင့် အသင်းစုအမှုဆောင်များပူးပေါင်း၍ တိတိကျကျ စာရင်းကောက်ယူ တင်ပြကြရန် လိုကြောင်း၊ အသေးစားအရင်းနှီးချေးငွေနှင့်ပတ်သက်၍ လာမည့်မေလတွင် ငွေကျပ် တစ်သိန်းမှ ငါးသိန်းအထိ တိုးမြှင့်ထုတ်ချေးပေးရန် စီမံဆောင်ရွက်လျက်ရှိရာ ဦးစီးဌာနများနှင့် အသင်းအမှုဆောင်များ အနေဖြင့် မှန်မှန်ကန်ကန် စိစစ်ဆောင်ရွက်ကြရန်နှင့် အသင်းသားတိုင်းကို ထုတ်ချေးပေးရန် မဖြစ်နိုင်ကြောင်း။

အသေးစားအရင်းအနှီး ချေးငွေလုပ်ငန်း၊ လယ်ယာသုံး/လုပ်ငန်းသုံး စက်ကိရိယာများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းလုပ်ငန်း၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါ လုပ်ငန်း(၃)ရပ်သည် အခြေခံလူတန်းစားများအတွက် ဘဝအာမခံချက်ပေးနိုင်သည့် လုပ်ငန်းများဖြစ်သဖြင့် အလွန်အရေးကြီးပါကြောင်း ဖြင့်ပြောကြားသည်။

ယင်းနောက် သမဝါယမအသင်းများတွင် ရေးသွင်းထားရှိသော စာရင်းဇယား ရှစ်မျိုး၊ ရင်ငွေပြေစာဖိုင်၊ ပေးငွေပြေစာဖိုင်များ၊ စနစ်တကျ ရေးဆွဲထားရှိမှုနှင့် သမဝါယမတက္ကသိုလ် (သန်လျင်) စာကြည့်တိုက်ဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ တက္ကသိုလ်အတွင်းရှိ သဗ္ဗဇယ အောင်စေတီ အဝင်လမ်းဖောက်လုပ်ရန် လျာထားဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သန်လျင်မြို့နယ် ကုလားဝဲကျေးရွာသို့ သွားရောက်၍ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ သမဝါယမအသင်းသားများ၊ ရေလုပ်သားများနှင့်တွေ့ဆုံကာ ဝန်ကြီးဌာနက လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများ၏ မေးမြန်းတင်ပြမှုကို ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေး၍ ကျေးရွာသမဝါယမအသင်းတွင် ရေးသွင်းထားရှိသော စာရင်းဇယား ရှစ်မျိုးကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရဲလုပ်ငန်းခွင် သင်တန်းဖွင့်

မန္တလေး မတ် ၁၀

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ကကြီးမှူး၍ ရဲလုပ်ငန်းခွင် သင်တန်းအမှတ်စဉ် (၁/၂၀၁၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၉ ရက်က တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ ရဲသူရိန်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးကိုယ်စား ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသက်နိုင်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများတွင် တစ်နှစ်တာ တာဝန်ထမ်းဆောင်ပြီး မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့တာဝန် ချထားခြင်းခံရသည့် အရာရှိငယ် ၂၁ ဦးတက်ရောက်ကြပြီး သင်တန်းကို တစ်လကြာဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။ **တင်မောင်(မန္တလေး)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

မိုးကောင်း မတ် ၁၀

မိုးပွင့်(အထူး) စီမံချက်အရ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ထွန်း ဦးဆောင်သောဝန်ထမ်းများသည် မတ် ၇ ရက်က မရမ်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျေးရွာနေ နိုင်ငံသားအရည်အချင်းပြည့်မီသည့် အသက် ၁၀ နှစ်ပြည့်ပြီးသူ ၂၈ ဦး၊ အသက် ၁၈ နှစ် ပြည့်ပြီးသူ ၅၇ ဦးနှင့် ပျောက်ပျက်မိတ္တူ လျှောက်ထားသူ ၄၉ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝင်းအောင်**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း ကျပ် ဘီလီယံ ၂၀ ထုတ်ချေးမည်

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးရန် ပြည်တွင်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးလာရေး ကြိုးစားဆောင်ရွက်လျက်ရှိရာ အသေးစားနှင့် အလတ်စားလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်က ချေးငွေများ ထပ်မံထုတ်ချေးလျက်ရှိသည်။

ပြည်တွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အတွက် ၂၀၁၄ -၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ချေးငွေ ကျပ် ဘီလီယံ ၂၀ ထုတ်ချေးရန် သတ်မှတ်ထားခဲ့ရာ ကျပ်ငွေ ရှစ်ဘီလီယံကျော် ကုန်ထုတ်ချေးခဲ့ပြီးဖြစ်ကြောင်း၊ ကျန်ငွေများကို ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ကူညီနိုင်ရန် ရုံးခွဲပေါင်း ၅၀ ခန့်ဖွင့်လှစ်ထားခဲ့ပြီး ဒေသခံ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ကူညီမှုပေးလျက်ရှိသည်။ မြန်မာတစ်နိုင်ငံလုံးတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းပေါင်း ၁၂၀၀၀၀ ကျော် မှတ်ပုံတင်ထားကြောင်း သိရသည်။

လောလောဆယ်တွင် ချေးငွေများချေးယူရာတွင် ပိုင်ဆိုင်မှုအထောက်အထား ဂရန်ပြသနိုင်မှု မရှိခြင်းကြောင့် ငွေချေးရာတွင် အခက်အခဲရှိနေသည်။ အပေါင်ပစ္စည်းမပြနိုင်သည့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ချေးငွေအာမခံကို မြန်မာ့အာမခံလုပ်ငန်း၌ ဝယ်ယူပြီး ငွေချေးနိုင်မည်ဖြစ်သည်။

အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့လုပ်ငန်းလုပ်ကိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ထောက်ခံချက်နှင့်တကွ တင်ပြချေးငွေရယူရမည်ဖြစ်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ချေးငွေများဖြင့် အကောင်အထည် ဖော်နိုင်ရေး

သတင်း – ဇေယျဦး

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်က ကူညီပေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များအား ၂၀၁၃ ခုနှစ်ကလည်း ချေးငွေကျပ် ၁၀ ဘီလီယံကို လုပ်ငန်းရှင် ၆၂ ဦးအား ငွေချေးမှုများ ပြုလုပ်ပေးခဲ့သည်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ချေးငွေ ကျပ် ဘီလီယံ ၂၀ အထိ တိုးမြှင့်ထုတ်ချေးပေးသွားမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ပြင်ဦးလွင်တပ်မတော်ဆေးရုံသို့သွားရောက်လျှောက်ထားခြင်း

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် နာယကများ၊ စေတနာရှင်အလှူရှင်များအဖွဲ့သည် လောက်ကိုင်ဒေသ၌ နိုင်ငံတော်နှင့် ပြည်သူများအတွက် စွန့်လွှတ်စွန့်စားစိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလဲစိတ်ဓာတ်တို့ဖြင့် ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြရာမှ ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည့် တပ်မတော်သားများ တက်ရောက်ဆေးကုသခံယူရာ ပြင်ဦးလွင်တပ်မတော်ဆေးရုံ ခုတင် ၇၀၀ သို့ မတ် ၆ ရက်က သွားရောက်၍ အလှူငွေများပေးအပ်ပြီး တပ်မတော်သား တစ်ဦးချင်းစီသို့ ဂုဏ်ပြုအားပေးစကားပြောကြားခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် ပြင်ဦးလွင်မြို့ တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်မော်နှင့် ပြင်ဦးလွင်တပ်မတော်ဆေးရုံခုတင် ၇၀၀ မှတပ်မှူး ဗိုလ်မှူးကြီး မျိုးသန့်တို့က နှုတ်ခွန်းဆက်စကားနှင့်ကျေးဇူးတင်စကား ပြောကြားပေးပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်မြတ်မြတ်ဦးက လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ပြောကြားခဲ့သည်။

ထို့နောက် အလှူငွေများ ပေးအပ်ရာ နာယကဒေါ်ခင်သက်ဌေးက နိုင်ငံတော်အတွက်အသက်ပေးလှူသွားသော တပ်မတော်သားများ၏ ကျန်ရစ်သူမိသားစုများအတွက် ငွေကျပ်သိန်း ၁၀၀၊ လောက်ကိုင်ဒေသတွင် စစ်ဆင်ရေးတာဝန်နှင့် နယ်မြေအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် တာဝန်ထမ်းဆောင်နေသော တပ်မတော်သားများအတွက် ငွေကျပ် ၇၅ သိန်း၊ ထိခိုက်ဒဏ်ရာရတပ်မတော်သားများအတွက် ငွေကျပ်သိန်း ၁၅၀ ကိုပေးအပ်ရာ ဗိုလ်မှူးချုပ်မြင့်မော်နှင့် ဗိုလ်မှူးကြီး မျိုးသန့်တို့က လက်ခံယူပေးခဲ့သည်။

(အောက်ဝဲပုံ)

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ခင်အေးနွယ်က ပြင်ဦးလွင်တပ်မတော်ဆေးရုံ၌ တပ်မတော်သားများအား စေတနာအပြည့်အဝဖြင့် နေ့ညဆေးဝါးကုသပြုစုစောင့်ရှောက်ပေးနေသော ဆရာဝန်နှင့် သူနာပြု ၃၀၅ ဦးတို့အား အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့သည်။

ထို့နောက် ထိခိုက်ဒဏ်ရာရ တပ်မတော်သား တစ်ဦးချင်းစီသို့ လိုက်လံနှုတ်ဆက်ဂုဏ်ပြုအားပေးစကားပြောကြားပြီး တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀၀ နှင့် ကျပ် ၅၀၀၀၀ တန်ဖိုးရှိ ဆေးဝါး၊ အစားအသောက်၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့အပြင် ဆေးရုံ၌တက်ရောက်ဆေးကုသမှုခံယူနေသော လူနာ ၅၀၀ တို့ကို တစ်နေ့စာကျွေးမွေးလျှောဒါန်းခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ပြင်ဦးလွင် တပ်မတော်ဆေးရုံသို့ လျှောဒါန်းမှုမှာ ငွေကျပ် ၄၈၅ သိန်းဖြစ်ကြောင်း သိရသည်။ **တင်ဝင်းလေး**

ဂေါက်သီးရိုက်အသင်းပြည်ပထွက်ခွာ

ရန်ကုန် မတ် ၁၀

မတ် ၁၁ ရက်မှ ၁၄ ရက်အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ Kurmitola Golf Club, Dhaka မြို့၌ ကျင်းပမည့် "30th Bangladesh Amateur Golf Championship 2015" ဂေါက်သီးရိုက်ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအမျိုးသား ဂေါက်သီးရိုက်အသင်းသည် မတ် ၉ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားသည်။ မြန်မာအမျိုးသား ဂေါက်သီးရိုက်အသင်းတွင် ကစားသမားများဖြစ်ကြသော မောင်မောင်ဦး၊ ကျော်သက်ဦးတို့လိုက်ပါ သွားကြသည်။ **(မြန်မာ့အလင်း)**

တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား/သူများနှင့် ဒဏ်ရာရအရာရှိစစ်သည်များအား ကြည့်ရှုအားပေး

ကွမ်းလုံ မတ် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်၊ ချင်းရွှေဟော်မြို့နယ်များမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများသည် ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာ ရတနာဒီပသာသနာပြု ကျောင်းတိုက်နှင့်ဥဏှသိပ္ပံရပ်ကွက် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်းတိုက်တို့တွင်ရောက်ရှိနေပြီး အဆိုပါ ကျောင်းသား ကျောင်းသူများကို ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ မြို့နယ်ပညာရေးမှူး ဒေါ်ငွေအေးတို့က မတ် ၁၀ ရက် နံနက် စနာရီက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားခဲ့သည်။

ထို့နောက် လူမှုရေးဝန်ကြီးသည် ရတနာဒီပသာသနာပြုကျောင်းတိုက် ဆရာတော်နှင့် သာသနာပြု(ဗဟို) ကျောင်းတိုက်ဆရာတော်တို့အား အလှူငွေများ လှူဒါန်းခဲ့ပြီး ကွမ်းလုံအထကကျောင်း၌ တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုမည့် စာဖြေဌာနအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ လူမှုရေးဝန်ကြီးသည် ကွမ်းလုံမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသော ဒဏ်ရာရအရာရှိ၊ စစ်သည်လူနာများအား ကြည့်ရှုအားပေးစကားပြောကြားခဲ့ပြီး အလှူငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

☆ ရှေ့ဖုံးမှ

လက်နက်ကြီး ပစ်ကူရယူပိုင်းပတ်ပိတ်ဆို့တိုက်ခိုက်ချေမှုန်းခဲ့ရာ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီး ၎င်းပတ်ဝန်းကျင်တစ်ပိုက်အား စိုးမိုးထားသည့် သောင်းကျန်းသူအခြေပြု တောင်ကုန်းအချို့အား သိမ်းပိုက်ရရှိခဲ့သည်။ ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက ၎င်းပတ်ဝန်းကျင်တစ်ပိုက် နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အထက်ပါတိုက်ပွဲဖြစ်စဉ်များတွင် တပ်မတော်မှ စစ်သည်နှစ်ဦး တိုင်းပြည်အတွက် အသက်ပေးလျှောခဲ့ပြီး ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရစစ်သည်များအား တပ်မတော်ဆေးရုံများသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံခြားခရီးသွားလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက် ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ ကြော်ငြာနှုန်းထားများ လျှော့ချဝန်ဆောင်မှုပေးမည်

မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်၍ ရောင်စုံသတင်းစာ ၃၂ မျက်နှာအဖြစ် ပြောင်းလဲထုတ်ဝေခဲ့ပြီးနောက် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ သုတရသဆိုင်ရာ စာအုပ်ကြော်ငြာများ၊ ဌာနဆိုင်ရာကြော်ငြာများ၊ လူမှုရေးကြော်ငြာများ၊ စီးပွားရေးကြော်ငြာများအပေါ် ကြော်ငြာခနှုန်းထားများကို လျှော့ချဝန်ဆောင်မှုပေးခဲ့ပါသည်။

ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာမှုအရလည်းကောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက်လည်းကောင်း နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ကုန်အမှတ်တံဆိပ်ကြော်ငြာနှင့် မူပိုင်ခွင့်ကြော်ငြာ၊ ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသားပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများကိုလည်း ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ အောက်ပါအတိုင်း ပြောင်းလဲလျှော့ချဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

စဉ်	ကြော်ငြာအမျိုးအစား	ရောင်စုံကြော်ငြာ		အဖြူ/အမည်း	
		လက်ရှိနှုန်းထား ၁"×၁ ကော်လံ	လျှော့ချမည့်နှုန်းထား ၁"×၁ ကော်လံ	လက်ရှိနှုန်းထား ၁"×၁ ကော်လံ	လျှော့ချမည့်နှုန်းထား ၁"×၁ ကော်လံ
၁။	နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ပြည်ပလေကြောင်းလိုင်းကြော်ငြာ၊ ပြည်ပဟိုတယ်ကြော်ငြာ	USD 50	၃၀၀၀၀/-	USD 50	၃၀၀၀၀/-
၂။	ကုန်အမှတ်တံဆိပ်/မူပိုင်ခွင့်နှင့်ပတ်သက်သော ကြော်ငြာ	USD 100	၅၀၀၀၀/-	USD 100	၅၀၀၀၀/-
၃။	ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသားပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများ	၂၀၀၀၀/-	၁၅၀၀၀/-	၁၇၀၀၀/-	၁၃၀၀၀/-

ပြည်တွင်းသတင်း

လက်ပံတန်းတွင် ဆန္ဒပြမှုအား ဥပဒေနှင့်အညီ ရှင်းလင်းထိန်းသိမ်း

လက်ပံတန်းမြို့တွင် ဆန္ဒပြအဖွဲ့များက အတားအဆီးများချထားမှုကို ဖယ်ရှားဖျက်ဆီးခြင်း၊ ရဲတပ်ဖွဲ့ဝင်များ တားဆီးထားသောနေရာကို ထိုးဖောက်ဝင်ရောက်ခြင်း ရဲတပ်ဖွဲ့ဝင်များအား ခဲများဖြင့် ပစ်ပေါက်ခြင်းများ ပြုလုပ်လာသဖြင့် ရဲတပ်ဖွဲ့က ဥပဒေနှင့်အညီ ရှင်းလင်းလူစုခွဲစဉ်။
(သတင်း-ကျော)

(သတင်းစဉ်)

ရဲတပ်ဖွဲ့ဝင်များက ဆန္ဒပြသူများအား ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းစဉ်။(ယာပုံ)

(သတင်းစဉ်)

ပြည်တွင်းသတင်း

ရန်ကုန်မြို့ လှည်းတန်းလမ်းဆုံအနီးတွင် ဒီမိုကရေစီပညာရေးအတွက် လမ်းလျှောက်ဆန္ဒဖော်ထုတ်

ရန်ကုန် မတ် ၁၀

ဒီမိုကရေစီပညာရေး ပင်မ သပိတ်စစ်ကြောင်းစာတန်းနှင့် အလံများ ကိုင်ဆောင်ထားသည့် အင်အား ၆၀ ခန့်ရှိသော ဆန္ဒပြအဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ရန်ကုန်မြို့ လှည်းတန်းစျေးရှေ့မှ စတင်၍ ခွင့်ပြုချက်ရယူခြင်း မရှိဘဲ လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့သည်။

ဓာတ်ပုံ- ဇေယာ်ဟိန်းထက်(ဧရာဝတီ)

ရန်ကုန်မြို့ လှည်းတန်းလမ်းဆုံအနီး လမ်းလျှောက်ဆန္ဒဖော်ထုတ်နေသူများကို တွေ့ရစဉ်။

အဆိုပါ ဆန္ဒပြအဖွဲ့သည် လှည်းတန်းစျေးရှေ့မှ ပြည်လမ်း စိုက်ပျိုးရေးမှတ်တိုင်အထိ ကြွေးကြော်သံများဖြင့် လမ်းလျှောက်ဆန္ဒပြကြရာ တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးထိန်းသိမ်းမှုကြောင့် ညနေ ၃ နာရီခန့်တွင် လူစုကွဲသွားကြောင်း သိရသည်။

(သတင်းစဉ်)

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ ဖိတ်ခေါ်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့(၁၈)ကြိမ်မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့်ကွန်ပျူတာ ပန်းချီပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့်လက်ရာများ ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ မျှော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ။ မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ (A message of hope;drug use disorders are preventable and treatable)၊ မူးယစ်နွံတွင်းကျွံ၍ ဆင်းသေမင်းအမြန်ခေါ်လိမ့်မည်၊ စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍမြှင့်တင်ပေး မူးယစ်ဆေးကို ရှောင်ပါမနေ၊ ဝန်းကျင်လှပသာယာဖို့ ဆေးစွဲသူကို ဝိုင်းကူစို့ နှင့် မူးယစ်အန္တရာယ် လူရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်တို့ ဖြစ်သည်။

ဝတ္ထုတိုနှင့်ဆောင်းပါးစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့်မိတ္တူပေါင်း နှစ်စောင် ပေးပို့ရမည်။ (စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။)

ကဗျာစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့်မိတ္တူပေါင်းနှစ်စောင် ပေးပို့ရမည်။ စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀ (ပါဒ ၁၀၀ မှ ၂၀၀ အတွင်းရှိရမည်။

တေးသီချင်းသည် တစ်ဦးချင်းသို့မဟုတ် အဖွဲ့နှင့်သီဆိုနိုင်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ်သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ်ထိရောက်ရမည်။ အပြီးသတ်အချောသွင်းထားသောသီချင်း CD Master နှင့်အတူ စာသားကို ကွန်ပျူတာ သို့မဟုတ် လက်နှိပ်စက်ဖြင့် ရေးသားပြီး မူရင်းတစ်စောင်ကို ဂီတသင်္ကေတမူရင်း တစ်စောင်နှင့်အတူ ပေးပို့ရမည်။

ဓာတ်ပုံသည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် Monochrome ဖြစ်ပြီး ရွေးချယ်ထားသည့်ဆောင်ပုဒ်နှင့်လျော်ညီစွာ ရိုက်ကူးထားသော ပုံသေး သုံးပုံမှ ငါးပုံအထိ ထည့်သွင်းပေးပို့ရမည်။အဆိုပါ ပုံငယ်များ၏ Original Files များနှင့် (၁၂× ၁၈)လက်မ အရွယ်ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။

ကွန်ပျူတာပိုစတာသည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသင်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား (၇ × ၉)လက်မ အရွယ် A_4 Size စက္ကူနှင့်ပုံထုတ်ပြီး CD ဖြင့် ကူးယူပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသော ပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဟူ၍ သုံးဆင့်ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (၃/၄တန်း)၊ အလယ်တန်းအဆင့် (၅/၆/၇တန်း)နှင့် အထက်တန်း အဆင့် (၈/၉/၁၀ တန်း) ဖြစ်ပါသည်။ ရေးဆွဲမည့် စက္ကူယူလာရန်မလိုပါ။ (၁၅×၂၀)လက်မ အရွယ် ရေးဆွဲရမည်။ ခဲတံဖြင့်ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကိုယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာရေးဆွဲချိန် သုံးနာရီ၊ ကာတွန်းရေးဆွဲချိန် နှစ်နာရီသတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

ကွန်ပျူတာပန်းချီပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (၅/၆/၇တန်း) နှင့် အထက်တန်းအဆင့်(၈/၉/၁၀တန်း) ဖြစ်ပါသည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသောပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသောပုံမပါစေရ။ Software Programme ကို Corel draw, Photoshop, Claris office ကြိုက်ရာ တစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်ပါသည်။ ရေးဆွဲချိန် သုံးနာရီ သတ်မှတ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား A_4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် Jpeg Format ဖြင့် ပုံကိုသိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူတစ်စောင်၊ တေးသီချင်းပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုဒ်၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုံ ယှဉ်ပြိုင်ခွင့်ရှိသည်။

ဓာတ်ပုံပြိုင်ပွဲဝင်တစ်ဦးလျှင် (၁၂ × ၁၈) လက်မအရွယ် Photo Essay လေးပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏အကြောင်းအရာ Caption ကို စာကြောင်းရေ ငါးကြောင်းခန့်ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် နှစ်သိမ့် ဆုနှစ်ဆုခံစားခွင့်ရှိသည်။

ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ပြိုင်ပွဲဝင်မျှားသည် အတန်း အထောက်အထားအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ပွဲများမှတစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ ပြည်နယ်များမှ သင့်လျော်သည့်နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်း မရှိကြောင်း ဝန်ခံချက်ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင် စာမူများနှင့်လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာ ဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန် ဖုန်း-၀၁-၅၀၅၂၆ ဖြစ်ပါသည်။

ပြိုင်ပွဲဝင်စာမူနှင့်လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ တေးသီချင်း ၄-၅-၂၀၁၅ ရက်နေ့၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ၁၃-၅-၂၀၁၅ ရက်နေ့၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ ၂-၆-၂၀၁၅ ရက်နေ့၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ၈-၆-၂၀၁၅ ရက်နေ့။

ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုသုံးဆု ရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။ အလွတ်တန်းပြိုင်ပွဲများမှ ပထမဆုရရှိသူ ခြောက်ဦးကို နေပြည်တော်တွင် ဆုချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည် မဟုတ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာ ယူ-၂၂ အသင်း ဂျပန်တွင် လေ့ကျင့်လျက်ရှိ

ဖိုးသော်ဇင်

အာရှ ယူ-၂၃ ခြေစစ်ပွဲဝင်မည့် မြန်မာ ယူ-၂၂ အသင်းသည် ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် မတ် ၉ ရက်မှစ၍ ဂျပန်နိုင်ငံတွင် လေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိသည်။ မြန်မာယူ -၂၂ အသင်းသည် ဂျပန်ခရီးစဉ်တွင် ခြေစမ်းပွဲအဖြစ် အာရှ ယူ-၂၃ ခြေစစ်ပွဲဝင်မည့် ဂျပန်ယူ-၂၂ အသင်းနှင့် မတ် ၁၁ ရက် (ယနေ့) မြန်မာစံတော်ချိန် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ဂျပန်နိုင်ငံ၌ ခြေစမ်းကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းမှာ အာရှ ခြေစစ်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် လေ့ကျင့်နေခြင်းဖြစ်ပြီး ဂျပန်နှင့် ခြေစမ်းပွဲပြီးပါက ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာမည် ဖြစ်သည်။ မြန်မာ ယူ-၂၂ အသင်းသည် ထိုင်းခရီးစဉ်တွင် မတ် ၁၆ ရက်တွင် လာအို ယူ-၂၂ အသင်း၊ မတ် ၁၈ ရက်တွင် ထိုင်း ယူ-၂၂ အသင်းတို့နှင့် ခြေစမ်းကစားမည်ဖြစ်သည်။

ခြေစမ်းပွဲများ သွားရောက်ကစားနေသည့် မြန်မာယူ-၂၂ အသင်းတွင် အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဦးကြည်လွင်၊ လက်ထောက်နည်းပြ ဦးကျော်လွင်နှင့် ဦးမြင့်ကို၊ **ဂိုး-နည်းပြ** ဦးအောင်သက်၊ ကစားသမားများအဖြစ် **ဂိုး-**ကျော်ဇင်ဖြိုး၊ ဇော်ဇော်နိုင်၊ ရန်အောင်လင်း၊ **နောက်တန်း-**စည်သူအောင်၊ ကျော်ဇင်လင်း၊ ဇော်ဝင်း၊ ထန်တလန်၊ ကိုကိုဟိန်း၊ ဇော်ရဲထွန်း၊ ဖြိုးကိုကိုသိန်း၊ ဟိန်းသီဟဇော်၊ **အလယ်တန်း-**နေလင်းထွန်း၊ ချစ်စုမိုး၊ လှိုင်းဘိုဘို၊ အောင်ရွှီးသာမောင်၊ ရဲကိုဦး၊ ဇွန်မိုးအောင်၊ မျိုးမင်းဇော်၊ ကောင်းဆက်နိုင်၊ သီဟဇော်၊ **ရှေ့တန်း-**ဒွေးကိုကိုချစ်၊ ရှိုင်းသူရနှင့် သန်းထက်အောင်တို့ ပါဝင်ကြသည်။

ပြည်တွင်းသတင်း

စစ်ကိုင်းတိုင်းဒေသကြီး ဘာသာပေါင်းစုချစ်ကြည်ညီညွတ်ရေးအဖွဲ့ တွေ့ဆုံပွဲကျင်းပ

မုံရွာ မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ တွေ့ဆုံပွဲနှင့် အလှူငွေပေးအပ်ပွဲကို မတ် ၅ ရက်က ကျင်းပရာ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးဦးတင်ဝင်း၊ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးဖွဲ့(ဗဟို) ကော်မတီဝင် ဦးဟန်တင်၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ လောက်ကိုင်ဒေသတိုက်ပွဲများတွင် ကျဆုံးခဲ့သည့်စစ်သည်များ၏ မိသားစုဝင်များနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးက လက်ခံယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီးက အမှာစကားပြောကြားရာတွင် "ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်မှသာ နိုင်ငံတော်၏ စီးပွားရေးတိုးတက်ပြီး နိုင်ငံရေး တည်ငြိမ်လာမည် ဖြစ်ပါကြောင်း၊ ဘာသာကြီးလေးမျိုးမှ မိမိဘာသာ၏ ကောင်းမွန်သည့် အဆုံးအမများကို လိုက်နာကျင့်သုံးလျှင် ဘာသာရေး ပဋိပက္ခများ မဖြစ်ပေါ်နိုင်တော့ကြောင်း၊ တစ်ဦး၏ဘာသာအကြောင်းကို အခြားဘာသာများမှ မလေ့လာ၊ မသိရှိခြင်းကြောင့်သာ ပဋိပက္ခအသွင်များဖြစ်ပေါ်နေရခြင်းဖြစ်ပါကြောင်း၊ ဘာသာပေါင်းစုံ တစ်ဦးနှင့်တစ်ဦး နားလည်မှုသဘောပေါက်မှု၊ ယုံကြည်မှုရှိမှသာလျှင် တိုင်းပြည်အေးချမ်းသာယာပြီး လူမျိုးရေးပဋိပက္ခများ ကင်းဝေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဘာသာပေါင်းစုံ တွေ့ဆုံပွဲ ကျင်းပခြင်းနှင့်ပတ်သက်ပြီး "လူသားချင်းစာနာဖို့၊ သဘာဝဘေးအန္တရာယ်နဲ့စစ်ဘေးဒဏ်တွေကြောင့် ဆင်းရဲဒုက္ခရောက်နေကြတဲ့သူတွေကို အကူအညီပေးနိုင်ဖို့ ငွေကြေးချို့တဲ့သူတွေကို ကူညီထောက်ပံ့ကြဖို့အတွက်ပါ။ ပဋိပက္ခအပေါင်းကို ဘာသာကြီးလေးခုက တာဝန်ရှိသူတွေ ဝိုင်းဝန်းဖြေရှင်းနိုင်ဖို့အတွက် အခုလိုတွေ့ဆုံကြတာပါ"ဟု ခရစ်ယာန်ဘာသာ ကိုယ်စားလှယ် ဦးလှမျိုးက ပြောကြားခဲ့ကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

တိုက်ကြီးမြို့နယ်နှင့် ဥက္ကံမြို့တို့တွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်

ရန်ကုန် မတ် ၁၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် ယနေ့ နံနက် ၁၀နာရီခွဲက မြို့ပေါ်ရပ်ကွက်များမှ ပြည်သူလူထုအင်အား ၅၀၀ ခန့်က နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

ဆန္ဒဖော်ထုတ်မှုကို တိုက်ကြီးမြို့နယ် မြို့နယ်ခန်းမမှ စုရပ်ထားပြီး ရန်ကုန် ပြည်လမ်းအတိုင်း ဂျိုးဖြူအားကစားကွင်းအထိ ဆန္ဒဖော်ထုတ်ခဲ့သည်။

ဆန္ဒဖော်ထုတ်ပွဲတွင် ပါဝင်သည့် ကျောင်းသားမိဘ တစ်ဦးဖြစ်သူ ဒေါ်တင်ဝင်းက "အမျိုးသားပညာရေးဥပဒေနဲ့ ပတ်သက်ပြီး နိုင်ငံတော်အဆင့်ကလည်း ဆွေးနွေးညှိနှိုင်းမှုတွေ ဆောင်ရွက်ပေးနေတယ်။ ကျောင်းသားတွေ တောင်းဆိုတာကို တတ်နိုင်သလောက် လိုက်လျောပေးနေတယ်။ ဥပဒေဆိုတာ ချက်ချင်းပြင်လို့မရဘူး။ ဆင့်ကဲဆင့်ကဲပြင်မှရမယ်။ အဲဒါကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြစ်စေချင်တယ်။ အခုဆိုရင် တက္ကသိုလ်ဝင် စာမေးပွဲတွေက မနက်ဖန်ဆိုဖြေရတော့မယ်။ ကျောင်းသားမိဘတွေအနေနဲ့ ဒါကိုစိုးရိမ်တာ။ လက်ရှိ ပညာသင်ကြားနေတဲ့ ကလေးတွေ စာမေးပွဲဖြေတော့မယ် ဆိုတော့ ဒီအသံတွေကြားရင် သူတို့ ရည်မှန်းချက်လျော့သွားမှာ စိုးရိမ်တယ်။ ဆူပူမှုတွေဖြစ်မှာ မလိုချင်ဘူး။ ဆူပူအကြမ်းဖက်မှုတွေ ဖြစ်လာရင် လက်ရှိ စာမေးပွဲဖြေမယ့် ကလေးတွေအတွက် အနှောင့်အယှက်ဖြစ်တယ်။ တိုင်းပြည်အတွက်လည်း မကောင်းဘူး။ ဒါကြောင့် အေးအေးချမ်းချမ်းနဲ့ ညှိနှိုင်းပြီးအဖြေရှာပြီး ဆောင်ရွက်စေချင်တယ်။ ဒါကြောင့် ပြည်သူတွေရဲ့ဆန္ဒအမှန်ကို ဖော်ထုတ်တာပါ"ဟု ပြောသည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် ဥပဒေနှင့်အညီ ခွင့်ပြုချက်ရယူ ဆန္ဒဖော်ထုတ်ခြင်းဖြစ်ကြောင်း အုပ်ပုံစုရပ်ကွက်မှ ရပ်မိရပ်ဖ ဦးဝင်းထိန်က ပြောသည်။

ဆန္ဒဖော်ထုတ်ပွဲတွင် ပါဝင်သောသူများက "တည်ငြိမ်အေးချမ်းရေးကိုလိုလားသည်" "တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး" "ဆူပူမှုကိုအလိုမရှိ" "စာမေးပွဲဖြေဆိုချိန် ဆူပူမှုအားလုံးအလိုမရှိ" "ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာသင့်သည်" စသဖြင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်သည့် လက်ကိုင်ဆိုင်းဘုတ်များ၊ ပိုစတာများ ကိုင်ဆောင်၍ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဥက္ကံမြို့တွင်လည်း ယနေ့နံနက် ၁၀ နာရီတွင် ဥက္ကံမြို့ခန်းမမှ စတင်ပြီး ဘောလုံး အားကစားကွင်းအထိ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူလူထုအင်အား ၅၀၀ ဖြင့် တရားဝင်ခွင့်ပြုချက် ရယူ ဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ-နေလင်း

မှန်လုံယာဉ် တိမ်းမှောက်

ငဖဲ မတ် ၁၀

မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် မတ် ၉ ရက် ည ၉ နာရီခွဲခန့်က စစ်တွေမှ မန္တလေးသို့ ခရီးသည် ၄၃ ဦး တင်ဆောင်မောင်းနှင်လာသည့် နန်းတော်ဝင်ယာဉ်လိုင်း ယာဉ်အမှတ် 9B/------FUSO အမျိုးအစား မှန်လုံယာဉ်သည် ငဖဲမြို့နယ် စပ်စီကျေးရွာ အုပ်စု မင်းဘူး- အမ်းလမ်းပိုင်း (နတ်ရေကန်ရှောင်ကွင်း) မိုင်တိုင်အမှတ် (၄/၁)အနီး ကုန်းအဆင်းတွင် အရှိန်မထိန်းနိုင်သဖြင့် လမ်းညာဘက်ရှိ ပေ ၁၅၀ ခန့် နက်သောချောက်ထဲသို့ ထိုးကျတိမ်မှောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ ယာဉ်တိမ်မှောက်မှုကြောင့် ဦးဘခိုင် (၅၀ နှစ်) (ယာဉ်မောင်း)၊ မန္တလေးမြို့သစ် ဦးရဲထိုက် (ခ)ကုလား (၂၅နှစ်) (ယာဉ်နောက်လိုက်)နှင့် ဦးစန္ဒာဘာသ သက်တော် ၅၀၊ ဝါတော် ၃၂ ဝက်မကျကျေးရွာ ပေါက်တောမြို့နေသူ သုံးဦးတို့ သေဆုံးသွားခဲ့ပြီး စုစုပေါင်း ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀/၂၆၇၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၁/၄၆၇၅၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)

တစ်ဦးတည်းဖြစ်ပါကြောင်း

မန်စီမြို့၊ ပြင်ဦးလွင်ရပ်ကွက်နေ ဦးသက်နိုင်လွင် ၉/ကပတ(နိုင်)၁၉၀၁၇၅၏သား မောင်ဇွဲခနှင့် မောင်ဇေယျသန့်ဇင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

အမည်ပြောင်း မန်စီမြို့၊ ပြင်ဦးလွင်ရပ်ကွက်နေ ဦးလှဂျာ ၁/မစန(နိုင်)၀၃၀၃၅၅၏ သား မောင်ဆန်းဒေးမျိုးလီအား ယနေ့မှစ၍ မောင်ဇိုင်းလတ်စာမ်ရောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဇိုင်းလတ်စာမ်ရောင်**



ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၇/စဂ၆ဖ၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၃-၂၀၁၅ရက်ထုတ် ဤသတင်းစာစာမျက်နှာ (၂၅)ပါ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ကြော်ငြာအမှတ်စဉ်(၄)တွင် တင်ဒါဖွင့်လှစ်မည့်အချိန် ၁၃-၂-၂၀၁၅ရက် မွန်းလွဲ ၂နာရီအစား ၁၃-၃-၂၀၁၅ရက် မွန်းလွဲ ၂နာရီဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၃၊ မြေကွက်အမှတ် ၁၃၀ မြေကွက်ရရှိထားသူ ဒေါ်တင်စိန် ၁၂/မဂဒ(နိုင်) ၀၄၇၇၀၁၈ မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်း မရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ (၇)**
မြို့ရွာနှင့် အိုးအိမ်မဲ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၂၃၊ မြေကွက်အမှတ် ၁၄၉ မြေကွက်ရရှိထားသူ ဦးခင်ဇော် ၁၂/ဥကမ(နိုင်)၀၈၆၂၃၃ က မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ (၇)**
မြို့ရွာနှင့် အိုးအိမ်မဲ့ဖြိုးရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး
(ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း၊ မြောက်ပိုင်း)မှ ၂၀၁၅-၂၀၁၆ ခုနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သော-

(က) ၁၁ကေဗီလိုင်းများ၊ ၄၀၀ ဗို့လိုင်းများနှင့် ၁၁/၀ ဒသမ ၄ ကေဗီဓာတ်အားခွဲရုံငယ်များ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ

(ခ) ၁၁ကေဗီနှင့် ၄၀၀ ဗို့ဓာတ်အားလိုင်းဟောင်းများအား (တိုင်/တန်း/ကြိုး/ကြွေသီးများ) လဲလှယ်ခြင်းလုပ်ငန်းများအား TURN KEY (ပုတ်ပြတ်)စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၃-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၃-၄-၂၀၁၅ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆:၃၀ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ဖုန်း-၀၈၁-၂၀၁၉၀၆
ရှမ်းပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ဖုန်း-၀၈၁-၂၀၅၈၄၈၊
၀၈၁-၂၁၂၁၈၆၊ ၀၈၁-၂၀၅၈၄၄၊ ၀၈၁-၂၀၅၈၄၉

တင်ဒါခေါ်ယူရေးအဖွဲ့
ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး

ပျောက်ဆုံးကြောင်း

ကျွန်တော် ကျိုချောက်ရိမ်(ခ)မောင်စည်သူဇော် ၉/ခအဇ(ဧည့်)၀၀၀၃၅၈ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၂၁၂၃၁၈၂

ပျောက်ဆုံးကြောင်း

ကျွန်တော်ကျိုချောက်ရှယ်(ခ)မောင်ထွန်းနေလင်း ၉/ခအဇ(ဧည့်)၀၀၀၃၅၈ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၂၁၂၃၁၈၂

ပြည်တွင်းသတင်း

❖ *ကျောဖုံးမှ*

ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ခြေစစ်ပွဲပထမအဆင့်မှ ထွက်ခဲ့ရသည်။

မြန်မာအမျိုးသမီးအသင်းသည် အိုလံပစ်ခြေစစ်ပွဲယှဉ်ပြိုင်ရန်အတွက် ကာလရှည် လေ့ကျင့်ထားခြင်းဖြစ်ပြီး ကစားသမားစုဖွဲ့မှုမှာလည်း နှစ်ကာလရှည်နေပြီဖြစ်၍ အတောင့်တင်းဆုံးပုံစံဖြင့် ယှဉ်ပြိုင်နိုင်စွမ်းရှိနေသည်။ ခြေစစ်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်လျက်ရှိပြီး ၄င်း ပထမဆုံးကိုင်တွယ်ခဲ့သည့်ပွဲတွင် ဗီယက်နမ်ကလပ်ဟာနန်းအသင်းကို ၈း၀ိုး-တစ်ဝိုးဖြင့်အနိုင်ရရှိခဲ့သည်။ ဒေါ်သက်သင်ဝင်းသည် နည်းပြချုပ်အဖြစ် နိုင်ငံတကာပြိုင်ပွဲ ယှဉ်ပြိုင်ဖူးခြင်းမရှိသော်လည်း ယခင်နည်းပြဟောင်း ကူမာဒါနှင့်ကာလရှည် လက်တွဲခဲ့ဖူးသူဖြစ်၍ အခက်အခဲမရှိနိုင်သကဲ့သို့ နိုင်ငံ့ဂုဏ်ဆောင်ဘောလုံးသမားဟောင်း ဦးအေးမောင်ကြီးကလည်း နည်းစနစ်အကြံပေးအဖြစ် ဆောင်ရွက်နေရာ ပထမအဆင့်ကို ကျော်ဖြတ်နိုင်ဖွယ်ရှိနေသည်။

ခြေစစ်ပွဲဝင်မည့် မြန်မာအမျိုးသမီးအသင်းတွင် အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်မြတ်ဦး၊ နည်းစနစ်အကြံပေးအဖြစ် ဦးအေးမောင်ကြီး၊ နည်းပြချုပ်အဖြစ် ဒေါ်သက်သင်ဝင်း၊ လက်ထောက်နည်းပြအဖြစ် ဒေါ်စန်းစန်းသိန်း၊ ဂိုးနည်းပြအဖြစ် ဦးကိုကိုအောင်၊ ကစားသမားများအဖြစ် **ဂိုးသမား**-မြဖူးဝုံ၊ ခင်သီတာအေး၊ သန္တာဦး၊ **နောက်တန်း**-ခင်သန်းဝေ၊ ဇင်မာဝင်း၊ ဝေဝေအောင်၊ ဖူးပွင့်လှိုင်၊ နန်းကြေးမုံ၊ ငယ်ငယ်ထွေး၊ ဇာခြည်ဦး၊ အေးအေးမိုး၊ **အလယ်တန်း**-စန်းစန်းမော်၊ သန်းသန်းထွေး၊ ခင်မိုး၊ ဗေနော်အားလိုပါးဖော၊ ရူပါနိုင်၊ မေစံပယ်ဖူး၊ လဲ့လဲ့လှိုင်၊ **ရှေ့တန်း**-ရီရီဦး၊ ခင်မာလာထွန်း၊ ဝင်းသီဏိထွန်း၊ မေသူကျော်နှင့် လှယဉ်ဝင်းတို့ပါဝင်ကြသည်။ ခြေစစ်ပွဲများကို ညနေ ၅ နာရီတွင်ကျင်းပမည်ဖြစ်ပြီး အထူးတန်းကျပ်သုံးထောင်၊ ရိုးရိုးတန်းကျပ် နှစ်ထောင်သတ်မှတ်ထားသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းယာဉ်တိုက်မှုကြောင့် ပျံလွန်ခဲ့သော သံယာများနှင့် ဒဏ်ရာရသူများအား ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် မတ် ၁၀

မတ် ၉ ရက်က ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၄၁/၁ နှင့် ၂၄၁/၂ ကြားရှိ မန်ရွှေမြို့တော်ခရီးသည်တင်ယာဉ်နှင့် လိုက်ထရပ်ယာဉ်တို့ မတော်တဆဖြစ်ပွားမှုတွင် ပျံလွန်တော်မူခဲ့သော သံယာတော် ၈းပါးနှင့် ဒဏ်ရာရသူများကို ယနေ့ညနေ ၃ နာရီခွဲခန့်က နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးရှိ ထောက်ပံ့ငွေများပေးအပ်သည်။

ရန်ကုန်တိုင်းဒေသကြီး အောင်မင်္ဂလာအဝေးပြေးယာဉ်လိုင်းပိုင်ရှင်များနှင့် ယာဉ်ပိုင်ရှင်များအဖွဲ့က သေဆုံးသူတစ်ဦးကို ငွေကျပ် ၁၀ သိန်းဖြင့် ၈း၃ဦးအတွက် ငွေကျပ်သိန်း ၅၀၊ အခြားဒဏ်ရာရရှိသူ ၁၉ ဦးအတွက် တစ်ဦးလျှင် ကျပ် ၈းသောင်းဖြင့် ထောက်ပံ့လျှုဒါန်းပြီး မန္တလေးတိုင်းဒေသကြီး အဝေးပြေးမော်တော် ယာဉ်လုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ ထောက်ပံ့လျှုဒါန်းငွေ ကျပ် ၁၅ သိန်းတို့ကို လျှုဒါန်းရာ ပဲခူးတိုင်းဒေသကြီး ရွှေတောင်ပရိယတ္တိစာသင်တိုက် အမှတ်(၁) ဘုန်းတော်ကြီး မူလွန်ကျောင်း (ဇိုင်း/မြောက်) ပဓာန နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိလာသက လျှုဒါန်းငွေများကို လက်ခံယူခဲ့ပြီး အလျှုရှင်များက ဒဏ်ရာရရှိသူများ၏ ကုသဆောင်များသို့ ကိုယ်တိုင်သွားရောက်ကာ လူနာများကို အားပေးစကားပြော၍ လူနာများထံသို့ ထောက်ပံ့အလျှုငွေများ ပေးအပ်သည်။

အဆိုပါ ယာဉ်တိုက်မှုဖြစ်ပွားသည့်နေ့တွင်လည်း နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီး၌ ဒဏ်ရာရရှိသူများ ဆေးကုသမှုခံယူနေသည့် လူနာများကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစီးဝင်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာ မောင်မောင်ဌေး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများကလည်း သွားရောက်ကြည့်ရှု အားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့အလျှုငွေများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

ပျောက်ဆုံးကြောင်း

ဦးနန္ဒကျော်သူ ၁၂/ဥကမ(နိုင်)၁၇၈၄၃ ပိုင်ဆိုင်သည့် ယာဉ်အမှတ် ၇၈/၈၉၉၉ (ISD 3-12-13 6287 05/06/12)ID.No.754852 (10. Jul. 2012) နှင့်သက်ဆိုင်သည့်စာရွက်စာတမ်းဖိုင်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၃၁၃၄၆၃

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AA/5484 Toyota corolla EE 102,S/W(4×2)RHD ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ကြည် ၃/ဘအန(နိုင်)၀၁၁၃၇၇ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

အမည်ပြောင်း

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ နတ်ကြီးကုန်းရပ်ကွက်နေ ဦးသောမက်စ်ဘန်း၏သမီး မသန္တာဘန်း THANDA-BAN နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁/မကတ (နိုင်) ၀၈၉၅၇၅ ကိုင်ဆောင်သူအား မသန္တာဆင်မြူရယ် (THANDA-SAMUEL)ဟု ပြောင်းလဲခေါ်ပါရန်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရေးမြို့နယ်၊ လမိုင်းမြို့၊ မြို့မနေ ဒေါ်ညွှန့်၏သား မောင်မင်းဇော် ၁၀/ရမန(နိုင်) ၀၇၅၆၄၁ သည် မိဘများ၏ဆိုဆုံးမမှုအား နာခံခြင်းမရှိဘဲ ၄င်း၏သဘောဆန္ဒဖြင့် နေအိမ်မှဆင်းသွားပါသဖြင့် ၄င်း မောင်မင်းဇော်အား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၄င်း၏ကိစ္စအ၀ဝများ ဖြစ်ပေါ်လာပါက တာ၀နျယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဒေါ်ညွှန့်, ၁၀/ရမန(နိုင်)၁၁၄၂၇၅



ယာဉ်မောင်းအလိုရှိသည်

၁။ Backhoe (Opertor)/ SumiTomo ယန္တရား-ယာဉ်မောင်း
၂။ Dump Truck 12 ဘီး ယာဉ်မောင်း

ဆက်သွယ်ရန် ဖုန်း-၀၉-၉၁၀၄၆၄၈၈၊ ၀၉-၉၁၀၅၄၂၂၀၊ ၀၉-၉၁၀၅၄၇၆၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ စမ်းရေတွင်းလမ်း၊ အမှတ် (၃)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃၅-CG)၊ မြေကွက်အမှတ် ၈၃၉၊ မြေဧရိယာ(အလျားပေ၂၀×အနံပေ၄၀)အကျယ်ရှိ ဦးစောဝင်း+ဦးကျော်ရွှေတင် နှစ်ဦးအမည်ပေါက် မခွဲမစိတ်ရသေးသော ဦးကျော်ရွှေတင်ပိုင်အခြမ်းဖြစ်သော စမ်းရေတွင်းလမ်း၊ အမှတ်(၃/ခ)(ခြေရင်းခြမ်း)ဖြစ်သည့် မြေအကျယ်အဝန်း(အလျားသ၁ ပေ×အနံပေ၄၀)အကျယ်ရှိ မြေကွက်ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသိန်းထွန်း ၁၂/မရက(နိုင်) ၀၀၇၀၀၇ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နုကြည် ၁၂/ဗဟန(နိုင်)၀၆၂၅၆၂၂ က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီအပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင်းဝင်းနွယ် LL.B,101 WIPO (Geneva)
ဒေါ်ခင်မာမာ B.Econ,H.G.P,R.L.1,D.B.L,101WIPO (Geneva)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၂၈) အထက်တန်းရှေ့နေ(စဉ်-၁၄၇၁၄)

အမှတ်(၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၁၂၅၇၁၊ ၀၉-၇၃၀၃၅၆၈

ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ် မွန်ပြည်နယ်အတွင်းရှိ လမ်း/တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လေလံတင်ရောင်းချရန်ကြော်ငြာ

မွန်ပြည်နယ်အတွင်း လမ်း/တံတား အသုံးပြုခကောက်ခံနေသော လမ်းအသုံးပြုခကောက်ခံရေးဂိတ် (၂)ခုနှင့် တံတားအသုံးပြုခ ကောက်ခံရေးဂိတ်(၄)ခု၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ၁-၄-၂၀၁၅ ရက်မှ ၃၁-၃-၂၀၁၆ ထိ (၁)နှစ် လမ်း/တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း လေလံ(မဲစနစ်)ဖြင့် လေလံလုပ်ကိုင်ခွင့်ပေးအပ်မည်ဖြစ်ပါသည်။

(က) **လေလံရောင်းချမည့်လမ်းအသုံးပြုခကောက်ခံရေးဂိတ်များ** **သတ်မှတ်လေလံတန်ဖိုး**
(၁) သံဖြူဧရပ်ဂိတ် (သံဖြူဧရပ်မှ ရေးအထိ) (သံဖြူဧရပ်မြို့) ၂၄၃.၇၂သိန်း
(၂) ရေးဂိတ် (ရေးမှ သံဖြူဧရပ်) (ရေးမြို့) (ရေးမှရေးနယ်စပ်) (ရေးနယ်စပ်မှရေး) ၄၄၅.၄၅သိန်း

(ခ) **လေလံတင်ရောင်းချမည့်တံတားအသုံးပြုခကောက်ခံရေးဂိတ်** **သတ်မှတ်လေလံတန်ဖိုး**
(၁) ရေးချောင်းတံတား(ရေးမြို့) ၉၅.၇၃သိန်း
(၂) ကလောပိတံတား(သံဖြူဧရပ်မြို့နယ်) ၁၂၂.၈၈သိန်း
(၃) ကွမ်ကျိုက်တံတား(လမိုင်းမြို့) ၁၀၁.၃၁သိန်း
(၄) ကြိုးတန်းတံတား(လမိုင်းမြို့) ၉၇.၉၁သိန်း

(ဂ) **လေလံလျှောက်လွှာစတင်ဝယ်ယူနိုင်မည့်ရက်၊ နေရာ**
၁၁-၃-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊
ဖုန်း-၀၅၇-၂၄၉၁၇၊ ၀၅၇-၂၁၃၁၈

(ဃ) **လေလံလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးနေ့ရက်၊ အချိန်၊ နေရာ**
၁၅-၃-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၁၆း၀၀ နာရီ
ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

(င) **လေလံဖွင့်မည့်ရက်၊ အချိန်၊ နေရာ**
၁၇-၃-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀နာရီ
ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့

မှတ်ချက်။ လေလံလုပ်ကိုင်ခွင့်ရယူလိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များသည် နိုင်ငံသားများ ဖြစ်ရမည်။ လေလံလုပ်ကိုင်ခွင့်ပေးအပ်မည့်စနစ်နှင့် လေလံစည်းကမ်းချက်များကို ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ မွန်ပြည်နယ်တွင် ရယူနိုင်ပါသည်။

ပြည်နယ်အစိုးရအဖွဲ့၊ မွန်ပြည်နယ်
လေလံလုပ်ကိုင်ခွင့်ကြီးကြပ်ရေးကော်မတီ

ကြော်ငြာ

နိုင်ငံ(၇၁)လုံး MAIN STREAM MEDIAအဖြစ်လုပ်ကိုင်ခဲ့ပါသော...

သင့်ရဲ့တန်ဖိုးမြင့်ထုတ်ကုန်ဝန်ဆောင်မှုကြီးများကို(၅၁)သန်းသော
ပြည်သူတွေထံသို့ အရောက်ပို့ပေးနိုင်သော....

နိုင်ငံတကာသုတေသနပညာရှင်များရဲ့ ဆလေဘရေတီမှတ်သား
သတင်းအချက်အလက်မှန်ကန်တိကျမှုကို ပရိသတ်များအား ယုံကြည်မှုအပြည့်မပေးခဲ့ကြပါသော....

မြန်မာနိုင်ငံတစ်ဝှမ်းရှိပြည်သူများနေ့စဉ်ကြုံတွေ့သတင်းများကို
နာရီပြည့်တိုင်းတင်ဆက်ပေးနေသော....

NATION WIDE NEWS CHANNEL

MRTV

ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများမှာ
သင့်ရဲ့ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းကြော်ငြာများကို ထည့်သွင်းကြော်ငြာခြင်းအားဖြင့်
ရပ်မြင်သံကြား ကြော်ငြာများတွင် ရာခိုင်နှုန်းအလိုက် သက်သာခွင့်ရရှိစေမည့်

Cross Package အခွင့်အလမ်း

သတင်းစာကြော်ငြာ အရွယ်အစား	MRTV တွင် သက်သာမည့်နှုန်းထား
မျက်နှာပြည့်ကြော်ငြာ (Full Page)	၄၀ %
မျက်နှာဝက်ကြော်ငြာ (Half Page)	၂၀ %
၄ လက်မ x ၆ ကော်လံ (Quarter Page)	၁၀ %

မည်သည့်ကြော်ငြာ၊ မည်သည့်စက္ကန့်အပေါ်တွင်မဆို တစ်ကြိမ် ကျော်ပေါ်ပေးသွားမည့်
၂၀၁၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဇွန်လ (၃၀) ရက်နေ့ထိသာ

ဆက်သွယ်ရန်လိပ်စာ- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား။ ပြည်လမ်း၊ ရန်ကုန်မြို့
ဆက်သွယ်ရန် ဖုန်းနံပါတ်- ၀၁-၅၃၅၈၀၀
ဆက်သွယ်ရန်လိပ်စာ- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား။ နေပြည်တော်(တပ်ကုန်း)
ဆက်သွယ်ရန် ဖုန်းနံပါတ်- ၀၆၇-၇၉၁၉၃၊ Gmail : mrtv.commercial@gmail.com

သတင်းဆောင်းပါး

သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးနိုင်ရေး ပြည်သူအားလုံး ရာသီဥတု အသိပညာပေးသုတဖြင့် ဝိုင်းဝန်းပူးပေါင်းလုပ်ကြရန်လို ...

သတင်း၊ ဓာတ်ပုံ
ခင်ချိုဝင်း

နွေဦးပွင့်လင်းရာသီကား ရောက်ပြီ။ နွေဦးရောက်သည်နှင့် ပွင့်လင်းရာသီရောက်သည်နှင့် အပူဒဏ်ကို မြန်မာပြည်သူများအပြင်းထန်ဆုံး ခံစားနေကြရပြီဖြစ်သည်။ ယင်းနှင့် တစ်ဆက်တည်း မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကိုကြုံလာပါက မည်သို့မည်ပုံကာကွယ်ဖြေရှင်းရမည်ကို ပြည်သူများသိရှိနားလည်လိုက်နာစေရန်နှင့် ရာသီဥတု ပြုပြင်ပြောင်းလဲမှုနှင့်အတူ နေထိုင်သွားလာလုပ်ကိုင် ကာကွယ်နိုင်စေရန် မြန်မာ့သတင်းစဉ်သတင်းအဖွဲ့က မိုးလေဝသပညာရှင် ဒေါက်တာ ဦးထွန်းလွင်ထံ သွားရောက်တွေ့ဆုံ မေးမြန်းသိရှိခဲ့ရသည်များကို ပြန်လည်မျှဝေဖော်ပြလိုက်ပါသည်။

မေး။ ။ ဒီနှစ်ရာသီ အကူးအပြောင်းကာလအတွင်းမှာ ဖြစ်ပေါ်လာနိုင်တဲ့ မိုးလေဝသ အခြေအနေကို ရှင်းပြပေးပါရှင့်။

ဖြေ။ ။ ကျွန်တော်တို့ သတ်မှတ်တာကတော့ မတ် ၁ ရက်ကနေပြီး ဧပြီ ၁၅ ရက်အထိ နွေစစ်စစ်ပေါ့။ နွေဆိုတော့ ရာသီဥတုကပူပြင်းမယ်၊ ခြောက်သွေ့မယ်။ နွေရဲ့သဘာဝ။ ဒီကာလမှာ ထူးခြားမှုက ဖြစ်လေ့ဖြစ်ထ ရှိတဲ့ သဘာဝက နေ့အပူချိန် တစ်နေ့ထက်တစ်နေ့ မြင့်တက်လာမယ်။ မြောက်ပိုင်းစွန်း၊ တောင်ပိုင်းစွန်းကလွဲရင် မိုးရွာသွန်းမှုတွေက တစ်နိုင်ငံလုံး ရွာသွန်းမှု ရပ်သွားမယ်။ နွေရာသီစကတည်းက မိုးရွာသွန်းမှု တစ်ပြည်လုံးမှာ လျော့တယ်။ အပူချိန်လည်းတက်နေပြီ။ အပူချိန်က ဒီမတ်လ ၁ ရက်မရောက်ခင် ဖေဖော်ဝါရီ နောက်ဆုံးပတ်ကတည်းက မြန်မာနိုင်ငံမှာ အပူချိန်က ၁၀၀ ဒီဂရီ ကျော်နေပြီ။ ဖာရင်ဟိုက်နဲ့ဆိုရင် ၁၀၄ လောက်ရှိနေပြီ။ စင်တီဂရိတ်နဲ့ပြောမယ်ဆိုရင်တော့ ၄၀ ဒီဂရီလောက်အထိ ရှိနေပြီ။ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တုန်းကတော့ အဲဒီ လောက်အပူချိန်ရှိတဲ့နေရာတွေက တိုင်းဒေသကြီးတွေပဲ။ အလယ်ပိုင်းဒေသက မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မြစ်ဝကျွန်းပေါ်က ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်။ ဒါပေမယ့် မတ်လဆန်းလာတာနဲ့ အဲဒီတိုင်းဒေသကြီးတွေအပြင် ပြည်နယ်တွေပါ ပါလာပြီ။ အခုတော့ အပူချိန် ၁၀၀ ကျော်တာ ပြည်နယ်တွေမှာလည်းရှိလာပြီ။ ပြည်နယ်တွေမှာဆိုရင် ကရင်၊ မွန်၊ ရခိုင်တို့ပါပဲ။ တဖြည်းဖြည်းနဲ့ နောက်ပိုင်းမှာတော့ တစ်ပြည်လုံး အပူချိန်တက်လာမှာပေါ့။

နွေရာသီမှာ အခုနောက်ပိုင်း နှစ်တွေကျမှ အန္တရာယ်တစ်ခုအနေနဲ့ အသစ်တိုးလာတာက ခရမ်းလွန်ရောင်ခြည်ပေါ့။ အဲဒီရောင်ခြည်က လောလောဆယ်မှာ လူကို အန္တရာယ်ရှိတယ်ဆိုတဲ့ အဆင့်အထိရောက်တဲ့နေရာတွေရှိပြီ။ အန္တရာယ်ရှိတယ်ဆိုတဲ့အဆင့်ကို ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းဆိုတာနဲ့ သတ်မှတ်တာ။ အညွှန်းကိန်းက ပုံမှန်အားဖြင့်ဆိုရင်တော့ တစ်ကမ္ဘာလုံးအတွက် သုံးတာ ၁၂ ဆင့်ပဲရှိတာပေါ့။ အညွှန်းကိန်း တန်ဖိုး ၈ ရဲ့အထက်ကျော်လာရင်ပဲ ကျန်းမာရေး ပြဿနာရှိတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်က သတ်မှတ်တာက အညွှန်းကိန်းတန်ဖိုး ၈၊ ၉၊ ၁၀၊ ၁၁ အထိကို အလွန်မြင့်တယ်လို့ ခေါ်တယ်။ တကယ်လို့ ၁၁ ကျော်မှာဆိုရင်။ အန္တရာယ်အဆင့် ရောက်သွားတာချည်းပဲ။

မနှစ်က ခရမ်းလွန်ရောင်ခြည် အများဆုံးဖြစ်သွားတဲ့ ဒေသက ရှမ်းပြည်နယ် (အရှေ့ပိုင်း)နဲ့ ကယားပြည်နယ်တို့မှာ ၁၅ ဒသမ ၆ အထိ တက်သွားတယ်။ ကိန်းညွှန်း ၁၁ ဆိုရင်ပဲ အန္တရာယ်ရှိပြီလို့ သတ်မှတ်တာဖြစ်တဲ့အတွက် ၁၅ ဒသမ ၆ ဆိုတော့ တရားလွန်တာပေါ့။ မြန်မာပြည်မှာက ခရမ်းလွန်ရောင်ခြည်အန္တရာယ်က တော်တော်ဆိုးတယ်။ သတိထားဖို့လိုတယ်။ သတိထားပါလို့လည်း သက်ဆိုင်ရာတွေက သတိပေးထားတာ။ ဖြစ်နိုင်ရင် သတင်းစာတွေထဲအတွက် နေ့စဉ်ထည့်ပေးဖို့သင့်တယ်။ ခရမ်းလွန်ရောင်ခြည် က ကျန်းမာရေးပြဿနာလေးမျိုးဖြစ်နိုင်တယ်။ နေလောင်တာဖြစ်နိုင်တယ်။ ခရမ်းလွန်ရောင်ခြည်ပြင်းအားက ပိုများလာမယ်ဆိုရင် နောက်တစ်ဆင့် ဘာရောဂါဖြစ်သွားသလဲဆိုရင် နေလောင်တာက နေပြီး အရေပြားကင်ဆာ ဖြစ်သွားနိုင်တယ်။ နောက်တစ်ဆင့်က ခရမ်းလွန်ရောင်ခြည်က စွမ်းအားမြင့်တဲ့အတွက်ကြောင့် လူတွေရဲ့မျက်စိပေါ်မှာ ကျရောက်လို့ရှိရင် အမြင်အာရုံကိုပျက်ပြားသွားနိုင်တယ်။ နောက်ဆုံး တစ်ချက်ကတော့ ခရမ်းလွန်ရောင်ခြည်မှာပါတဲ့ UV မှာ အေ၊ ဘီ၊ စီ သုံးမျိုးရှိတယ်။ အေ အမျိုးအစားက လူ့ခန္ဓာကိုယ်ပေါ်ကျလို့ရှိရင် ခန္ဓာကိုယ်ရဲ့ အသားထဲကို ထိုးဖောက်သွားတယ်။ ခန္ဓာကိုယ်အတွင်း DNA ကို ပျက်တယ်။ သားသမီးမရနိုင်တော့ဘူး။ ဒီလေးမျိုးဖြစ်နိုင်တယ်။ အဲဒါကြောင့် အန္တရာယ်ရှိတယ်။ သတိထားဖို့လိုတယ်။

ဘယ်လိုသတိထားရမလဲဆိုရင် ခရမ်းလွန်ရောင်ခြည် အန္တရာယ်ရှိတဲ့ အချိန်နေပူထဲမထွက်ဖို့၊ ဖြစ်နိုင်ရင်တော့ အရိပ်အာဝါသအောက်မှာနေဖို့၊ ခရမ်းလွန်ရောင်ခြည်

ဒေါက်တာ ထွန်းလွင်

အန္တရာယ်ရှိတဲ့အချိန်က မနက် ၁၁ နာရီကနေ ညနေ ၃ နာရီအတွင်းမှာ တတ်နိုင်သမျှ နေပူထဲကိုမထွက်ဖို့၊ တကယ်လို့ အကြောင်းကြောင်းကြောင့်မဖြစ်မနေ နေပူထဲထွက်ရမယ်ဆိုရင် အကာအကွယ်ယူဖို့အတွက် ခေါင်း၊ လည်ပင်း၊ နား၊ ပါး၊ မျက်နှာ၊ ခန္ဓာကိုယ်ဦးခေါင်းပိုင်းကို ကာကွယ်ဖို့ ခမောက်၊ မက်စီကန်ဦးထုတ်တို့ အနားကျယ်ပြန့်တဲ့ ဦးထုပ်ကိုဆောင်းပါ။ ခန္ဓာကိုယ်အပေါ်ပိုင်း ကာကွယ်ဖို့ဆိုရင် လက်ရှည်အင်္ကျီဝတ်ပါ။ ခန္ဓာကိုယ်အောက်ပိုင်းကျတော့ ပုဆိုး သို့မဟုတ် ဘောင်းဘီဝတ်ပါ။ မျက်စိအတွက်ကျတော့ ရောင်ခြည်ကာကွယ်တဲ့ မျက်မှန်ကို တပ်ဆင်။ ရောင်ခြည်သင့်တာကိုလိမ်းတဲ့ လိမ်းဆေးလိမ်းခြင်းအားဖြင့်လည်း ကာကွယ်နိုင်တယ်ပေါ့။ ဒါ အကြမ်းအားဖြင့် အကြံပေးတဲ့အချက်တွေပေါ့။

ဒီနှစ်ထဲမှာ ခရမ်းလွန်ရောင်ခြည်နဲ့ပတ်သက်ပြီးတော့ သုတေသနလုပ်တဲ့ အမေရိကန် ပြည်ထောင်စုမှ အဖွဲ့တစ်ဖွဲ့က နောက်ထပ်တွေ့ရှိချက်တွေ ပြောလာတယ်။ အဲ့ဒါက အတော်လေးအရေးပါတယ်။ နှစ်ချက်ပြောတယ်။ ပထမတစ်ချက်က ခရမ်းလွန်ရောင်ခြည်သင့်မှုက အန္တရာယ်ရှိတယ်ဆိုတာကို ထပ်ပြီးအတည်ပြုတယ်။ ဒုတိယတစ်ချက်က အသစ်အဆန်း။ ဘာတွေလဲဆိုရင် ခရမ်းလွန်ရောင်ခြည်သင့်လို့ရှိရင် ခန္ဓာကိုယ်ပေါ်မှာ ကျန်းမာရေးပြဿနာပေးဖို့ ဒြပ်ပြုမှုက နေရောင်ထဲရှိနေတုန်းမှာ မလုပ်သေးပါဘူး။ နေရောင်ခြည်ထဲသွားနေရာကနေ နေရိပ်ထဲကိုဝင်လိုက်တဲ့အချိန် နေရိပ်ထဲရောက်မှ ဒြပ်ပြုမှုကစတာပဲ။ နေရိပ်ထဲရောက်မှ ဒြပ်ပြုမှုကစတဲ့အတွက်ကြောင့် လူတွေအတွက် အခွင့်အရေးတစ်ခုရတယ်။ အဲဒါဘာလဲဆိုရင် လိမ်းဆေးလိမ်းဖို့ အချိန်ရပါတယ်။ လိမ်းဆေးတွေ လိမ်းလိုက်လို့ရှိရင် အထိုက်အလျောက် သက်သာနိုင်တယ်။

နောက် ဒီနှစ်က ထူးခြားတာဘာလဲဆိုရင် စောစောက ပြောခဲ့တဲ့နွေရာသီက ပူမယ်၊ ခြောက်မယ်လို့ ပြောပေမယ်လို့ ဒီနှစ်နွေရာသီမှာ မိုးနည်းနည်းရွာတယ်။ လက်ရှိနွေရာသီမှာမိုးရွာတာက အဓိကသုံးနေရာပေါ့။ မြန်မာနိုင်ငံမြောက်ပိုင်းစွန်း ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တောင်ပိုင်းစွန်း တနင်္သာရီတိုင်းဒေသကြီး၊ အလယ်ပိုင်းမှ မန္တလေးတိုင်းဒေသကြီးတို့မှာရွာတယ်။ ဒီလိုရွာတဲ့နေရာမှာ မြောက်ပိုင်းစွန်း၊ တောင်ပိုင်းစွန်းရွာတာဟာ နွေရာသီမှာဖြစ်တတ်တယ်။ နွေရာသီမှာ မိုးတွေနည်းပြီး ပူပြင်းခြောက်သွေ့တယ်ဆိုပေမယ့် မြောက်ပိုင်းစွန်းတောင်ပိုင်းစွန်းကတော့ခြွင်းချက်ပေါ့။ ဒါ သူ့သဘာဝအလျောက်ဖြစ်တယ်ဆိုတာ သိပ်မဆန်းဘူး။ သို့သော် အလယ်ပိုင်းရွာတာတော့ နည်းနည်းဆန်းတယ်။ မတ်လမှာ အလယ်ပိုင်းဒေသက မိုးမရွာတတ်ဘူး မဟုတ်ဘူး၊ ရွာပါတယ်။ ဒါပေမယ့် အလွန်ရွာခဲတယ်။ ဒီနှစ် အဲဒီဒေသမိုးရွာတာကို ထူးခြားစွာတွေ့ရတယ်။ နောက်တစ်ခု ထူးခြားတာက အခုနွေရာသီ စနေတဲ့အချိန်မှာ အထူးသဖြင့် မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီ မွန်၊ ကရင်စတဲ့ ဒေသတွေမှာ ကပ္ပလီပင်လယ်ပြင်ထဲက ရေငွေ့ပါတဲ့လေတွေ ခုကတည်းက ဝင်နေတာတွေ့ရတယ်။ ဒီနှစ်နွေရာသီ ကအရင်နွေရာသီတွေလိုမျိုး ခြောက်ခြောက်သွေ့သွေ့ သိပ်မဟုတ်ဘူး။ တစ်ချက်တစ်ချက် တိမ်တက်တာတို့ မိုးရွာတာတို့ရှိတဲ့အတွက် ထူးခြားမှုအနေနဲ့ တွေ့နေရတယ်။

တစ်ဆက်တည်းမှာပဲ အဲ့လိုဖြစ်လာရင် တဖြည်းဖြည်းနဲ့ ဧပြီလအလယ်လောက်ရောက်လာရင် နွေကနေ မိုးကြိုရာသီရောက်သွားပြီ။ မိုးကြိုရာသီရောက်သွားပြီဆိုရင် လက်ရှိ ရေငွေ့ဝင်တဲ့ အနေအထားတွေ၊ အပူဓာတ်တွေ ဆက်လက်ပြီးတော့ရှိနေမယ်ဆိုရင် အတွေ့အကြုံအရ အဲဒီ အချိန်အခါမှာမုန်တိုင်းရာသီဖြစ်သွားတဲ့အတွက်မုန်တိုင်းကိုတော့သတိထားဖို့လိုလိမ့်မယ်။ ဝင်မယ်လို့တော့ ပြောလို့ မရပေမယ့် မုန်တိုင်းအန္တ ရာယ်ရှိလာနိုင်တယ်ဆိုတာကိုတော့ သတိထားဖို့လိုတယ်။

တကယ်လို့မိုးကြိုရာသီစတဲ့ ဧပြီလအလယ်ကနေပြီးတော့ မေလကုန်လောက်အထိ ၄၅ ရက် မိုးကြိုကာလအတွင်းမှာ မုန်တိုင်းဖြစ်ခဲ့ရင် အဲ့ဒီဖြစ်တဲ့ မုန်တိုင်းအများစုက မြန်မာပြည်ကို ဝင်တတ်တယ်။ အဲ့ဒါကိုတော့ သတိပြုဖို့လိုပါတယ်။ ဖြစ်သမျှမုန်တိုင်းဝင်တယ်လို့တော့ မပြောလိုပါဘူး။ သို့သော် မြန်မာပြည်ဝင်တဲ့ မုန်တိုင်းတွေရဲ့ ၅၁ ရာခိုင်နှုန်းကတော့ အဲ့ဒီမိုးကြိုကာလမှာ ဝင်တယ်။ အဲ့ဒီ ၄၅ ရက်လောက်က မုန်တိုင်းအန္တရာယ်ရှိနိုင်တယ်။ အဲ့ဒီအတွက် မုန်တိုင်းသတင်းကိုတော့ ဒေသခံပြည်သူများက အမြဲသတိပြုဖို့လိုတယ်။ ကျွန်တော်တို့ကလည်း အမြဲတမ်း ကြိုပြောနိုင်အောင်တော့ အထူးတာဝန်ပေါ့။ အဲဒီ ၄၅ ရက်ကျော်သွားလို့ မေလကုန်သွားပြီဆိုရင် နောက်ပိုင်းမှာ မုန်တိုင်းအန္တရာယ်ပူစရာမရှိတော့ဘူး။ အဲ့ဒီကာလလေးတစ်ခု အလွန်အရေးကြီးပါတယ်။ သတိထားဖို့ပါ။

မေး။ ။ နွေရာသီကာလမှာ သဘာဝဘေးနဲ့ပတ်သက်ပြီး ဘာတွေသတိထားဖို့ လိုသလဲ။

ဖြေ။ ။ နွေရာသီကာလမှာတွေ့တတ်တဲ့ သဘာဝဘေးကတော့ အပူရှိန်မြင့်မားတဲ့ဒဏ်၊ အပူလှိုင်းဖြတ်တဲ့ဒဏ်၊ အဲ့ဒီဒဏ်ကြောင့် လူတွေကိုဒုက္ခပေးနိုင်တာက လေဖြတ်တာ၊ ဦးနောက်သွေးကြောပြတ်တာ ဖြစ်နိုင်တဲ့အတွက် သတိထားဖို့လိုပါတယ်။ နောက်အရေးကြီးတဲ့အချက်က နောက်ပိုင်းနှစ်တွေမှာ အလွန်အဖြစ်များတာက ရေရှားတာ။ စိုက်ပျိုးရေရော၊ သောက်သုံးရေပါ ရှားနိုင်တယ်။ သောက်သုံးရေကို မရတဲ့ဒေသတွေ မြန်မာပြည်မှာရှိတယ်။ မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးထဲမှာတွေ့ရတယ်။ ရန်ကုန်နားမှာဆိုရင် ဒလမှာတွေ့ရတယ်။ ခုကတည်းက အစီအမံတွေ ဆောင်ရွက်ဖို့လိုတယ်။ ဒေသခံတာဝန်ရှိ သူတွေက ဘာလုပ်ကြမလဲဆိုတာ လိုပါတယ်။ တတိယ တွေ့ကြုံရတဲ့ သဘာဝဘေးက ယေဘုယျအားဖြင့် တွေ့ရတာ မီးဘေး။ အပူချိန်မြင့်မားတာရယ်၊ ရေရှားတာရယ်၊ မီးလောင်တာရယ်၊ ဒါနွေရာသီမှာ အထူးသတိထားရမယ့် သဘာဝဘေး။

မေး။ ။ ဒီနှစ်နွေရာသီမှာ ဟိုအရင်တုန်းကလိုမျိုး အပူလှိုင်းဖြတ်နိုင်နှုန်းဖြစ်နိုင်ခြေ ဘယ်လောက် ရာခိုင်နှုန်း အထိရှိသလဲဆရာ။

ဖြေ။ ။ ကျွန်တော်ကတော့ ပြောနိုင်တယ်။ ၈၀ ရာခိုင်နှုန်းအထက်အထိလာမှာပဲ။ အခုပိုပြီးတော့ သေချာတာက ဘာကြောင့်လဲဆိုတော့ ခုကတည်းက ရေငွေ့ကဝင်နေပြီလေ။ အပူလှိုင်းဆိုတာက အပူရှိမယ် ရေငွေ့ရှိမယ်ဆိုရင် ပိုဆိုးတယ်။ အပူကတော့ ရှိနေပြီ၊ နွေရာသီဆိုတော့ အမှန်ကတော့ ရေငွေ့မရှိဘူး။ မတ် ၁ ရက်ကနေပြီး ဧပြီ ၁၅ ရက်အထိ ၄၅ ရက်လောက်က လေက ခြောက်သွေ့နေရမယ်။ ခြောက်သွေ့နေမယ်ဆိုရင် လူကဘာပဲခံရမလဲဆိုရင် ပူတာပဲခံရမယ်။ အပူလှိုင်းဒဏ်တွေဘာတွေ မရနိုင်ဘူး။ ဒါပေမယ့် ရေငွေ့ပါလာပြီဆိုရင် အပူရှိမယ် ရေငွေ့ရှိမယ်ဆိုရင် နောက်ဆက်တွဲက တိမ်ဖြစ်လာမယ်။ ပြီးရင် သဘာဝအမှန်အတိုင်းပဲဆိုရင် နောက်တစ်ဆင့်က မိုးရွာရမယ်။ ဒါပေမယ့် ခုနောက်ပိုင်း ရာသီဥတု ဖောက်ပြန်လာတဲ့အတွက်ကြောင့် တိမ်ဖြစ်ပေမယ့် မိုးမရွာတဲ့နေ့တွေများလာတယ်။ အဲ့လိုနေ့မျိုးက အလွန်ကြောက်ဖို့ကောင်းတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီလိုနေ့မျိုးမှာ သူ့ရဲ့ ခန္ဓာကိုယ်ပေါ်မှာ အပူဖြစ်နိုင်တဲ့အရာ နှစ်မျိုးဖြစ်သွားတယ်။ ခြောက်သွေ့တဲ့လေ။ ရေငွေ့မပါတဲ့လေဆိုရင်တော့ လေရဲ့အပူချိန်တစ်ခုတည်းကပဲ လူကိုအပူဓာတ်ပေးတယ်။ လေက ၄၀ ပူနေပြီဆိုရင် လူကလည်း ၄၀ ပဲ ခံစားရမယ်။ ကိုယ်ခံစားရမယ့်အပူချိန်ကို ကိုယ့်ဟာကိုယ် မှန်းဆလို့ရတယ်။ ဒါပေမယ့်လို့ အဲဒီအချိန်အခါမျိုးမှာ လေထဲမှာ ရေငွေ့ပါလာပြီဆိုလို့ရှိရင် ရေငွေ့ဆိုတဲ့သဘာဝကိုက ရေနဲ့အပူနဲ့ပေါင်းပြီးတော့မှ အငွေ့ဖြစ်လာတော့ အဲဒီမှာ အပူချိန်ရှိတယ်။ လေထဲမှာ ရေငွေ့တွေရှိနေပြီဆိုရင် ရေငွေ့ရဲ့အပူချိန်ဟာ ခန္ဓာကိုယ်ပေါ်မှာ ထပ်ဆောင်းလိုက်တယ်။ အဲ့ဒီအခါမှာ ခန္ဓာကိုယ်က လေအပူချိန်လည်း ခံရတယ်။ ရေငွေ့အပူချိန်လည်းခံရတယ်။ နှစ်ခုပေါင်းသွားတဲ့အခါမှာ ခန္ဓာကိုယ်ခံရတဲ့အပူချိန်က တအားကြီး မြင့်သွားတယ်။ လူခန္ဓာကိုယ်ခံနိုင်တဲ့ အပူချိန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်က သတ်မှတ်တာကတော့ ၅၁ ဒီဂရီဆိုတာ အမြင့်ဆုံး။ အဲဒီအပူချိန်ခံအားကိုကျော်သွားရင် ခန္ဓာကိုယ်က မခံနိုင်တော့ဘူး။ အဲ့ဒါဆိုရင် အပူလှိုင်းဒဏ်ဖြစ်ပြီး ၅၁ ဒီဂရီထက် ကျော်တဲ့အပူချိန်ကို ခန္ဓာကိုယ်ကခံရပေမယ့် လူကမသိဘူး။ ဘာလို့လူကမသိသလဲဆိုရင် လေအပူချိန်တစ်ခုကိုပဲ သာမိုမီတာနဲ့ တိုင်းလို့ရတယ်။ ဒါပေမယ့် ရေငွေ့အပူချိန်ကတော့ တိုင်းလို့မရဘူး။ ရေငွေ့အပူချိန်က တွက်ယူမှသိတာ။ သာမန်ပြည်သူက မသိနိုင်တဲ့အခါကျတော့ သတိ မထားဘူး။ ရန်ကုန်မှာ ၆၂ ဒီဂရီအထိ ပူဖူးတယ်။ ၂၀၀၆ ခုနှစ်က စပြီး ၂၀၁၄ ခုနှစ်အထိ ခန္ဓာကိုယ်ခံစားရတဲ့အပူက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်ရဲ့ သတ်မှတ်ချက်အရ အန္တရာယ်ရှိတဲ့အဆင့်ကို နှစ်တိုင်းရောက်နေတယ်။ ဒီနှစ် ကျွန်တော့်အမြင်ပြောရရင် အပူကမလျော့နိုင်ဘူး။ အထူးသဖြင့် ဧပြီလအလယ်ကနေ မေလကုန်အထိ သတိထားကြပါ။

မေး။ ။ အပူလှိုင်းဖြတ်မှု ဖြစ်လာနိုင်ခြေရှိတဲ့ ဒေသဝန်းကျင်တွေကိုလည်း ပြောပြပေးပါ။

ဖြေ။ ။ မြန်မာနိုင်ငံအလယ်ပိုင်းမြစ်ဝကျွန်းပေါ်ဒေသ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် ခြောက်ခုပေါ့။ မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း ဒီတိုင်းဒေသကြီး ခြောက်ခုကတော့ အန္တရာယ်အရှိဆုံးဒေသပါ။

မေး။ ။ အပူလှိုင်းဖြတ်မှုဒဏ်ကို ကာကွယ်နိုင်တဲ့ နည်းလမ်းတွေကိုလည်း ပြောပြပေးပါ။

ဖြေ။ ။ အပူလှိုင်းဖြတ်မှုဒဏ်ကို ကာကွယ်နိုင်တဲ့ နည်းလမ်းကတော့ တစ်နည်းပဲရှိတယ်။ တတ်နိုင်သမျှ အအေးထဲမှာနေဖို့ပဲ။ အပူလှိုင်းက အရိပ်ထဲမှာနေလည်း မရဘူး။ ခရမ်းလွန်ရောင်ခြည်လို နေရောင်ထဲမထွက်ပါနဲ့လို့ ပြောလို့မရဘူး။ ကားထဲမှာနေလည်း ဖြစ်သွားနိုင်တာပဲ။ အရေးကြီးတာက အေးအောင်နေ၊ အပူလှိုင်းဖြစ်တဲ့အချိန်ကို တတ်နိုင်သမျှသတိထား။ များသောအားဖြင့် အကြမ်းဖျင်း မွန်းလွဲပိုင်း ၂ နာရီကနေ ၅ နာရီ အတွင်းမှာ အန္တရာယ်အရှိဆုံးအချိန်ပါ။

မေး။ ။ တချို့သော ပြည်သူတွေက အေးအောင်လို့ဆိုပြီး စောင်တွေ၊ ဖျာတွေ၊ ခြင်ထောင်တွေ၊ ရေဆွတ်အိပ်တာတို့ရှိတယ်။ အဲ့ဒီ အပြုအမူအပေါ် ဆရာရဲ့အမြင် လေးပြောပြပေးပါ။

ဖြေ။ ။ အဲဒါလည်း သိပ်သဘာဝမကျဘူး။ စောင်၊ ဖျာ၊ ခြင်ထောင်တွေ ရေဆွတ်အိပ်တာတို့ကျတော့လည်း အသက်အန္တရာယ်ပေးနိုင်တယ်။ အရိပ်အာဝါသကောင်းကောင်း တတ်နိုင်ရင်တတ်နိုင်သလောက် ယပ်တောင်နဲ့ နေနေ၊ ပန်ကာနဲ့နေနေ၊ အဲ့ဒီလိုနေထိုင်မှုမျိုးက ကျန်းမာရေးနဲ့ ပိုကိုက်ညီမယ်။

မေး။ ။ မိုးဦးရာသီဥတု အခြေအနေ ခန့်မှန်းချက်လည်း ပြောပေးပါဦးဆရာ။

ဖြေ။ ။ မုတ်သုံဝင်တာနောက်ကျဦးမှာပါ။ မြန်မာနိုင်ငံတောင်ပိုင်းမုတ်သုံက မေ ၂၀ လောက်၊ မြစ်ဝကျွန်းပေါ် မေ ၂၅ လောက် ဝင်မယ်။ အလယ်ပိုင်းမှာ မုတ်သုံဝင်တဲ့ရက်က တိတိကျကျသိပ်မရှိဘူး။ မြန်မာနိုင်ငံမြောက်ပိုင်းနဲ့တွဲပြီးတော့ ဇွန် ၁ ရက်မှာ ဝင်မယ်ဆိုရင် တောင်ပိုင်းက ၁၅ ရက်နောက်ကျမယ်။ မြစ်ဝကျွန်းပေါ်က ၁၀ ရက် နောက်ကျမယ်။ အလယ်ပိုင်းနဲ့မြောက်ပိုင်းက တစ်ပတ်လောက်နောက်ကျမယ်။ မုတ်သုံမဝင်မီ မေလမကုန်မီမှာ ဘင်္ဂလားပင်လယ်အော်မှာ မုန်တိုင်းတစ်လုံးလောက်တော့ဖြစ်နိုင်တယ်။ အဲဒီ ဖြစ်လာမယ့် တစ်လုံးကိုတော့ သတိထားဖို့လိုတယ်။ ဒါပေမယ့် ခုချိန်ခါမှာ အဲ့ဒီမုန်တိုင်း မြန်မာပြည်ဝင်မယ်လို့တော့ ကျွန်တော် ခန့်မှန်းလို့မရဘူး။ မပြောနိုင်ဘူး။ သို့သော် သတိတော့ထားရမယ်။ မုတ်သုံဝင်ပြီး ဇွန်၊ ဇူလိုင် ရောက်သွားပြီးရင် မုန်တိုင်း ဂရုစိုက်စရာမလိုဘူး။ ဒါပေမယ့် သူ့ရာသီ အလိုက်ဖြစ်တဲ့ဟာကိုတော့ သတိထားရမယ်။ မုန်တိုင်း မြန်မာပြည်မှာ သတိထားရမယ့်ကာလက ဧပြီ ၂၀ ကနေ မေ ၁၅ ရက်လောက်အတွင်းက အန္တရာယ်အရှိဆုံးပဲ။ သတိထားပါ။ မိုးကတော့လျော့မယ်။ အပူချိန်က ပုံမှန်ထက်ပိုမယ်။ မုတ်သုံဝင်တာ နောက်ကျမယ်။ ဒါ မိုးဦးရဲ့သဘာဝပဲ။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ဦးမှာ၊ မိုးနည်းဦးမှာပဲ။ အဲဒီတော့ ပျိုးထောင်တဲ့ကိစ္စတွေကို သတိထားပြီး လုပ်သင့်တယ်။

မေး။။ ရာသီဥတုကလည်း တစ်နှစ်ထက်တစ်နှစ်ပိုပြီး ပူလာတယ်ဆိုတော့ ရာသီဥတုနဲ့ဆက်နွယ်ပြီးတော့ မြေလျင်အခြေအနေကို ရှင်းပြပေးပါ။

ဖြေ။ ။ ရာသီဥတုနဲ့ဆက်နွယ်ပြီး မြေလျင်ကို ပြောနိုင်တဲ့ပညာတော့ ကျွန်တော်သိသလောက်တော့ မရှိဘူး။

စာမျက်နှာ ၁၆ သို့

ပြည်တွင်းသတင်း

စာမျက်နှာ ၁၅ မှ အဆက်

တရားဝင်မရှိဘူး။ ကိုယ့်အယူအဆနဲ့ကိုယ် ပြောတာတွေတော့ရှိမှာပေါ့။ မြေလျင်နဲ့ပတ်သက်ပြီး အမိကအရေးကြီးဆုံးအချက်က မြေလျင်ကကြိုမပြောနိုင်ဘူး။ သိပ်ပညာရှင် ကမ္ဘာပေါ်မှာ မြေလျင်နဲ့ပတ်သက်ပြီး ရှေ့တန်းရောက်တဲ့သူ ဂျပန်၊ အမေရိကန်ရှိမယ်။ ကျွန်တော်တို့လည်း ဒီလောကမှာ ခုဆိုနှစ်ပေါင်း ၅၀ လောက်ရှိပြီ နေနေတာ။ ကြိုမပြောနိုင်ပါဘူး။ ဒါပေမယ့် ကြိုပြောနိုင်ဖို့ကြိုးစားနေကြတယ်။ ကြိုးစားနေတဲ့အထဲမှာ ငလျင်လှုပ်ဖို့ အလားအလာတော့ရှိနေပြီ။ နီးနေပြီ လှုပ်ဖို့တော့သင့်နေပြီ ဆိုတာလောက်ကတော့ မှန်းဆပြောကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြေလျင်တွေက လှုပ်တဲ့အခါမှာ ဘယ်အချိန်ပြန်လှုပ်မလဲဆိုတာ တွက်လို့ရတယ်။ တွက်ကြတော့ မြန်မာပြည်မှာ စစ်ကိုင်းငလျင်ကြောကြီးရှိတယ်။ အဲဒီအပေါ်မှာ ငလျင်ကြီးတစ်ခုလှုပ်ခဲ့တယ်။ လှုပ်ပြီးတော့ နောက်တစ်ကြိမ် ဘယ်အချိန်လှုပ်မလဲလို့ တွက်ကြည့်တော့ အကြမ်းအားဖြင့် ၃၅ နှစ်၊ နှစ် ၄၀ လောက်ရတယ်။ အခုဆိုရင် နှစ်ပေါင်း ၅၀ ကျော်နေပြီ။ လှုပ်ဖို့အချိန်ကို လွန်တောင်လာပြီလို့ပြောတယ်။ ဒါပေမယ့် ဘယ်အချိန်လှုပ်မလဲဆိုတာ ကျွန်တော်လည်း မပြောတတ်ဘူး။ အချိန်မရွေးလှုပ်နိုင်တယ်ဆိုတဲ့ အဖြေပဲ ရမယ်။ ငလျင်ကလှုပ်မယ်၊ မလှုပ်ဘူးဆိုတာ ဘယ်တော့လဲဆိုတဲ့ ခန့်မှန်းတဲ့ ဟာက တော်တော်အားနည်းတယ်။ သို့သော် ဘယ်နေရာတွေ လှုပ်တတ်တယ်၊ ဘယ်နေရာကတော့ လှုပ်ဖို့တန်နေပြီဆိုတာလောက်ကတော့ ပြောလို့ရတယ်။ ငလျင်အများဆုံးလှုပ်တဲ့နေရာက မြန်မာနိုင်ငံအနေနဲ့ ပြောမယ်ဆိုရင် ငလျင်ကြောကြီး ငါးခုမှာ စစ်ကိုင်းကအလွန်လှုပ်ဖို့ တန်နေပြီ။ ငလျင်ကြော တစ်လျှောက်မှာ ငလျင်ကြီးသမိုင်းမှာ အများဆုံးလှုပ်ခဲ့တဲ့ဒေသတွေက တကောင်း၊ အင်းဝ၊ အမရပူရ၊ စစ်ကိုင်းရှိမယ်။ အောက်ဘက်ဆင်းလာတဲ့ အခါ ဖြူး၊ ပဲခူး၊ ပုဂံ ဒါသမိုင်းမှာရှိခဲ့တာ။ မြစ်ဝကျွန်းပေါ်ဘက်ဆင်းသွားရင် ဒေးဒရဲမှာ ငလျင်လေးတွေရှိခဲ့တာပေါ့။ အဲ့ဒီငလျင်တွေအားလုံးက နောက်တစ်ကြိမ်လှုပ်ဖို့ အချိန်နဲ့တွက်ရင် အားလုံးကကျော်နေပြီ။ ဒါကြောင့် မြေလျင်ပညာရှင်တွေက မြေလျင်ကြီးတစ်ခု လှုပ်နိုင်တယ်လို့ စိုးရိမ်ကြတယ်။ စိုးရိမ်ကြတော့ ဟိုးအထက်ပိုင်းတော့ လှုပ်နိုင်တဲ့ဒေသ၊ အတိတ်ကလှုပ်ခဲ့တာတွေကို အခြေခံပြီး ပြောမယ်ဆိုရင်တော့ ငလျင်လှုပ်ဖို့ အလားအလာ အများဆုံးရှိတာ စစ်ကိုင်းလို့ပြောတယ်။ အောက်ဘက်ဆင်းလာတော့ ဖြူး၊ နောက်တစ်ခါ ပဲခူး ဒီသုံးခုက ငလျင်လှုပ်ဖို့ အများဆုံးဖြစ်နိုင်တဲ့နေရာလို့ မှန်းဆကြတာ။ ဒါပေမယ့် ခုနပြဿနာက လှုပ်ဖို့လည်းတန်နေပြီဆိုတာလည်း သိတယ်။ ဒီနေရာတွေဖြစ်လာနိုင်တယ်လို့လည်း မှန်းဆနိုင်ကြတယ်။ ဒါပေမယ့် ဘယ်တော့လဲတော့ မပြောနိုင်ဘူး။ ဘယ်သူမှ မပြောတတ်ဘူး။ အဲ့ဒါလေး တစ်ခု နားလည်ပေးဖို့လိုပါတယ်။

အဲ့ဒီစစ်ကိုင်းငလျင်ကြောကြီးမှာ ငလျင်လှုပ်ရင် မြန်မာနိုင်ငံရဲ့လှုပ်သမျှ ငလျင်တွေထဲမှာ အားအပြင်းဆုံး ဖြစ်ချင်မှဖြစ်မယ်။ အားအပြင်းဆုံး ငလျင်ကလည်း ဒီနေရာမှာ မလှုပ်ပါဘူး။ ဘယ်နေရာမှာသွားလှုပ်သလဲဆိုတော့ မေမြို့၊ တောင်ကြီးတို့ဖြတ်သွားတဲ့ ကျောက်ကြမ်းငလျင်ကြောပေါ်မှာလှုပ်ခဲ့တယ်။ ရစ်ချ်တာစကေး ၈ ကျော်တယ်။ အားအပြင်းဆုံးဖြစ်ပေမယ့် အပျက်စီးဆုံး ငလျင်တော့ ဖြစ်မလာဘူး။ ဘာကြောင့်လဲ ဆိုတော့ မေမြို့ ၊ တောင်ကြီးတို့ဆိုတဲ့ ဒေသက လူနေမထူထပ်ဘူး။

စစ်ကိုင်းငလျင်ကြောဆိုတာ သိတဲ့အတိုင်းပဲ မြန်မာနိုင်ငံရဲ့သမိုင်းမှာ မြို့တော်ဟူသမျှက စစ်ကိုင်းငလျင် ကြောပေါ်မှာပဲရှိတယ်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်မှာလည်းရှိတယ်။ ဒါကြောင့် အဲဒီဒေသတွေမှာ ငလျင်လှုပ်တဲ့အခါမှာ အင်အားက ကျောက်ကြမ်းငလျင်ကို မမီပေမယ့် ပျက်တာ၊ သေတာကြတော့ ကျောက်ကြမ်းငလျင်ထက် ပိုများတယ်။ အသေအပျောက် အများဆုံးငလျင်နဲ့ အားအပြင်းဆုံးငလျင်က တစ်ခုတည်းမဟုတ်ဘူးဆိုတာ သိဖို့လိုတယ်။ အလယ်ပိုင်းဒေသ စစ်ကိုင်းငလျင်ကြောမှာရှိတဲ့ဒေသက ဆုံးရှုံးနိုင်ဖို့အလားအလာများတယ်။ ဘာကြောင့်လဲဆိုတော့ လူနေထူထပ်တယ်။ အဆောက်အအုံတွေမြင့်တယ်။ မြေသားမခိုင်မာဘူး စသဖြင့် ဒီအချက်တွေ အားလုံးပါတယ်။ ဒီတော့ကာ ငလျင်နဲ့ပတ်သက်ပြီးတော့ လူထုသိရင်တော့ ကျွန်တော့်ရဲ့အယူအဆက ငလျင်ကြီးလှုပ်ဖို့အချိန်က လွန်တောင်နေပြီ။ အများဆုံးခန့်မှန်းကြတာကတော့ အပေါ်ဘက်မှာ တကောင်းဘက်၊ အလယ်မှာ ဖြူးဘက်နဲ့ စစ်ကိုင်းဘက်၊ အောက်မှာ ပဲခူး၊ ဒီနေရာသုံးခုက အများဆုံးဖြစ်နိုင်တယ်လို့ မြန်မာနိုင်ငံမှာ သက်ရှိထင်ရှားရှိသေးတဲ့ မြေလျင်ပညာရှင်ကြီးတွေ ခန့်မှန်းတယ်။ သို့သော်ငြားလည်း ဘယ်အချိန်ဘယ်အခါလည်းလို့ မပြောနိုင်ဘူး။

မေး။ ။ ရာသီဥတုပြောင်းလဲမှုနဲ့ပတ်သက်ပြီးတော့ အများပြည်သူ သိသင့်တာလေးတွေရှိရင်လည်း ပညာရှင်တစ်ဦးအနေနဲ့ အကြံပြုစကားပြောပြပေးစေချင်ပါတယ်။

ဖြေ။ ။ ရာသီဥတု ပြောင်းလဲခြင်းဆိုတာ ကမ္ဘာမှာလည်းဖြစ်တယ်။ မြန်မာမှာလည်းဖြစ်တယ်။ မြန်မာက ခြွင်းချက်မဟုတ်ပါဘူး။ ဒါပေမယ့် ကံမကောင်းတာက အဲ့ဒါကို သိတဲ့လူနည်းတယ်။ ဒီထက်ကံမကောင်းတာက သိပေမယ့်လည်း မယုံတဲ့လူကများတယ်။ ဒါဟာအလွန်အန္တရာယ်ကြီးတယ်။ မြန်မာပြည်မှာ ရာသီ ဥတုပြောင်းလဲခြင်း ဖြစ်နေတာကို ကျွန်တော် ၂၀၀၃ ခုနှစ်ကတည်းက ပြောခဲ့တယ်။ ကနေ့တော့ ကျွန်တော်ပြောတာနဲ့ တစ်ထပ်တည်းကျလို့ ပြောဆိုချက်တွေက ကမ္ဘာမှာလည်းများလာပြီ။ ရာသီဥတုပြောင်းလဲခြင်းကို တစ်ကမ္ဘာ လုံးနဲ့ချီပြီးတော့ပြုလုပ်နေတဲ့ အဖွဲ့အစည်းတွေက နှစ်စဉ် ကမ္ဘာရာသီဥတု ဆွေးနွေးပွဲ (COP)ကို ကျင်းပတယ်။ အဲဒီဆွေးနွေးပွဲရဲ့ ဒီနှစ်နောက်ဆုံး ထုတ်ပြန်တဲ့စာရင်းအရ ကမ္ဘာပေါ်မှာ ရာသီဥတုပြောင်းလဲမှုဒဏ်အဆိုးဆုံး ခံရတဲ့ ကမ္ဘာ့အဆိုးဆုံး ၁၀ နိုင်ငံမှာမြန်မာက နံပါတ်(၂)မှာ ပါတယ်၊ အဲဒီတော့ ကမ္ဘာပေါ်မှာ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်မှုအဆိုးဆုံးဒဏ်ရှိတဲ့ ဒုတိယမြောက်နိုင်ငံ။ ဒါကိုဘယ်တော့မှ မမေ့ပါနဲ့။ အဲ့ဒီလိုရှိသော်ငြားလည်းပဲ အမေရိကန်ပြည်ထောင်စု Nortre Dame University ရဲ့ လေ့လာချက်ကပိုပြီး အသေးစိတ်ကျတယ်။ အဲ့ဒီတက္ကသိုလ်က ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံပေါင်း ၁၈၇ နိုင်ငံရဲ့တစ်နိုင်ငံချင်းစီရဲ့ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံရနိုင်ဖို့အလားအလာ အနည်းအများကို စာရင်းလုပ်တယ်။ အဲဒီနိုင်ငံတစ်ခုစီရဲ့ ရာသီဥတုပြောင်းလဲနိုင်မှု အလားအလာနဲ့ ပတ်သက်ပြီးတော့ လူထု၊ အစိုးရအားလုံးက ကြိုတင်ပြင်ဆင်ထားတဲ့ အရန်သင့်ဖြစ်သလား (Readiness) ဆိုတာရယ်၊ ရာသီဥတုပြောင်းလဲမှု ဒဏ်ခံရနိုင်ဖို့ အလားအလာ (Bulnera- bility)။ တချို့နိုင်ငံတွေက အလားအလာဆိုးတယ်။ တချို့ကောင်းတယ်။ အဲ့ဒီ Bulnerability ပေါ်မှာလိုက်ပြီးတော့ အစိုးရ၊ လူထု၊ မီဒီယာတွေအားလုံးက ဒီဟာကို ဘယ်လောက်အလေးအနက်ထား လုပ်ဆောင်ထားသလဲ။

Bulnerability လို့ခေါ်တဲ့ သဘာဝအတိုင်းရှိနေတဲ့ အန္တရာယ်အလားအလာရှိမှုကို ကြည့်တဲ့အခါမှာ ကမ္ဘာ့ ၁၈၇ နိုင်ငံထဲမှာ မြန်မာနိုင်ငံက ၁၄၁ အဆင့်မှာရှိတယ်။ ဒီအဆင့်ကသိပ်တော့ Grading ကောင်းတာမဟုတ်ဘူး။ အိမ်နီးနားချင်း ဘင်္ဂလားဒေ့ရှ်ကိုကြည့်တော့ အဲ့ဒီဒေသရဲ့ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်စွမ်းက ကျွန်တော်တို့ နိုင်ငံထက်ဆိုးတယ်။ ဒါပေမယ့် Readiness နဲ့ကို ကြည့်လိုက်တဲ့အခါမှာ သဘာဝအရ အန္တရာယ်ရှိမှုက ကျွန်တော်တို့ကနည်းပေမယ့်လို့ တိုင်းပြည်ရဲ့ လူမှုအဖွဲ့အစည်း တစ်ခုလုံးရဲ့ သဘာဝဘေးအန္တရာယ်၊ ရာသီဥတုပြောင်းလဲခြင်းရဲ့ ပတ်သက်တဲ့ ကာကွယ်မှုအရန်သင့်ဖြစ်မှုအပိုင်းကိုကြည့်တဲ့အခါ ၁၈၄ နိုင်ငံမှာ မြန်မာက ၁၇၉ ဖြစ်သွားတယ်။ အဆိုးဆုံးအဆင့်ထဲမှာ ပါသွားတယ်။ အောက်ဆုံးအဆင့် ငါးနိုင်ငံပဲ ကျန်တော့တယ်။ ကျွန်တော်တို့ထက် ဆိုးပါတယ်ဆိုတဲ့ ဘင်္ဂလားဒေ့ရှ်က ကျွန်တော်တို့ရဲ့အပေါ်ကို ရောက်သွားတယ်။ သဘာဝက ကျွန်တော်တို့ကို မျက်နှာသာပေးပေမယ့် လူသားရဲ့စွမ်းဆောင်မှုအပိုင်းမှာ ညံ့တယ်လို့ ကမ္ဘာက သတ်မှတ်ထားတယ်။ အဲ့ဒါပြည်သူလူထု သိဖို့ လိုတယ်။ ကျွန်တော်တို့အများကြီး လုပ်ရဦးမယ်။ လူထုတင်မဟုတ်ဘူး။ အစိုးရလည်းလုပ်ရမယ်။

ရာသီဥတုပြောင်းလဲခြင်းကို ဘယ်နည်းနဲ့လုပ်မှ အောင်မြင်မလဲဆိုတာ ပညာရှင်များတွက်ပြီးဖြစ်တယ်။ လုပ်ဆောင်ရမည့်နည်း၊ လိုက်နာရမည့်နည်း၊ အကောင် အထည်ဖော်ရမည့်နည်းက အားလုံးက ပိုင်းလုပ်ကြ၊ အဓိကအားဖြင့် အဖွဲ့ အစည်းကြီး ငါးခု၊ ပြည်သူ၊ အစိုးရ၊ ဒေသခံအုပ်ချုပ်သူ၊ မီဒီယာ၊ NGO/INGO အဲ့ဒီလို အားလုံးပေါင်းလုပ်မှ ဒီလုပ်ငန်းမျိုးက အောင်မြင်နိုင်တယ်။ ပညာရှင်ချည်းပဲ သိနေလို့မရဘူး။ အားလုံးလည်းသိအောင်လုပ်ရမယ်။ အားလုံးလည်းပိုင်းလုပ်ကြဖို့လိုတယ်။ တစ်နိုင်ငံလုံးအပေါ်မှ ဒါနဲ့ပတ်သက်ပြီးတော့ ဦးဆောင်နိုင်တဲ့ လမ်းညွှန်အမိန့်ပေးနိုင်တဲ့အဖွဲ့အစည်းက တိုင်းပြည်အုပ်ချုပ်တဲ့ အစိုးရပဲ။ အစိုးရက ဦးဆောင်မှုရနိုင်တဲ့အလုပ်ဖြစ်တဲ့အတွက် အစိုးရပိုင်းကလည်း ဒါတွေကိုနိုင်ငံရေးအရ အားပေးထောက်ခံမှုရှိဖို့လိုပါတယ်ဆိုတာကို ပြောပြချင်ပါတယ်။

ရာသီဥတုပြောင်းလဲခြင်းကို ဘယ်လိုလုပ်ကြမလဲလို့ နည်းလမ်းတွေ မရှာဖွေဘူး၊ ဦးဆောင်ဦးရွက်ပြုမယ့် အဖွဲ့အစည်းမရှိကြဘူးဆိုရင် နိုင်ငံတော်ကနေ ကနေ့ ကမကထလုပ်နေတဲ့ လုပ်ငန်းကြီး (၂)ရပ် ဆင်းရဲမွဲတေမှု ပပျောက်ရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး မအောင်မြင်နိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဆင်းရဲမွဲတေတာလည်း တောင်သူလယ်သမားပဲ၊ ဖွံ့ဖြိုးတိုးတက်မှုလိုတာကလည်း တောင်သူလယ်သမားပဲ။ တောင်သူလယ်သမားက မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်း။ အဲဒီတောင်သူလယ်သမားကို ဆင်းရဲအောင်၊ မဖွံ့ဖြိုးမတိုးတက်အောင် လုပ်နေတဲ့တရားခံက ကနေ့ သဘာဝဘေးအရ ပြောရင်တော့ ရာသီဥတုဖောက်ပြန်ခြင်းပဲ။ ကမ္ဘာက သတ်မှတ်ထားတာကတော့ ရာသီဥတုဖောက်ပြန်ခြင်း၊ ပြောင်းလဲခြင်းကို ရင်ဆိုင်တုံ့ပြန်တဲ့နေရာမှာ နည်းက နှစ်နည်းပဲရှိတယ်။ တစ်နည်းက လျော့ပါးအောင်လုပ်မယ်။ နောက်တစ်ခုက လိုက်လျောညီထွေနေထိုင်မယ်။ အဲ့ဒီနှစ်ခုလုံးကို အစိုးရက ဦးဆောင်လုပ်မှသာလျှင် ဖြစ်နိုင်တယ်လို့ ကျွန်တော်ကတော့ မြင်ပါတယ်။

မေး။ ။ အခု ရွှေတိုဂုံဘုရားအရှေ့ဘက်မုခ်မှာ မြေလျင်တိုင်းတာခြင်းတွေ လုပ်နေတယ်လို့ ကြားသိရပါတယ်။ အဲ့ဒီကိစ္စအပေါ် ဆရာ့အမြင်လေးပြောပေးပါ။

ဖြေ။ ။ ကိရိယာတစ်စုံတစ်ခု တပ်လိုက်ပြီဆိုရင် ကောလဟလကဖြစ်တော့တာပဲ။ ကျွန်တော်တို့ မော်လမြိုင်မှာ ဆူနာမီသတိပေးစနစ် တပ်လိုက်တာနဲ့ အုတ်အော်သောင်းတင်း ဖြစ်သွားပြီ။ ဒီနေရာမှာ ဆူနာမီကျတော့မှာပဲဆိုပြီး။ အဲဒီလိုမဟုတ်ပါဘူး။ အဲ့ဒါတွေ လာတပ်ရင် အဲ့ဒီဒေသကလူတွေက ဝမ်းပန်းတသာ ကြိုရမှာ။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရဲ့လုံခြုံမှုက တိုးတက်သွားပြီ။ ကြိုသိတဲ့စနစ်တပ်တယ်ဆိုတာ မကောင်းဘူးလား။ လာတပ်တာနဲ့ပဲ ဖြစ်ရတော့မယ်လို့ ပြောတာမဟုတ်ဘူး။ အဲ့ဒါလေးက အရေးကြီးပါတယ်။ အခုလည်း ဒီလိုပါပဲ။ ရွှေတိုဂုံဘုရားမှာ ဒါတပ်တယ်ဆိုရင် ဒါတပ်လိုက်တဲ့အတွက် ငလျင်လှုပ်တော့မယ်လို့ပြောခြင်း မဟုတ်ဘူးလေ။ ဒီမှာ ဘယ်လောက် အတိုင်းအတာ အထိရှိနိုင်သလဲဆိုတာ အချက်အလက် (Data)မှ မရှိတာကိုး။ အဲ့ဒီ အချက်အလက်ကိုရအောင် လုပ်မယ်။ ဒါကောင်းပါတယ်။

ရန်ကုန်-သံလျင်တံတားယာဉ်ကြောပိတ်ဆို့မှုလျော့ကျစေမည့် အုတ်ဖိုစု-သနပ်ပင်လမ်း မကြာမီပွင့်မည်

ရန်ကုန် မတ် ၁၀

ရန်ကုန် - သံလျင်တံတားက သီလဝါအထူးစီးပွားရေးဇုန်ကြောင့် အရေးပါလာသည်။ ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှု များပြားလာခြင်းက ရန်ကုန်-သံလျင် တံတားပေါ်အထိ သက်ရောက်မှုရှိလာသည်။ တံတားကြီးပေါ်တွင် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိရာ မကြာမီဖွင့်လှစ်တော့မည့် အုတ်ဖိုစု-သနပ်ပင်လမ်းမကြီးကြောင့် ယာဉ်ကြောပိတ်ဆို့မှု လျော့ကျတော့မည်ဖြစ်သည်။

"ကျေးလက်နေပြည်သူတွေ သွားလာရေးအဆင်ပြေစေဖို့ ဖောက်လုပ်ပေးခဲ့တာဖြစ်ပြီး အခုလိုကွန်ကရစ်လမ်းမကြီးကြောင့်လည်း ရန်ကုန်-သံလျင်တံတားပေါ်မှာ ဖြတ်သန်းသွားလာနေတဲ့ မော်တော်ယာဉ်တွေ အတွက်လည်း လမ်းရှောင်မောင်းနှင်လို့ရတဲ့အတွက် ယာဉ်ကြောပိတ်ဆို့မှုလည်းလျော့ကျစေဖို့ အထောက်အကူပြုစေမှာ ဖြစ်ပါတယ်" ဟု ရန်ကုန်တောင်ပိုင်းခရိုင် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်လင်းသန်းက ပြောသည်။

မကြာမီ ဖွင့်လှစ်တော့မည့် အုတ်ဖိုစု-သနပ်ပင် လမ်းမကြီးသည် သံလျင်-အုတ်ဖို စုရပ်ကွက်မှ သနပ်ပင်ကျေးရွာ ဒဂုံတံတားအမှတ်(၂)သို့ ဆက်သွယ်ထားသည့် ခြောက်လမ်းသွားလမ်းမကြီးထိပ်သို့ ဆက်သွယ်ဖောက်လုပ်ထားခြင်း ဖြစ်သည်။ ကွန်ကရစ်လမ်းဖြစ်ပြီး အရှည်နှစ်မိုင်တစ်ဖာလုံရှိကာ လမ်းအကျယ် ၁၂ ပေ၊ ကွန်ကရစ်ထု ကိုးလက်မရှိသည်။ ယင်းကွန်ကရစ်လမ်းပေါ်တွင် အရှည် ပေ ၁၁၀၊ အကျယ် ၁၄ ပေရှိသော ဘိုးပိုင် သံကူကွန်ကရစ်တံတားတစ်စင်းကိုလည်း APAZ ကုမ္ပဏီက တည်ဆောက်လျက်ရှိရာ ရက်ပိုင်းအတွင်း ပြီးစီးတော့မည်ဖြစ်သည်။

အုပ်ဖိုစု-သနပ်ပင်လမ်းမကြီးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ခြင်းဖြစ်သည်။ ယခုကွန်ကရစ်လမ်းမကြီး ဖောက်လုပ်မှုကြောင့် ရန်ကုန်-သံလျင်တံတားယာဉ်ကြောပိတ်ဆို့ချိန်တွင် ခရီးသွားပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေးကိစ္စရပ်များ အချိန်နှင့်တစ်ပြေးညီ သွားလာနိုင်ရန်အတွက် သန်လျင်မီးပွိုင့် လမ်းဆုံမှ ဘောက်ထော်တွင်းရပ်ကွက် ဦးဘအိုလမ်းမှ ယခုဖောက်လုပ်ထားသည့် အုတ်ဖိုစု-သံလျင်ကွန်ကရစ်လမ်းကို အသုံးပြုကာ ဒဂုံတံတားအမှတ် (၂) သို့ အချိန် ၁၀ မိနစ်အတွင်း မောင်းနှင်ကာ ရန်ကုန်သို့ သွားလာနိုင်မည်ဖြစ်သည်။

တစ်ဖန် သံလျင်နာရီစင်လမ်းဆုံ သိပ္ပံလမ်းမနေ၍လည်း ယခုအသစ်ဖွင့်လှစ်တော့မည့် အုတ်ဖိုစု-သံလျင်ကွန်ကရစ်လမ်းကို အသုံးပြုကာ ဒဂုံ အမှတ် (၂) တံတားသို့ အချိန်တိုအတွင်း မောင်းနှင်သွားလာကာ ရန်ကုန်သို့ လာရောက်နိုင်မည်ဖြစ်သည်။ ထို့အပြင် ယခုကွန်ကရစ်လမ်းကိုအသုံးပြုပြီး ကျေးလက်ပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်ရန်လည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။

"သံလျင်မြို့နယ် အတွင်းမှာရှိတဲ့ ဖားကူးအရှေ့ရွာ၊ ဖားကူးအနောက်ရွာ၊ ဝင်းခန်းကျေးရွာကို ဆိုလာစနစ်နဲ့မီးရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သလို ကုလားဝဲကျေးရွာမှာ ဂါလန် ၅၀၀၀ ဆံ့အုတ်ရေကန်နဲ့ စက်ရေတွင်းတူးဖော်တဲ့လုပ်ငန်းတွေ၊ ငါးပြေမရွာ၊ သနပ်ပင်ရွာ၊ ကုလားဝဲရွာ၊ မဂ်လွန်းကျေးရွာတွေမှာလည်း မြေသားရေကန်တွေတူးဖော်ပေးခဲ့ပါတယ်။ ဒါတွေကတော့ သန်လျင်မြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ခွင့်ပြုရန်ပုံငွေတွေအသုံးပြုပြီး ဆောင်ရွက်တာဖြစ်ပါတယ်" ဟု မြို့နယ်ဦးစီးမှူး ဒေါ်ချောစုစံက ပြောသည်။

အုပ်ဖိုစုသနပ်ပင်လမ်းကြောင့် ကျေးလက်ပြည်သူများ သွားလာရေးလွယ်ကူချောမွေ့စေသကဲ့သို့ ရန်ကုန်-သံလျင်တံတား ယာဉ်ကြောပိတ်ဆို့မှုကို လျော့ကျစေမည်ဖြစ်ပါသည်။

သတင်း၊ဓာတ်ပုံ-သန်းဝင်း (သံလျင်)

ပုသိမ်မြို့၌ ဓာတ်ဆီလှယ်ထည့်ရာက မီးလောင်မှုဖြစ်ပွား

ပုသိမ် မတ် ၁၀

ပုသိမ်မြို့ အမှတ်(၂) နယ်မြေ ကမ်းနားလမ်း ငွေဆောင်ကားဂိတ် အနီး ဆိုင်ခန်းအမှတ်(၂) နေကြာမိုး ဆိုင်ကယ်ပစ္စည်း ရောင်းဝယ်ရေး ဆိုင်၌ မတ် ၈ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်က ဆိုင်လုပ်သားတစ်ဦး ဖြစ်သူ ကိုဝမ်းကို (၁၉ နှစ်)သည် ဓာတ်ဆီတိုင်ကီမှ ပလတ်စတစ်ပုံးထဲသို့ ဓာတ်ဆီလှယ်ထည့်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူး ရဲဗလမျိုးဝင်း ဦးဆောင်သော သန္တေ မီးသတ်တပ်ဖွဲ့ဝင် ၃၀ နှင့် ကွပ်ကဲရေးယာဉ် တစ်စီး၊ မီးသတ် ယာဉ်နှစ်စီး၊ ရေသယ်ယာဉ် နှစ်စီးတို့နှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းဖြိုမ်းသတ်ခဲ့မှုကြောင့် မိနစ် ၂၀ ခန့်အကြာတွင် မီးငြိမ်းသွားသည်။

မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ ပုသိမ်မြို့နယ် အမှတ်(၂) နယ်မြေ ရဲစခန်းက ကိုဝမ်းကိုအားအမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **လှကြည်(ပုသိမ်)**

ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ကိုင်သူများ လုပ်ငန်းလိုင်စင်ပြန်လည်လျှောက်ထားရမည်

ရန်ကုန် မတ် ၁၀

ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ဥပဒေသစ်အရ လုပ်ငန်းလိုင်စင်များ ပြန်လည် လျှောက်ထားရမည်ဖြစ်ကြောင်း ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှူးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"မြန်မာ့ကမ်းရိုးတန်းနဲ့ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ကြသူများ အနေဖြင့် ဥပဒေသစ်နဲ့အညီ လုပ်ငန်းလိုင်စင်များကို လက်ရှိလိုင်စင်သက်တမ်းကုန်ဆုံးချိန်မှာ ဆက်လက်လုပ်ကိုင်လိုပါက ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ လုပ်ငန်းလိုင်စင်ပြန်လည်လျှောက်ထားကြရမှာဖြစ်ပါတယ်" ဟု တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်က ၂၀၁၅ ခုနှစ်မတ်လ ၅ ရက် ရက်စွဲဖြင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြဋ္ဌာန်းထုတ်ပြန်လိုက်ပြီဖြစ်ပါသည်။

အဆိုပါဥပဒေအရ မြန်မာ့ကမ်းရိုးတန်း ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ၁၉၅၄ ခုနှစ် သင်္ဘောသွားလာမှု အုပ်ချုပ်ရေးအက်ဥပဒေအရလိုင်စင်ဖြင့် လုပ်ကိုင်နေသူများသည် လည်းကောင်း၊ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ၁၉၆၃ ခုနှစ် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေအရ လိုင်စင်ဖြင့် လုပ်ကိုင်နေသူများသည်လည်းကောင်း လက်ရှိလိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင် လျှောက်ထားရမည်ဖြစ်သည်။

ရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် ဥပဒေအရ မည်သူမဆို လိုင်စင်ရယူဆောင်ရွက်ရမည်ဖြစ်ပြီး တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ကရင်ပြည်နယ်၌ ကျင်းပ

ဘားအံ မတ် ၁၀

ကရင်ပြည်နယ်တွင် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို မတ် ၈ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၏ ဇနီးများ၊ ပြည်နယ်/ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ညွှန့်ညွှန့်ဝေက မြန်မာနိုင်ငံအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ထံမှ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ဘားအံမြို့ ရက်ကန်းနှင့် အသက်မွေး သင်တန်းကျောင်းသို့ လစဉ်ထောက်ပံ့မှုပြုနေသော ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့အား အသေးစားစက်မှုလက်မှုဌာနမှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ကရင်ပြည်နယ်အတွင်း ထူးချွန်အမျိုးသမီး ဂုဏ်ပြုဆုများတွင် နိုင်ငံတော်အဆင့် အာဆီယံစာစီစာကုံးပြိုင်ပွဲ၊ ကမ္ဘာ့ဆရာများနေ့ ကဗျာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယကကလည်းကောင်း၊ ၂၀၁၄-၂၀၁၅ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဘာသာစုံ ဂုဏ်ထူးရရှိသူအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ဇနီးကလည်းကောင်း၊ အာဆီယံလူငယ် ပြေးခုန်ပစ် ငွေတံဆိပ်ရရှိသူ နှစ်ဦးအား ပြည်နယ်စာရင်းစစ်ချုပ်ကလည်းကောင်း၊ စတုတ္ထအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိသူ အမျိုးသမီး ၁၀ ဦးကို ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ဇနီးနှင့် ပြည်နယ်ဝန်ကြီးများ၏ ဇနီးများက ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဓာတ်ပုံပြခန်းများကို တက်ရောက်အားပေးသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်

ဗန်းမော်မြို့၌ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်

ဗန်းမော် မတ် ၁၀

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့တွင် တိုင်းရင်းဆေးကုဦးစီးဌာနမှ နှစ်စဉ်ကျင်းပမြဖြစ်သော ရွှေကျီးနားရပ်ကွက် သမိုင်းဝင်ရွှေကျီးနား ဗုဒ္ဓပူဇနီယပွဲတော်၌ မတ် ၆ ရက် နံနက်မှ စတင်၍ မတ် ၁၅ ရက်အထိ ခရိုင် ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်ခန့်ခန့်စိုး ဦးဆောင်၍ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်စိုးစိုး၊ ဒုတိယလက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်နှင်းဝေလွင်နှင့် ခရိုင်/မြို့နယ်အဆင့် တိုင်းရင်းဆေးဆရာအသင်းများပူးပေါင်းပြီး ဘုရားပွဲတော်လာရောက်ကြသည့် ဒေသခံပြည်သူများအား တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ ကုသပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ပြည်တွင်းသတင်း

နယ်မြို့များသို့ အလှကုန်ပစ္စည်းများ လာရောက်ဖြန့်ချိရာတွင် သက်တမ်းလွန်များပါဝင်

အလှကုန်ဖြန့်ချိနေသော ကုမ္ပဏီလက်ခွဲများအနေဖြင့် အလှကုန်ပစ္စည်းများကို နယ်မြို့များသို့ ဖြန့်ချိရာတွင် ပြည်ပနိုင်ငံ ထုတ်ပစ္စည်းများတွင် ထုတ်လုပ်မှုသက်တမ်းလွန် ပစ္စည်းများပါဝင်နေခြင်းများရှိနေပြီး လက်လီလက်ကားဝယ်ယူရောင်းချသူများအနေဖြင့် ပစ္စည်းတိုင်း၏ ထုတ်လုပ်မှုနေ့စွဲနှင့် ကုန်ဆုံးမည့်ခုနှစ်ကို သတိထားဝယ်ယူခြင်းသည် အကောင်းဆုံးဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးအတွင်း အလှကုန်ပစ္စည်းဝယ်ယူရောင်းချသူတစ်ဦးက အလှကုန်လုပ်ငန်းအတွေ့အကြုံကို မတ် ၇ ရက်က ပြောကြားသည်။

"ကျွန်မအနေနဲ့ နယ်မြို့ ကုမ္ပဏီလက်ခွဲတွေဆီက ဝယ်ပါတယ်။ လာပို့တဲ့အချိန် ဈေးဝယ်ရှိရင် မစစ်နိုင်ပေမယ့် အားတာနဲ့ ပစ္စည်းတိုင်းကို စစ်ဆေးပြီးမှ ဆိုင်တင်ရောင်းတာပါ။ ပစ္စည်းတိုင်းကို ဒီအတိုင်းတင်မရောင်းပါဘူး၊ ကျွန်မစစ်ဆေးလို့ သက်တမ်းလွန်ပစ္စည်းတွေတွေ့တာ သုံးကြိမ်လောက်ရှိပါပြီ" ဟု ၄င်းက ပြောသည်။

မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအများအပြားမှ လူသုံးကုန်၊ ဆေးဝါးများနှင့် အလှကုန်ပစ္စည်းအများအပြားကို တရားမဝင်တင်သွင်းခဲ့ကြပြီး ပြည်တွင်းဈေးကွက်ယှဉ်ပြိုင်မှုကြီးမားမှု၊ တန်ဖိုးနည်းကုန်ပစ္စည်းများသာ ဈေးကွက်အတွင်း အရောင်းအဝယ်ဖြစ်နေသောကြောင့် တင်သွင်းရောင်းချသူများ အနေဖြင့် သက်တမ်းလွန်များကို နယ်မြို့များအတွက် အဓိကတင်သွင်းရောင်းချမှုများရှိကြောင်း၊ ထိုင်းနိုင်ငံမှ လက်မှုပညာဖြင့် ပြုလုပ်ထားသော ကုန်ပစ္စည်းများ တင်သွင်းရောင်းချနေသူ လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောပြသည်။

ထိုကဲ့သို့ ကုန်ပစ္စည်းတင်သွင်းရောင်းချမှုများတွင် အခြေခံလူတန်းစားများအနေဖြင့် ငွေကြေးမသုံးစွဲနိုင်ဘဲ တန်ဖိုးနည်းပစ္စည်းများကိုသာ အများဆုံးဝယ်ယူမှုများသောကြောင့် တင်သွင်းရောင်းချသူများမှာ ပစ္စည်းအရည်အသွေးထက် ဈေးနှုန်းသက်သာမှုကိုသာ အဓိကရွေးချယ်တင်သွင်းနေမှုက ကျောင်းသားဝယ်များ၏ အစားအသောက်များ၊ လူသုံးကုန်ပစ္စည်းများမှာ အရည်အသွေးကျဆင်းနေခြင်းဖြစ်ကြောင်း သိမ်ဖြူလမ်းမှ ဂျပန်နိုင်ငံထုတ် အင်ဂျင်ဝိုင်ပစ္စည်းတင်သွင်းရောင်းချသူ ဝါရင့်သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ဇင်လင်းထက်

တက္ကသိုလ်ဝင်တန်းပြေဆိုမည့် ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး

ထားဝယ် မတ် ၁၀

တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီစိုး၊ အတွင်းရေးမှူး ဒေါ်လှသန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် မတ် ၇ ရက်က ထားဝယ်မြို့ ပခုက္ကူဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ သံယာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး ကျောင်းရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား နေ့လယ်စာများ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။ ညနေပိုင်းတွင် ပခုက္ကူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ဇေယျဘုမ္မိဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ဖွင့်လှစ်ထားသည့် ညဉ့်စာကျက်ဝိုင်းမှ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၄၂ ဦးအား ညလယ်စာအာဟာရ အအေးနှင့် မုန့်များကျွေးမွေးပြီး ဥက္ကဋ္ဌ ဒေါ်သီသီစိုးက စားမေးပွဲဖြေဆိုရာတွင် သတိထားရမည့်အချက်များ စာမေးပွဲ ပြီးဆုံးသည်အထိ ကျန်းမာရေးကို ဂရုစိုက်ကြပြီး စာမေးပွဲကို အစွမ်းကုန်ကြိုးစားအားထုတ်ဖြေဆိုကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ထပ်ဆင့်ရှင်းလင်း

သိန်းနီ မတ် ၁၀

တည်ဆဲအမျိုးသားပညာရေးဥပဒေနှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းထပ်ဆင့်ရှင်းလင်းပွဲကို သိန်းနီမြို့နယ် အလက (၃) ကျောင်း၌ မတ် ၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းလှိုင်က အမှာစကားပြောကြားပြီးမြို့နယ်ပညာရေးမှူးဒေါ်စန်းစန်းကြွယ်က တည်ဆဲအမျိုးသားပညာရေးဥပဒေနှင့် အမျိုးသားပညာရေး ဥပဒေပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေကြမ်း အခန်း(၁)မှ (၉)အထိရှင်းလင်းဖတ်ကြားကာ အထက(၃)စယ်အူ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဌေးက အခန်း (၁၀) မှ (၁၃)ထိ ဆက်လက်ရှင်းလင်း ဖတ်ကြားခဲ့ကြောင်း သိရသည်။

ချစ်လှ

ရွာငံမြို့နယ်တွင် အခမဲ့ရုပ်သံလိုင်းများ ဖမ်းယူကြည့်ရှုနိုင်

ရွာငံ မတ် ၁၀

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် မြန်မာ့အသံနှင့် ထပ်ဆင့်လွှင့်စက်ရုံမှ Analogue စနစ်ဖြင့်လည်းကောင်း၊ Digital စနစ်ဖြင့် လည်းကောင်း၊ ရုပ်သံလိုင်းများကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြသလျက်ရှိသည်။ MRTV ရုပ်သံလိုင်းကို ခြောက်မိုင်ပတ်လည်အတွင်းရှိ ကျေးရွာများ၊ MRTV Radio ကို ခြောက်မိုင်ပတ်လည်အတွင်းရှိ ကျေးရွာများမှ (88.3) MH2 တွင် ဖမ်းယူနားဆင်နိုင်ပါသည်။ MRTV DVB-T2 Set-top Box စက်များဖြင့် MRTV,MRTV-Enterainment,MITV,HLUTTAW,NRC,FA-RMER, REA DERS, FOR EDU, MRTV SPORT, MRTV-4, Channel-7,5-Plus,MNTV, Channel-9 ရုပ်သံလိုင်းများကို ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ အလွယ်တကူအခမဲ့ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

အလောင်းတော်ကဿပစံကျောင်းသို့ ဆင်စီးပြီး ဘုရားဖူးသွားရောက်သူများပြားလျက်ရှိ

မုံရွာ မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ အလောင်းတော်ကဿပသို့ ဘုရားဖူးလာသော ပြည်သူများအနက် မြို့ပြများမှ လာရောက်သူများအနေဖြင့် ဆင်စီးဖူးသည်ဆိုသည့် အတွေ့အကြုံသစ်ရယူလိုခြင်းကြောင့်လည်းကောင်း၊ သက်ကြီးရွယ်အို များ တောင်တက်တောင်ဆင်း လမ်းမလျှောက်နိုင်သဖြင့်လည်းကောင်း ဆင်စီး၍ တက်သူအများအပြားရှိကြောင်း သိရသည်။

ယခုအခါ ပွင့်လင်းရာသီရောက်ရှိလာရာ အလောင်းတော်ကဿပသို့ မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးများနှင့် ဒေသန္တရဗဟုသုတ လေ့လာရှာမှီးသူများ နေ့စဉ်လာရောက်လျက်ရှိသည်။ အလောင်းတော်ကဿပသို့ လာရောက်သည့် ဘုရားဖူးများအနေဖြင့် ကားရပ်နားရာ သပိတ်ဆေးစခန်းမှ အလောင်းတော်ကဿပ စံကျောင်းအထိ တစ်မိုင်ခန့်ခရီးကို ခြေကျင်ခရီးဖြင့်လည်းကောင်း၊ ဆင်များစီး၍ လည်းကောင်း သွားရောက်ဖူးမြော်နိုင်ရာ ယခုနောက်ပိုင်းတွင် ဆင်စီးလိုသူက လမ်းလျှောက်သူထက်များပြားလာခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ်က အယင်နှစ်ထက်စာရင် ဘုရားဖူးလာတဲ့သူတွေနည်းတယ်။ သပိတ်ဆေးစခန်းကနေပြီး စံကျောင်းအထိကို ဆင်စီးပြီးသွားတဲ့သူတွေကျတော့ များတယ်။ ဒီနှစ်မှာ ဆင်ကလည်း အကောင် ၄၀ ကျော်လောက်ပဲ သုံးနိုင်တယ်။ စီးတဲ့သူများပြီး ဆင်ကောင်ရေနည်းတာ လည်းပါမယ်ထင်တယ်။ ဆင်တွေက နံနက်ပိုင်းကို ၆ နာရီကနေ ၁၁ နာရီအထိ တစ်ကြိမ်၊ ညနေ ၃ နာရီက ၆ နာရီအထိ တစ်ကြိမ်၊ တစ်ရက်ကို နှစ်ကြိမ် အသွားအပြန် သယ်ပေးရတယ်။ နေ့လယ်ပိုင်းတွေကိုတော့ သူတို့ကို အနားပေးရတယ်။ ဆင်တွေက နှစ်ယောက်စီးဆင်နဲ့ လေးယောက်စီးဆင်ဆိုပြီး နှစ်မျိုးရှိတယ်။ လူတစ်ယောက်ကို သစ်လုံးအိမ်စခန်းကနေ စံကျောင်းအရောက်တစ်ကြောင်းကို ၂၀၀၀ ကျပ်ကျတယ်။ ဘုရားဖူးလာတဲ့ ပြည်သူတွေကို အတွေ့အကြုံသစ်တွေရစေတယ်။ ပင်ပန်းဆင်းရဲမှုကင်းစွာနဲ့ ဘုရားအရောက်ပို့ဆောင်ပေးရတဲ့အတွက် ကျွန်တော်တို့အတွက် ဒီလုပ်ငန်းက ကုသိုလ်ရ၊ ဝမ်းလည်းဝတဲ့အလုပ်တစ်ခုလို့မြင်ပါတယ်။ ဆင်စီးချင်တဲ့သူတိုင်းကို ဆင်ကောင်ရေနည်းတဲ့အတွက် အချိန်မီပို့မပေးနိုင်တာကိုပဲ စိတ်မကောင်းဖြစ်မိပါတယ်"ဟု ဆင်စီးသူများပြားလာခြင်းနှင့်ပတ်သက်၍ ဘုရားဖူးများကို သယ်ယူပို့ဆောင်ပေးနေသူ ဆင်ဦးစီးတစ်ဦးက ပြောပြသည်။ "ညနေပိုင်း အလုပ်သိမ်းချိန်ရောက်တာနဲ့ ဆင်တွေကို ခလောက်ဆွဲပြီး တောထဲကိုလွှတ်ပေးရတယ်။ နံနက် ၃ နာရီလောက်ထပြီး ညကလွှတ်ပေးတဲ့ဆင်တွေကို တောထဲမှာ ခလောက်သံနားထောင်ပြီး လိုက်ကောက်ရတယ်။ နံနက် ၆ နာရီရောက်တာနဲ့ လုပ်ငန်းခွင်ပြန်ဝင်ပေါ့ဗျာ"ဟု ၄င်းက ဆက်ပြောသည်။

ဆင်များကို မစီးလိုသည့်ခရီးသွားများအနေဖြင့်လည်း အထမ်းသမားများဖြင့် စံကျောင်းအရောက်သွားရောက်နိုင်ပြီး လူတစ်နိုင်ပစ္စည်း စံကျောင်းအရောက်သယ်ယူပါက ငွေကျပ် ၃၀၀၀၊ လူတစ်ဦးလိုက်ပါက ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် စောင်ပုခက်များဖြင့် ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ဗိုးချမ်း(မုံရွာ)

ပြည်နယ်ဂုဏ်ဆောင် ဆုရအားကစားသမားများအား ဂုဏ်ပြု

ဘားအံ မတ် ၁၀

၂၀၁၅ ခုနှစ် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုတံဆိပ်များရရှိခဲ့ကြသော ကရင်ပြည်နယ်ကိုယ်စားပြု အားကစားသမားများအား ဂုဏ်ပြုပွဲကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ မတ် ၇ ရက်က ကျင်းပသည်။

ဂုဏ်ပြုပွဲတွင် ဆုတံဆိပ်ရရှိသော အားကစားသမားများက တစ်ဦးချင်းမိတ်ဆက်၍ အားကစားသမားများ၊ နည်းပြနှင့် အသင်းအုပ်ချုပ်သူများက ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှူး ဦးအေးလွင်က အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြသည့် အားကစားနည်းများအလိုက် ဆုတံဆိပ်များရရှိခဲ့သည့် အခြေအနေနှင့် ကရင်ပြည်နယ်ကို ကိုယ်စားပြုမည့် အားကစားသမားကောင်းများ ထပ်မံမွေးထုတ်နိုင်ရေးအစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စတုတ္ထအကြိမ်အမျိုးသားအားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိသော အားကစားသမားများနှင့် ဘောလုံးပြိုင်ပွဲပိုလ်လုပ်ပွဲ၌ ဒုတိယငွေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သော အမျိုးသားဘောလုံးအသင်းအား ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များက ဂုဏ်ပြုခြီးမြှင့်သော ဆုငွေများကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများကပေးအပ်ခြီးမြှင့်ခဲ့ကြသည်။

စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်၌ ကရင်ပြည်နယ်ကိုယ်စားပြု အားကစားသမားများသည် ရေကူးအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ် သုံးခု၊ စက်ဘီးပြိုင်ပွဲတွင်ကြေးတံဆိပ် တစ်ခု၊ ဂျူဒို

ပြိုင်ပွဲတွင်ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်နှစ်ခု၊ ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခု၊ ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ရွှေတံဆိပ်ကိုးခု၊ ငွေတံဆိပ်နှစ်ခု၊ အမျိုးသမီးလက်ဝှေ့တွင် ရွှေတံဆိပ်တစ်ခု၊ မြန်မာ့သိုင်းတွင်ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ကာယကြံ့ခိုင်ပြိုင်ပွဲတွင်ငွေတံဆိပ်တစ်ခု၊ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဒုတိယဆုများ ရရှိခဲ့ပြီး စုစုပေါင်း ဆုတံဆိပ် ၃၂ ဆုဖြင့် အဆင့်ရှစ်ရရှိခဲ့ကြောင်း သိရသည်။

နေမျိုး

ကလေးများအတွက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်း ကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာသင်တန်းများပွင့်

ကော့သောင်း မတ် ၁၀

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက်ရှိ နိဗ္ဗာန်အေးပရိယတ္တိစာသင်တိုက်၌ စတုတ္ထအကြိမ် နွေရာသီယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာသဒ္ဒါသင်တန်းများကို မတ် ၈ ရက်က စတင်ဖွင့်လှစ်ကြောင်း သိရသည်။

မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများအတွက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ ကလေးငယ်များအနေဖြင့် ဗုဒ္ဓဘာသာ၏ အနှစ်သာရများကို သိရှိနားလည်စေရေး၊ ယဉ်ကျေးလိမ္မာသောကလေးငယ်များဖြစ်စေရေး၊ ဘာသာတရား၏ ဆိုဆုံးမမှုများကို လိုက်နာခြင်းဖြင့် အနာဂတ်သာသနာတော် အရှည်တည်တံ့ပြန့်ပွားစေရေး၊ အိုင်တီခေတ်၏ နည်းပညာများနှင့် ကမ္ဘာသုံးအင်္ဂလိပ်ဘာသာကို စာပေသဒ္ဒါအခြေခံမှ တတ်ကျွမ်းကာ အရည်အချင်းပြည့်ဝသည့် နိုင်ငံသားကောင်းရတနာလေးများ ဖြစ်ထွန်းပေါ်ပေါက်လာရေး စသည့်ရည်ရွယ်ချက်များဖြင့် သင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

နိဗ္ဗာန်အေးပရိယတ္တိစာသင်တိုက်ဆရာတော်ကဦးစီး၍ သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်ကာ ကလေးငယ်များအား သင်ကြားပေးလျက်ရှိပြီး မြို့မိမြို့ဖများနှင့် စေတနာရှင်များက သင်တန်းသူ သင်တန်းသားကလေးငယ်များအတွက် သင်ထောက်ကူပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို ထောက်ပံ့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

စစ်ကိုင်းမြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်

စစ်ကိုင်း မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ကြက်ငှက်မွေးမြူရေးဇုန်၌ ဖြစ်ပွားနေသော H5N1ကြက်ငှက်တုပ်ကွေးရောဂါသည် စစ်ကိုင်းမြို့နယ်အတွင်း ကူးစက်ဖြစ်ပွားလာမှုမရှိစေရန် မြို့နယ်ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးကော်မတီ ဖွဲ့စည်း၍ ကြက်မွေးမြူရေးခြံများ စစ်ဆေးခြင်း၊ ဈေးများတွင် ကြက်ဥ၊ ကြက်သားရောင်းချမှုအား စစ်ဆေးခြင်း၊ သက်ဆိုင်သူများနှင့် ဆွေးနွေးပညာပေးခြင်း၊ မြို့နယ်အတွင်းသို့ ကြက်နှင့်ကြက်ထွက်ပစ္စည်းများ တရားမဝင် ဝင်ရောက်မှုမရှိစေရေး စစ်ဆေးခြင်း၊ သက်ဆိုင်သူများနှင့် ဆွေးနွေးပညာပေးခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းမြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး ကော်မတီသည် စစ်ကိုင်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါက်တာဝင်းဇင်မောင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝိုးမြတ်၊ မြို့နယ်တိမ်မွှား/ကုဦးစီးမှူး ဒေါက်တာသန့်ဇင်အောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဒုတိယဦးစီးမှူး ဒေါ်ဟန်နီအောင်တို့နှင့်အတူ မြို့နယ်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဝင်များသည် မတ် ၇ ရက်က စစ်ကိုင်းမြို့ ရွာထောင်မီးရထားဈေးအတွင်းရှိ ကြက်ဥ၊ ကြက်သားအရောင်းဆိုင်များအား စစ်ဆေး၍ ယခုအချိန်တွင် မိမိ၏မြို့နယ်အတွင်းရှိ ကြက်မွေးမြူရေးခြံများမှ သာ ဝယ်ယူရောင်းချရန်၊ ရောဂါဖြစ်ပွားနေသော ဒေသမှဝယ်ယူရောင်းချခြင်းမပြုရန်၊ တိရစ္ဆာန်ကျန်းမာကြောင်း ထောက်ခံချက်လက်မှတ်ပါသည့် ကြက်ဥ၊ ကြက်သားများကိုသာ ရောင်းချရန် ပညာပေးဆွေးနွေးသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ တပ်ရင်းတပ်ဖွဲ့များ၏ တပ်မ(၃၃) ဘက်စုံခြံမှ နိုဘိုဂျင်ဘရောင်း ကြက်မွေးမြူရေးခြံများအား စစ်ဆေးခြင်းနှင့် ကြက်ခြံများ၏ ဇီဝလုံခြုံမှုလုပ်ငန်း ဆောင်ရွက်နေမှုများကို စစ်ဆေးပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့နောက် စစ်ကိုင်းမြို့ အမှတ်(၁၆) လုံခြုံရေးရဲတပ်ရင်းရှိ အသားစားကြက်ကောင်ရေ ၈၀၀၀ မွေးမြူထားသော ခြံများကို စစ်ဆေးသည်။ နေ့လယ်ပိုင်းတွင် ခရိုင်ဦးစီးမှူးနှင့် မြို့နယ်ကော်မတီဝင်များသည် ပဲကတိုးယာဉ် စစ်ဆေးရေးဂိတ်တွင် ဖြတ်သန်းသွားလာနေသော မော်တော်ယာဉ်များကို ကြက်ဥ၊ ကြက်သားများ သယ်ဆောင်မှု ရှိ၊ မရှိ ရှောင်တခင် စစ်ဆေးခဲ့ကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

မီးဘေးကာကွယ်ရေး ကြိုတင်သတိပေးစစ်ဆေး

ရေဦး မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရေဦးမြို့နယ်အတွင်း တက္ကသိုလ်ဝင်တန်း စာမေးပွဲများဖြေဆိုနေချိန်များတွင် မီးလောင်မီးလန့်မှုများမဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနက အထကကျောင်းအနီးတစ်ဝိုက်နေ အိမ်များ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် မီးအသုံးပြုရသော စားသောက်ဆိုင်များတွင် မီးဘေးအန္တရာယ်ကာကွယ်ရေး ကြိုတင်သတိပေးစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရဲဗလ- ရဲကျော်စွာ မျိုးအောင်ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၉ ရက်က ရေဦး အထကကျောင်းပတ်ဝန်းကျင်ရှိ လူနေအိမ်များအပါအဝင် စားသောက်ဆိုင်များ၊ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးကြိုတင်ကာကွယ်ရေး ပစ္စည်းများထားရှိမှု ရှိ မရှိ၊ လိုအပ်သောမီးငြိမ်းသတ်ပစ္စည်းများ စနစ်တကျထားရှိမှုရှိ မရှိတို့ကို စစ်ဆေးပြီး လိုအပ်ချက်များကို သတိပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပုဂ္ဂလိကကိုယ်ပိုင်အထက်တန်းကျောင်းများနှင့် စခန်းသွင်းဘော်ဒါများကိုလည်း မီးဘေးလုံခြုံမှုရှိစေရေး စစ်ဆေးသွားမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

သန်းထိုက်(ရေဦး)

ပြည်တွင်းသတင်း

လွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်နေသော လုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

မြင်းခြံ မတ် ၁၀

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်း ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများကို မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ မတ် ၇ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

မြင်းခြံမြို့နယ်တွင် အဆိုပါရန်ပုံငွေဖြင့် လမ်းများ၊ တံတားများ၊ ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လုပ်ငန်းခွင်များသို့ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကံချွန်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဝင်များက သွားရောက်ကွင်းဆင်းကြည့်ရှုခဲ့ခြင်းဖြစ်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများသည် အိုင်းမကျေးရွာအဝင်ရှိ ချောင်းကူးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်၊ တောပုကျေးရွာအနီးရှိ ရေကျော်တံတားတည်ဆောက်ရေးလုပ်ငန်း၊ ကိုင်းကျေးရွာ ဆေးပေးခန်း၊ ကန်တော်ကျေးရွာ၌ တည်ဆောက်နေသော တံတားတည်ဆောက်ရေးလုပ်ငန်းခွင်၊ ကျောက်ကုန်းကျေးရွာမှ မြင်းခြံ-ဆီမီးခုံလမ်းမပေါ်သို့ ဆက်သွယ်ထားသော မြေသားလမ်း ပြုပြင်ရေးလုပ်ငန်းခွင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် အလေအလွင့်မရှိစေဘဲ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

စော်မင်းနိုင်(မြင်းခြံ)

မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မှု လိုအပ်ချက်များဖြည့်ဆည်းပေး

ပန်းတနော် မတ် ၁၀

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် မိမွပြေးကျေးရွာအုပ်စု အေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ မတ် ၈ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလင်းထွန်း၊ မြို့နယ်ဦးစီးမှူး ဦးဇေယျာနိုင်နှင့်အဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ပြီး စီမံကိန်းဝင်ရွာသူ၊ ရွာသားများနှင့်တွေ့ဆုံ၍ ငွေစာရင်းထိန်းသိမ်းရေးဆောင်ရွက်နေမှုနှင့် စီမံကိန်းရန်ပုံငွေများဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်ရာတွင်ကြုံတွေ့ရသော အခက်အခဲနှင့် လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ အေးရွာမြစိမ်းရောင်စီမံကိန်းကျေးရွာတွင် စီမံကိန်းဝင်ဒေသခံပြည်သူ ၁၄၆ ဦးရှိပြီး စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ခုနှစ်ဦး မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၇၆ ဦးနှင့် ကုန်သွယ်လုပ်ငန်း လုပ်ကိုင်သူ ၅၄ ဦး ရှိကြောင်း သိရသည်။

ခင်မောင်စော်မြင့်

သတင်းတို

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုမူကြမ်းပြုစုရန် အလုပ်ရုံဆွေးနွေး

မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုမူကြမ်း ပြုစုနိုင်ရေးအတွက် မြို့နယ်အဆင့် အကြံပြုဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၆ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားပြီး အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူကြမ်းများကို တက်ရောက်လာသူများက အဖွဲ့လေးဖွဲ့ ခွဲ၍ အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များနှင့် စည်ပင်ကော်မတီဝင်များ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

သန်းနိုင်ဦး(ငဖဲ)

ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာပြန့်ပွားရေးသင်တန်းဖွင့်

မကွေးခရိုင် မြို့သစ်မြို့နယ် သန်းကုန်းကျေးရွာရှိ ချိုင်းကျောင်းဓမ္မာရုံ၌ ယဉ်ကျေးလိမ္မာသင်တန်းကို မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာပြန့်ပွားရေးဗဟိုအဖွဲ့က မတ် ၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ သင်တန်းကို သန်းကုန်းကျေးရွာမှ ကျောင်းသားကျောင်းသူများ၏ မိဘများ၊ ဆရာ ဆရာမများက ကလေးငယ်များယဉ်ကျေးလိမ္မာပြီး ဘာသာတရား ကိုင်းရှိုင်းတတ်စေရန် ရည်ရွယ်ချက်များဖြင့် ဗဟိုအဖွဲ့နှင့် ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ယဉ်ကျေးလိမ္မာပြန့်ပွားရေးကော်မတီအဖွဲ့များက လိုအပ်သည့်အကူအညီများပေးခဲ့ကြောင်း သိရသည်။

စော်စော်(မြို့သစ်)

တစ်နှစ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ခုနစ်ကြိမ်ခန့် ဖြစ်ပွားခဲ့ လူတုပ်ကွေးကပ်ရောဂါအဖြစ် အသွင်မပြောင်းစေရေး ဝိုင်းဝန်းကြိုးပမ်းကြရမည်

ရန်ကုန် မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ကြက်မွေးမြူရေးဇုန်အတွင်းရှိ ကြက်နှင့် ငုံးများတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ခံရခြင်းကြောင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် အခြားနှီးနွယ်ဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ရာ ဖျားနာသူလေးဦးတွေ့ရှိရပြီး ယင်းလူနာများတွင် ကြက်ငှက်တုပ်ကွေးရောဂါ H5N1 ကူးစက်ခြင်းမခံရကြောင်း အဖြေတွေ့ရှိရပြီးနောက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ပေးအပ်လျက်ရှိသော်လည်း ကူးစက်ခံရပါက သေဆုံးမှုရာခိုင်နှုန်းမှာ ၆၇ ရာခိုင်နှုန်းရှိခြင်းကြောင့် ရောဂါမကူးစက်စေရေးအသိရှိကြရန် လိုအပ်နေပြီဖြစ်ကြောင်း၊ ၂၀၁၃-၂၀၁၄ခုနှစ်အတွင်း ပြည်တွင်းကြက်ခြံများတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု ခုနစ်ကြိမ်ခန့် ဖြစ်ပွားခဲ့ဖူးကြောင်း ကျန်းမာရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနတို့မှ သိရသည်။

"ကျွန်တော်တို့ စိုးရိမ်နေတာက လူတွေကို ကူးစက်မှာကိုဖြစ်ပါတယ်။ ဒီဒယာကနေ သတိပေးချက်တွေ အများကြီး ထုတ်ပြန်ထားပါတယ်။ သို့သော် အများစုက စိုးရိမ်စိတ်အားနည်းနေတယ်။ ကူးစက်ခံရတဲ့ ကြက်ခြံတွေကို မြင်တွေ့ရသူတွေသာ စိုးရိမ်စိတ်ရှိပြီး စားသုံးသူတွေနဲ့ ကိုင်တွယ်ရောင်းဝယ်ဖောက်ကား သူတွေအတွက်လည်း ကျန်းမာရေးအသိရှိထားဖို့ လိုအပ်ပါတယ်။ ကြက်ငှက်တွေသာ ဖြစ်မှာမဟုတ်ပါဘူး။ လူကို ကူးစက်နိုင်ပြီး အသက်အန္တရာယ်ရှိတာကို သိစေချင်တယ်။ သို့သော် ကြက်ငှက်တုပ်ကွေး H5N1 က လူကနေ လူကိုကူးစက်တာ နှေးကွေးတာကိုတွေ့ရပါတယ်။ သို့သော် အချို့နိုင်ငံတွေမှာ ရောဂါပိုးက အသစ်ဖြစ်လာပြီး လူကနေ လူကိုကူးတဲ့ မျိုးရိုးဗီဇအသစ် ရောဂါပိုးတွေ ထွက်ပေါ်လာလို့ လူတွေအများကြီး ကူးစက်ခံရတာတွေရှိပါတယ်"ဟု ကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ဌေမ်းက ပြောကြားသည်။

H1N1 နဲ့ မုံရွာက H5N1 ဗိုင်းရပ်စ်တွေ ပေါင်းစပ်ပြီးတော့ ကပ်ရောဂါတစ်ခုလို ဖြစ်ပွားသွားမှာ စိုးရိမ်စရာဖြစ်နေ . . . .

မတ် ၇ရက်က ကျန်းမာရေးဝန်ကြီးဌာနတွင်ကျင်းပသည့် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြီးခဲ့သည့်လက ဖြစ်ပွားခဲ့သော ကြက်ငှက်တုပ်ကွေးရောဂါနှင့် ပတ်သက်ပြီး လက်ရှိတွင် ရောဂါဆက်လက်ဖြစ်ပွားနိုင်မည့် အခြေအနေကို မမြင်တွေ့ရတော့ကြောင်း သို့သော် စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ အများပြည်သူများအနေဖြင့်လည်း မပေါ့ဆအပ်ကြောင်း၊ အကြောင်းကြောင်းကြောင့် ကပ်ရောဂါအသွင် ကူးစက်မှုမပြင်းထန်စေရေး တာဝန်ရှိသူများက စုပေါင်းကာကွယ် တားဆီးနေသကဲ့သို့ ကူးစက်ရောဂါများနှင့် ပတ်သက်သည့် ကျန်းမာရေးအသိများကိုလည်း လေ့လာသင့်ကြောင်း ပြောသည်။

"ကျွန်တော်တို့အနေနဲ့ ကြက်ကနေ လူကို မကူးစက်စေရေး ပထမဆုံး လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ စိုးရိမ်ဖွယ်ကောင်းတာက အိန္ဒိယမှာ H1N1 ကနေ ကူးစက်ခံရသူ ၃၀၀၀၀ နီးပါးရှိပြီး သေဆုံးသူ ၉၀၀၀ ကျော်ရှိနေပါတယ်။ အဲဒီ H1N1 နဲ့ မုံရွာက H5N1 က ဗိုင်းရပ်စ်တွေ ပေါင်းစက်ပြီးတော့ ကပ်ရောဂါ တစ်ခုလိုဖြစ်ပွားသွားမှာကို စိုးရိမ်စရာဖြစ်နိုင်ပါတယ်။ ဗိုင်းရပ်စ်နှစ်မျိုးက ဝက်မှာ သွားပြီး ပေါင်းစပ်နိုင်တာကို တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ကြက်ငှက်တုပ်ကွေးဖြစ်တဲ့ နေရာတွေမှာ ဝက်မွေးမြူရေးခြံတွေ ရှိမယ်ဆိုရင် စနစ်တကျနဲ့ စီမံကိုင်တွယ်ရပါတယ်။ မဟုတ်ရင် လူတုပ်ကွေးကပ်ရောဂါ အဖြစ်ကူးပြောင်းသွားမှာကို ပူပန်နေရပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ပြောသည်။

မွေးမြူသူလုပ်ငန်းရှင်များနှင့် စားသုံးသူများအနေဖြင့်လည်း ထူးခြားမှု တစ်စုံတစ်ရာ ဖြစ်ပွားပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အချိန်မီ သတင်းပေးပို့ပြီး ကာကွယ်ကုသထိန်းချုပ်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် စုပေါင်းကာကွယ်ထိန်းသိမ်းရန် လိုအပ်ကြောင်း ရောဂါကာကွယ်ထိန်းချုပ်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာကျော်နိုင်ဦးက ပြောကြားသည်။

သတင်း-ခင်လေးမြင့်အောင်
စာတမ်းပုံ-မေဦးမိုး

ပြက္ခရွေတောင်အနီး တရားမဝင်သစ်ခုတ်မှုများကို ထိရောက်စွာအရေးယူပေးရန် ဒေသခံများမျှော်လင့်နေ

မြစ်သား မတ် ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကင်းတားရေလှောင်တမံအနီးရှိ ပြက္ခရွေတောင်အနီးတွင် တရားမဝင် သစ်ခုတ်ရောင်းချသူများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများဖြစ်ပေါ်နေ၍ ထိရောက်စွာအရေးယူပေးစေရန် ဒေသခံပြည်သူများ ဆန္ဒရှိနေကြကြောင်း သိရသည်။

ပြက္ခရွေတောင်ခြေရှိ ကျီတိုင်ကျေးရွာမှ ပြည်သူအချို့၏ပြောကြားချက်အရ ပြက္ခရွေတောင်နှင့် အနီးတစ်ဝိုက်ရှိတောင်များတွင် တရားမဝင် သစ်ခုတ်ရောင်းချသူများနှင့် မီးသွေးဖုတ်သူများရှိနေပြီး သစ်ခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းများကြောင့် တောတောင်များပြန်းတီးနေကြောင်း သိရသည်။ ထိုသို့တရားမဝင်သစ်ခုတ်ခြင်းများကို တားဆီးရန်အတွက် ရေကြည်ပင်တောင်အနီးတွင် ရှမ်းပြည်နယ်တောင်ကြီးမြို့ရှိ သစ်တောဦးစီးဌာနက သစ်တောဖမ်းဆီးရေးဂိတ်ကို လာရောက်ဖွင့်ပေးထားကြောင်း၊ သို့သော် အောက်ခြေအဆင့်တွင် အမှန်တကယ် ဖမ်းဆီးအရေးယူမှုမရှိကြောင်း၊ ထို့အပြင် ကင်းတားရေလှောင်တမံနှင့် ကူမဲမြို့သွား လမ်းပိုင်းများပေါ်တွင်လည်း မြစ်သားမြို့နယ်သစ်တောဦးစီးဌာန၏ ဖမ်းဆီးရေးဂိတ်များရှိနေသော်လည်း သစ်ခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းများကို ပြုလုပ်နေကြဆဲဖြစ်ကြောင်း၊ သစ်ခုတ်သူများနှင့် သစ်ပွဲစားများကြောင့် သစ်ပင်ကြီးငယ်များပြန်းတီးလျက်ရှိပြီး တောတောင်ရေမြေကို အမှီပြုအားကိုးနေရသည့် တောင်သူများအတွက် အခက်အခဲဖြစ်နေသဖြင့် ထိရောက်စွာ အရေးယူပေးစေလိုကြောင်း ကျီတိုင်ကျေးရွာမှ ပြည်သူများက ပြောသည်။

ကျီတိုင်ကျေးရွာအုပ်ချုပ်ရေးမှူးကလည်း "ကျွန်တော်တို့လည်း သက်ဆိုင်ရာတာဝန်ရှိသူတွေကို တင်ပြပါတယ်။ အခုဆိုရင် သစ်တွေခုတ်ပြီး တမံ(၃)လို့ခေါ်တဲ့ရေလမ်းကနေ လေ့သမ္မန်တွေနဲ့ လေ့ဆိပ်မှာအသင့်စောင့်နေတဲ့ သစ်ပွဲစားတွေဆီ ရောင်းချနေကြတာနဲ့ ပတ်သက်ပြီး လွှတ်တော်ကတောင် တရားမဝင်သစ်သယ်လေ့ သမ္မန်တွေကို အရေးယူဖို့ ညွှန်ကြားစာတွေ ထွက်ထားပါတယ်။ ဒါပေမယ့် အောက်ခြေက အားနည်းမှုတွေကြောင့် တရားမဝင်သစ်ခုတ်သူတွေနဲ့ သစ်ပွဲစားတွေ အတင့်ရဲနေတာပါ" ဟုပြောသည်။

ပြက္ခရွေတောင်သည် အမြင့် ၃၇၃၄ ပေရှိပြီး ရွှေမင်းဝံတောင်၊ မုန်တောင်အစရှိတဲ့တောင်တွေနှင့် ထိစပ်လျက်ရှိကာ သဘာဝစိမ့်စမ်းရေထွက်များရှိခြင်းကြောင့် နိုင်ငံခြားခရီးသွားများပင်လာရောက်လည်ပတ်နေကြသော နေရာဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ပြက္ခရွေတောင်နှင့် ပတ်ဝန်းကျင်တောတောင်များတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကို ကာကွယ်နိုင်ရန်အတွက် တရားမဝင်သစ်ခုတ်မှုများကို အရေးယူပေးရန် ဒေသခံ ကျေးရွာသူ ကျေးရွာသားများက ဆန္ဒရှိနေကြကြောင်း သိရသည်။

ကျော်ကျော်(မလှိုင်)

ပြည်တွင်းသတင်း

အသက်လေးနှစ်အထက် ကလေးငယ်များ နိုင်ငံတကာအလှမယ်နှင့် မောင်ပြိုင်ပွဲများ ယှဉ်ပြိုင်နိုင်မြို

ရန်ကုန် မတ် ၁၀

နိုင်ငံတကာအလှမယ်နှင့် အလှမောင် ကလေးငယ်ပြိုင်ပွဲများကို မြန်မာကလေးငယ်များနှင့် ဆယ်ကျော်သက်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး စင်ကာပူနိုင်ငံတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"စင်ကာပူမှာကျင်းပမယ့် International Prince and Princess ပြိုင်ပွဲအတွက် Mini Miss Myanmar and Junior Mr. Myanmar ၊ Little Miss and Mister Myanmar ESifh Miss Teen 2015ရွေးချယ်ခြင်းတွေကို ပြုလုပ်သွားမှာဖြစ်ပါတယ်။ အဓိကကတော့ ကလေးတွေအတွက် အခွင့်အလမ်းတစ်ခုကို နိုင်ငံတကာက ကလေးတွေရဲ့ အခွင့်အရေးနဲ့အညီ ရစေချင်တာပါ။ အသက်လေးနှစ်အထက်ကလေးတိုင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်" ဟု ပွဲစီစဉ်သူ မလှနုထွန်းက ပြောသည်။

The most consistent children and teenager event in Asia က ကျင်းပခြင်းဖြစ်ပြီး အသက်လေးနှစ်မှ ခုနစ်နှစ် ကလေးငယ်များယှဉ်ပြိုင်ရသည့် Mini Miss and Junior Mr 2015 ဆုကို မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ် သွားရောက်ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး အသက် ၈ နှစ်မှ ၁၂နှစ်အတွင်း ကလေးငယ်များအတွက် Little Miss and Mister ပြိုင်ပွဲ၊ အသက် ၁၃ နှစ်မှ ၁၉ နှစ်အကြား အမျိုးသမီးများအတွက် Miss Teen 2015 ပြိုင်ပွဲများကိုလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်တွင် စင်ကာပူနိုင်ငံတွင် သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကာ ညနေခင်းပွဲတက်ဂါဝန်၊ မြန်မာဝတ်စုံ၊ ကျောင်းဝတ်စုံ၊ အားကစားဝတ်စုံနှင့် ရေကူးဝတ်စုံတို့ဖြင့် ဓာတ်ပုံရိုက်ကူးယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဆို၊ က၊ ရေး၊ တီးနှင့် ကိုယ်ခံပညာ၊ မျက်လှည့်အစရှိသည့် အရည်အသွေးများ မြှင့်တင်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း၊ နောင်တစ်ချိန်တွင် နိုင်ငံတကာအဆင့်မီ ပြိုင်ပွဲကြီးများတွင် ယှဉ်ပြိုင်နိုင်ရန် အခြေခံလိုအပ်သူများ၊ အနုပညာနှင့် အလှအပ၊ ကျန်းမာရေးနှင့် ကိုယ်ရည်ကိုယ်သွေးကို မြှင့်တင်လိုသူများအတွက် ရည်ရွယ်ကာ ၂၀၀၀ ပြည့်နှစ်တွင် စတင်ရွေးချယ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်တွင်းပြိုင်ပွဲကို မေလတွင် ကျင်းပမည်ဖြစ်သော်လည်း Casting ဖြင့် ရွေးချယ်မည်ဖြစ်ကာ မိဘနှင့်အတူ လာရောက်လျှောက်ထားနိုင်ကြောင်း၊ ပွဲအတွက် ကုန်ကျစရိတ်နှင့် ဗီဇာလျှောက်ထားခြင်းများကို မိဘများကတာဝန်ယူရမည်ဖြစ်ကာ ပွဲကြည့်ရန် အတူလိုက်ပါခွင့်ရှိကြောင်း၊ မေးခွန်းများကို ကလေးငယ်၏ တတ်စွမ်းမှုဖြင့် လွတ်လပ်စွာ ဖြေဆိုရမည်ဖြစ်ကြောင်း မလှနုထွန်းက ပြောသည်။

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

စင်ကာပူနိုင်ငံတွင် ၂၀၁၃ ခုနှစ်က ကျင်းပသည့် ကလေးအလှမယ် ပြိုင်ပွဲတစ်ခု။

ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်

မော်လမြိုင်ကျွန်း မတ် ၁၀

မော်လမြိုင်ကျွန်းမြို့နယ် သုံးခွဲကျွန်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် သာယာကုန်းကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ မတ် ၈ ရက်က ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်ရှေ့မျက်နှာစာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင်သာယာကုန်းကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးဝင်းဆန်း၊ မြို့နယ်တိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးဌေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းစိုးက အဆောက်အအုံဖြစ်မြောက်ရေးကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး သာယာကုန်းကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်အား ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ကြသည်။

အဆိုပါ သာယာကုန်းကျေးလက်ကျန်းမာရေးဌာနခွဲကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေ စုစုပေါင်း ၇၆ သိန်းကျော်ဖြင့် မြေအလျှူရှင် ဒေါ်သန်းနု၏ ၀ ဒသမ ၄၅ ဧကရှိ မြေနေရာပေါ်တွင် ဆောက်လုပ်ခဲ့သော အဆောက်အအုံဖြစ်ပြီး (၃၀×၂၆) ပေရှိ အာရ်စီကွန်ကရစ်တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။

မော်ကျွန်းမြင့်အောင်

အင်းတော်မြို့နယ်၌ မူးယစ်ဆေးဝါးများ ရောင်းချသူနှင့် သုံးစွဲသူနှစ်ဦး ဖမ်းဆီးရမိ

အင်းတော် မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကဿာခရိုင် အင်းတော်မြို့နယ်အတွင်းရှိ အုန်းဒုတ်ကျေးရွာနှင့် စဉ့်ခိုးကျေးရွာများတွင် မူးယစ်ဆေးဝါးအမှုနှစ်မှုကို မတ် ၈ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးများ အရှိန်အဟုန်မြင့်ဖော်ထုတ်ဖမ်းဆီးသွားရန် ခရိုင်ရဲတပ်ဖွဲ့မှူးကြီး၏ ညွှန်ကြားချက်အရ မော်လူးနယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝေမိုးနှင့် တပ်ဖွဲ့ဝင်များသည် အုန်းဒုတ်ကျေးရွာနေ ဆန်းလွင်ဦး၏ နေအိမ်သို့ သတင်းအရ မူးယစ်ဆေးဝါးဝရမ်းများဖြင့် ဝင်ရောက်ရှာဖွေရာ ဆန်းလွင်ဦးထံမှ ပလတ်စတစ်ကော်ဘူးနှင့် ပင်နီဆီလင်ပုလင်းများဖြင့် ထည့်ထားသော ဘိန်းဖြူဟုယူဆရသောအဖြူမှုန့် အလေးချိန် ၁ ဒသမ ၂၁ ဂရမ်၊ တန်ဖိုး ငွေကျပ် ၁၂၀၀၀ ခန့်ကို တွေ့ရှိရပြီး ဆန်းလွင်ဦး၏ အစစ်ခံချက်အရ စဉ့်ခိုးကျေးရွာနေ မြင့်သိန်းထွန်းထံမှ ဝယ်ယူခဲ့ကြောင်း သိရသဖြင့် မြင့်သိန်းထွန်း၏နေအိမ်သို့ ဆက်လက်ရှာဖွေရာ မြင့်သိန်းထွန်း၏ နေအိမ်တွင် ရပ်ထားသော ဆိုင်ကယ်တူးဘောက်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်များထည့်ထားသည့် ကော်ဘူးတစ်ဘူးနှင့် ပင်နီဆီလင်ပုလင်းတစ်လုံး စုစုပေါင်း အလေးချိန် ၆ ဒသမ ၉၆၅ ဂရမ်၊ တန်ဖိုး ငွေကျပ် ၆၉၆၅၀၀ ခန့်နှင့် WY စာတမ်းပါစိတ်ကြွဆေးပြား ၃၈ ပြား၊ တန်ဖိုးငွေကျပ် ၁၉၀၀၀ ခန့်ကို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဆန်းလွင်ဦးနှင့် မြင့်သိန်းထွန်းတို့အား မော်လူးနယ်မြေရဲစခန်း၌ အမှုဖွင့်ထားပြီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

ပြည်တွင်းပြည်ပမှ ဆရာဝန်ကြီးများ ဆေးပညာနှီးနှောဖလှယ်ပွဲ ကျင်းပ

မန္တလေး မတ် ၁၀

မြန်မာနိုင်ငံဆေးပညာလောက၊ မြန်မာနိုင်ငံမှ ဆရာဝန်များနှင့် ပြည်သူများအတွက် အကျိုးရှိစေမည့် ဟော်မုန်းရောဂါများအထူးကုဆေးပညာအဖွဲ့၏ ဆဋ္ဌမအကြိမ်မြောက် ဆေးပညာနှီးနှောဖလှယ်ပွဲကို မန္တလေးမြို့ ဟိုတယ်ရွှေပြည်သာ၌ မတ် ၇ ရက်နှင့် ၈ ရက်က ကျင်းပသည်။

မြန်မာနိုင်ငံ ဟော်မုန်းရောဂါအထူးကုဆေးပညာအဖွဲ့၏ ဆေးပညာနှီးနှောဖလှယ်ပွဲတွင် ပြည်တွင်းပြည်ပမှ ဆေးပညာရှင်ဆရာဝန်ကြီး ၂၀ က ကမ္ဘာပေါ်တွင်အဖြစ်များသော ဟော်မုန်းရောဂါများအကြောင်းကို ဆက်လက်ဆွေးနွေးကြသည်။ ဆေးပညာနှီးနှောဖလှယ်ပွဲသို့ မြန်မာတစ်နိုင်ငံလုံးမှ အထူးကုနှင့် အထွေထွေရောဂါကုဆရာဝန်ကြီး ၃၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။ ဆွေးနွေးပွဲတွင် ဆေးနှင့် ဆေးပစ္စည်းကုမ္ပဏီများကလည်း ပြခန်း ၄၀ ကျော် ခင်းကျင်းပြသခဲ့သည်။

မြန်မာနိုင်ငံ ဟော်မုန်းရောဂါအထူးကုဆေးပညာအဖွဲ့ကို ၂၀၀၈ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး နှီးနှောဖလှယ်ပွဲများကိုလည်း နှစ်စဉ်ကျင်းပခဲ့ကာ မြန်မာနိုင်ငံမှ ဆရာဝန်များအနေဖြင့် ဆေးပညာနှီးနှောဖလှယ်ပွဲတက်ရောက်ခြင်းဖြင့် ဟော်မုန်းနှင့်ပတ်သက်သော ဆီးချို၊ သွေးချိုရောဂါ၊ အရိုးပွရောဂါ၊ လည်ပင်းကြီးရောဂါ စသည့်ရောဂါများအကြောင်း လေ့လာခွင့်ရသည့်အပြင် နိုင်ငံတကာမှ ဆေးပညာကျွမ်းကျင်သူများနှင့်လည်း အတွေ့အကြုံဖလှယ်ခွင့်ရသဖြင့် မြန်မာ့ဆေးလောကအတွက် အကျိုးကျေးဇူးများပြားသည့် ဆေးပညာဖလှယ်ပွဲဖြစ်ကြောင်း သိရသည်။

ယခုဆဋ္ဌမအကြိမ်မြောက် ဆေးပညာနှီးနှောဖလှယ်ပွဲဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဟော်မုန်းရောဂါအထူးကုဆေးပညာအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်သန်းသန်းအေးက နှီးနှောဖလှယ်ပွဲကျင်းပခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ဟော်မုန်းရောဂါအထူးကုဆေးပညာအဖွဲ့၏ ဆဋ္ဌမအကြိမ် ဆေးပညာနှီးနှောဖလှယ်ပွဲအထိမ်းအမှတ်မုခ်ဦးကို မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)၏ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာသန်းဝင်းနှင့် မြန်မာနိုင်ငံဟော်မုန်းရောဂါအထူးကုဆေးပညာအဖွဲ့ ဒုတိယဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး နှီးနှောဖလှယ်ပွဲကို ဆက်လက် ကျင်းပခဲ့သည်။

တင်မောင်(မန္တလေး)

ဆောင်းမြေပဲများ ယခင်နှစ်ထက် အထွက်တိုး

မန္တလေး မတ် ၁၀

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကျေးရွာများ၌ ယခုနှစ်ဆောင်းရာသီတွင်စိုက်ပျိုးသည့် ဆောင်းမြေပဲများမှာ ယခင်နှစ်များကထက် အထွက်နှုန်း တစ်ဆကျော်အထိတိုးတက်ခဲ့သဖြင့် စိုက်ပျိုးသည့်တောင်သူများ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ရှမ်းကလေးကျွန်းကျေးရွာမှာ ဆောင်းမြေပဲကို ဧက ၁၃၀၀ ကျော်လောက် စိုက်ပျိုးတယ်။ ဒီနှစ် ဆောင်းမြေပဲသီးနှံက ယခင်နှစ်တွေကထက် အထွက်နှုန်းပိုများပါတယ်။ ယခင်နှစ်တွေက တစ်ဧကကို တင်း ၈၀ မှ ၁၀၀ လောက်ပဲထွက်ရှိပေမယ့် ဒီနှစ်တော့ တစ်ဧက တင်း ၂၀၀ ကနေ ၂၅၀ လောက် အထိထွက်ရှိတယ်။ ဧရာဝတီမြစ်ရေတက်တဲ့နှစ်ဆိုပိုပြီးတော့ သီးနှံအထွက်နှုန်းကောင်းတယ်။ ဧရာဝတီမြစ်ရေ သိပ်မတက်တဲ့နှစ်ဆို သီးနှံအထွက်နှုန်းကျတယ်။ မြစ်ရေပိုတက်တော့ မြစ်ရေကျချိန်မှာ မြေနုမြေဆီတွေအများအပြားကျန်ခဲ့ပြီး အဲဒီမြေနုမြေဆီများလေ စိုက်ပျိုးတဲ့သီးနှံတွေ ပိုပြီးအထွက်နှုန်း တိုးလေပဲ။ ဆောင်းမြေပဲအထွက်နှုန်းတိုးထွက်တော့ တောင်သူတွေလည်း အဆင်ပြေကြတယ်" ဟု အမရပူရမြို့နယ် ရှမ်းကလေးကျွန်းကျေးရွာမှ ဆောင်းမြေပဲစိုက်ပျိုးသည့် တောင်သူ ဦးအောင်အောင်က ပြောသည်။

ရှမ်းကလေးကျွန်းကျေးရွာသည် ဧရာဝတီမြစ်ကမ်းနံဘေးတွင်တည်ရှိကာ ဒေသခံတောင်သူအများစုသည် ဧရာဝတီမြစ်ရေတက်ပြီး မြစ်ရေကျချိန်တွင် ကျန်ရှိခဲ့သည့် မြေဆီမြေနှစ်များပါဝင်သည့် မြေနုကျွန်းများပေါ်တွင် ဆောင်းမြေပဲကဲ့သို့ ကိုင်းသီးနှံများကို အများအပြားစိုက်ပျိုးသည်။ ယခုနှစ် ဆောင်းမြေပဲ အထွက်နှုန်းတိုးမြင့်ထွက်ရှိသဖြင့် ကျေးရွာဒေသခံတောင်သူများ လူမှုစီးပွားဘဝပိုမိုအဆင်ပြေသကဲ့သို့ ဒေသခံအများအပြားမှာလည်း မြေပဲဆွတ်ခြင်း၊ မြေပဲခွဲခြင်းစသည့် အလုပ်အကိုင်၊ အခွင့်အလမ်းများ ပိုမိုရရှိနေကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

ပြည်တွင်းသတင်း

တာချီလိတ်၊ ဗန်းမော်၊ ရွှေကူ၊ မိုးကောင်း၊ တနိုင်း၊ ဘိုကလေးနှင့် ရှင်ဗွေယန် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများမှ ဒီဂျစ်တယ်စနစ် (DVB -T2) ဖြင့် စတင်၍ စမ်းသပ်ထုတ်လွှင့်လျက်ရှိ

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် Analogue စနစ်မှ Digital စနစ်သို့ အသွင်ကူးပြောင်းထုတ်လွှင့်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်ဖြစ်သည့် စစ်ကိုင်း၊ ပျဉ်းမနား၊ (နေပြည်တော်)၊ တပ်ကုန်း (နေပြည်တော်)နှင့် ရန်ကုန်တို့တွင် DVB -T2 စနစ်ဖြင့် (၁၅-၁၀-၂၀၁၃) ရက်နေ့တွင် စတင်ထုတ်လွှင့်ခဲ့သည်။ ဒုတိယအဆင့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ (၂၂) ရုံ ဖြစ်သည့် မော်လမြိုင်၊ ဘားအံ၊ မိတ္ထီလာ၊တောင်ငူ၊ တောင်ကြီး၊ ပုသိမ်၊ ကျောင်းကုန်း၊ မင်းဘူး၊ ပုပ္ပား၊ စစ်တွေ၊ ပြည်၊ ပဲခူး၊ လွိုင်ကော်၊ လားရှိုး၊ ညောင်လေးပင်၊ မုံရွာ၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ မြိတ်၊ ကနေဒီ၊ ဖလမ်းနှင့် ဟင်္သာတရုပ်သံစက်ရုံတို့တွင် DVB-T2 စနစ်ဖြင့် ထုတ်လွှင့်မှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တတိယအဆင့် ဆောင်ရွက်သွားမည့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ (၆၉)ရုံအနက် တာချီလိတ်စက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို(၂၆-၁-၂၀၁၅)ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ (၂-၂-၂၀၁၅)ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 300 W လှိုင်းနှုန်း (E-27) ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ် ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါ စက်ရုံမှထုတ်လွှင့်မှုကိုအရှေ့ဘက် ဝှေ့လေဟန်၊ ပါခုတ်နို၊ ဝမ်တုံစံပြကျေးရွာအထိလည်းကောင်း၊ အရှေ့မြောက်ဘက်တွင် ဖန်မင်၊ ပန်အန်၊ တောင်သုံးလုံးကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် ယမ်းခမ်း၊ ရန်နိုင်၊ ပန်ဟတ်ကျေးရွာများအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

ဗန်းမော်စက်ရုံတွင် DVB -T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို (၁၄-၂-၂-၂၀၁၅) ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ (၁၆-၂-၂-၂၀၁၅) ရက်နေ့တွင် ပြီးစီးခဲ့ပြီး ၎င်းရက်နေ့မှ စတင်၍ လွှင့်အား 300W လှိုင်းနှုန်းချယ်နယ် (E-22) ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏အရှေ့ဘက်တွင် မိုးမောက်မြို့ ကျောက်စခန်း ၇ မိုင်ကျေးရွာအထိ လည်းကောင်း၊ အရှေ့တောင်ဘက်တွင် မံစီမြို့ ဗန်းမော်-မန္တလေး-နန့်ခမ်းလမ်းဆုံ မံရွတ်ကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

ရွှေကူစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းတို့ကို ၁၇-၂-၂-၂၀၁၅ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀-၂-၂-၂၀၁၅ ရက်နေ့တွင် ပြီးစီးခဲ့၍ ၎င်းရက်နေ့မှစတင်ပြီး လွှင့်အား 100 W လှိုင်းနှုန်းချန်နယ် (E-21) ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏အနောက်တောင်ဘက်တွင် နောင်လတ်ကြီး-စီမူလေးကျေးရွာအထိ လည်းကောင်း၊ တောင်ဘက်တွင် တုံးကောက်-စီသာကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

မိုးကောင်းစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်း လုပ်ငန်းကို (၁၈-၂-၂-၂၀၁၅) ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ (၂၂-၂-၂-၂၀၁၅) ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 300W လှိုင်းနှုန်း (E-22) ဖြင့် ဒီဂျစ်တယ် ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့ဘက်တွင် ပင်းခါးကျေးရွာအထိ လည်းကောင်း၊ အနောက်ဘက်တွင် (၈) မိုင်လမ်းဆုံအထိလည်းကောင်း၊ တောင်ဘက်တွင် ပင်းဘောကျေးရွာအထိ လည်းကောင်း၊ မြောက်ဘက်တွင် နမ္မတီးကျေးရွာ နမ္မတီးကျောက်တောင်အထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

တနိုင်းစက်ရုံတွင် DVB-T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို (၂၅-၂-၂-၂၀၁၅) ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ (၁-၃-၂-၂၀၁၅) ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 100 W ၊ လှိုင်းနှုန်း (E-21) ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ် ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့ဘက်တွင် အောင်လွတ်ကျေးရွာအထိလည်းကောင်း၊ အနောက်ဘက်တွင် မိုင်းခွန်းကျေးရွာအထိလည်းကောင်း၊ တောင်ဘက်တွင် ကောင်ရာကျေးရွာအထိလည်းကောင်း၊ မြောက်ဘက်တွင် မကောကျေးရွာအထိလည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

ဘိုကလေးစက်ရုံတွင် DVB -T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို(၁၀-၂-၂-၂၀၁၅) ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ (၂-၃-၂-၂၀၁၅) ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 3 KW၊ လှိုင်းနှုန်း (E-30) ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါစက်ရုံမှ ထုတ်လွှင့်မှုကို စက်ရုံ၏ အရှေ့ဘက်ဖျာပုံ၊ ကျိုက်လတ်အထိလည်းကောင်း၊ အနောက်မြောက်ဘက်တွင် မော်လမြိုင်ကျွန်း၊ ကျုံမင်းအထိ လည်းကောင်း၊ တောင်ဘက်တွင် ကျုံကဒွန်း၊ ကမာကလူ၊ စက်ဆန်း၊ ကြက်ဖမွေးစောင်း၊ ကဒုံကနိ၊ ရေလယ်ကျွန်းကျေးရွာအထိ လည်းကောင်း၊ မြောက်ဘက်တွင် ရွှေတောင်မော်အထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

ရှင်ဗွေယန်စက်ရုံတွင် DVB -T2 လွှင့်စက်နှင့် Antenna တပ်ဆင်ခြင်းလုပ်ငန်းကို (၁-၃-၂-၂၀၁၅) ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ (၄-၃-၂-၂၀၁၅) ရက်နေ့တွင် ပြီးစီးခဲ့ပြီး လွှင့်အား 50 W၊ လှိုင်းနှုန်း (E-22)ဖြင့် ဒီဂျစ်တယ်ရုပ်သံလိုင်းများ စမ်းသပ်ထုတ်လွှင့်လျက်ရှိသည်။ အဆိုပါ စက်ရုံမှ ထုတ်လွှင့်မှုကို အရှေ့တောင်ဘက်တွင် တဆိတ်ကျေးရွာအထိလည်းကောင်း၊ အနောက်ဘက်တွင် ပလောင်ကုန်းကျေးရွာအထိ လည်းကောင်း၊ မြောက်ဘက်တွင် အမှတ် (၃၁၈) တပ်ရင်းအထိ လည်းကောင်း ကောင်းမွန်စွာ ဖမ်းယူရရှိနိုင်သည်။

တတိယအဆင့်စက်ရုံ ၆၉ ရုံအနက် အထက်ဖော်ပြပါစက်ရုံ (၇)ရုံမှ Digital စနစ် (DVB-T2) ဖြင့် ထုတ်လွှင့်လျက်ရှိပြီး ကျန်ရှိသည့်စက်ရုံများတွင် လွှင့်စက်ပစ္စည်းများ တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်လျက်ရှိသော MRTV Digital စနစ် DVB-T2 ဖြင့် ထုတ်လွှင့်သော ရုပ်သံလိုင်းများအား သက်ဆိုင်ရာ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများမှ ဖမ်းယူကြည့်ရှုရာတွင် DVB-T2 Set-top Box၊ DVB-T2 Tuner ပါ ရုပ်မြင်သံကြားဖမ်းစက်များဖြင့် ဖမ်းယူကြည့်ရှုရမည်ဖြစ်သည်။ Digital ရုပ်မြင်သံကြားလိုင်းများ ဖမ်းယူရာတွင် Antenna ကို စက်ရုံတည်ရှိရာအရပ်သို့ဦးတည်၍ အမြင့်တစ်နေရာတွင် ခိုင်ခံ့စွာ တပ်ဆင်ရမည်။ ယင်းနောက် Set-top Box၊ DVB -T2 TV တို့ရှိ Remote ပါ ခလုတ်များမှ Menu ကိုနှိပ်၍ Installation သို့ သွားရမည်။ ယင်းနောက် Channel Search တွင် ဘေးမြားနှိပ်၍ ခေတ္တစောင့်ပါ။ Porgress Page တွင် မိမိတို့နေထိုင်ရာ ဒေသတွင်းရှိ အခမဲ့ ထုတ်လွှင့်သော DVB -T/T2 Digital ရုပ်သံလိုင်းများ၊ ရေဒီယိုလိုင်းများ ဖမ်းယူရရှိမည်။ ယင်းနောက် Exit ခလုတ်ကိုနှိပ်၍ မိမိနှစ်သက်ရာ ရုပ်သံလိုင်းများ ဖမ်းယူရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

DVB-T2 လွှင့်စက်ရုံများ၏ လွှင့်အားပျံ့နှံ့မှုအခြေအနေ

စဉ်	စက်ရုံ	လွှင့်အား	Freguency MHz	စတင် ထုတ်လွှင့်ရက်	ဖမ်းယူရရှိသည့်နေရာများ
၁	တာချီလိတ်	300W	E-27	၂-၂-၂၀၁၅	အရှေ့ဘက် ဝှေ့လေဟန်၊ ဝါခုတ်နို၊ ဝမ်တုံစံပြကျေးရွာအထိ၊ အရှေ့မြောက်ဘက် ဖန်မင်၊ ပန်အန်၊ တောင်သုံးလုံးကျေးရွာအထိ၊ မြောက်ဘက် ယမ်းခမ်း၊ ရန်နိုင်၊ ပန်ဟတ်ကျေးရွာအထိ၊
၂	ဗန်းမော်	300W	E-22	၁၆-၂-၂၀၁၅	အရှေ့ဘက် မိုးမောက်မြို့၊ ကျောက်စခန်း၊ ၇မိုင်ကျေးရွာအထိ၊ အရှေ့တောင်ဘက် မံစီမြို့၊ ဗန်းမော်-မန္တလေး-နန့်ခမ်းလမ်းဆုံ၊ မံရွတ်ကျေးရွာအထိ၊
၃	ရွှေကူ	100W	E-21	၂၀-၂-၂၀၁၅	အနောက်တောင်ဘက် နောင်လတ်ကြီး၊ စီမူလေးကျေးရွာအထိ၊ တောင်ဘက် တူးကောက်၊ စီသာကျေးရွာအထိ၊
၄	မိုးကောင်း	300W	E-22	၂၂-၂-၂၀၁၅	အရှေ့ဘက် ပင်းခါးကျေးရွာအထိ၊ အနောက်ဘက် ၈ မိုင် လမ်းဆုံအထိ၊ တောင်ဘက်ပင်းဘောကျေးရွာအထိ၊ မြောက်ဘက် နမ္မတီးကျေးရွာ နမ္မတီးကျောက်တောင်အထိ၊
၅	တနိုင်း	100W	E-21	၁-၃-၂၀၁၅	အရှေ့ဘက်အောင်လွတ်ကျေးရွာအထိ၊ အနောက်ဘက် မိုင်းခွန်းကျေးရွာအထိ၊ တောင်ဘက် ကောင်ရာကျေးရွာအထိ၊ မြောက်ဘက် မကောကျေးရွာအထိ၊
၆	ဘိုကလေး	3KW	E-30	၂-၃-၂၀၁၅	အရှေ့ဘက် ဖျာပုံ၊ ကျိုက်လတ်အထိ၊ အနောက်မြောက်ဘက် မော်လမြိုင်ကျွန်း၊ ကျုံမင်းအထိ၊ တောင်ဘက် ကျုံကဒွန်း၊ ကမာကလူ၊ စက်ဆန်း၊ ကြက်ဖမွေးစောင်း၊ ကဒုံကနိ၊ ရေလယ်ကျွန်း ကျေးရွာများအထိ၊ မြောက်ဘက် ရွှေတောင်မော်အထိ၊
၇	ရှင်ဗွေယန်	50W	E-22	၄-၃-၂၀၁၅	အရှေ့တောင်ဘက် တဆိတ်ကျေးရွာအထိ၊ အနောက်ဘက် ပလောင်ကုန်းကျေးရွာအထိ၊ မြောက်ဘက် အမှတ် (၃၁၈)တပ်ရင်းအထိ၊

မွန်ပြည်နယ် ရေးမြို့နယ် အစင်စံပြကျေးရွာအုပ်စု မေင်းဆိပ်ကျေးရွာ ပင်လယ်ကမ်းခြေရှိ ညနေဆည်းဆာ သဘာဝရှုခင်း အလှအပကို မတ် ၈ ရက် ညနေ ပိုင်းက တွေ့ရစဉ်။ (အဆိုပါ မေင်းဆိပ် ပင်လယ်ကမ်းခြေကျေးရွာ တစ်လျှောက်လုံးတွင် ပင်လယ်ငါးဖမ်း ရေလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ လယ်ယာလုပ်ငန်း၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်း၊ ငါးပိ၊ ငါးခြောက်၊ ငါးပုစွန်၊ ကြက်စာအမှုန့်ကြမ်းများ အဓိကထုတ်လုပ်ဖြန့်ဖြူးရောင်းဝယ်ဖောက်ကားရာ ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။)

နေမျိုးထွန်(ရေး)

စလင်းမြို့ ဒို့မေတ္တာအခမဲ့ လူမှုကူညီရေးအသင်းက အခမဲ့ဆေးကုသပေး

မကွေး မတ် ၁၀

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ဒို့မေတ္တာအခမဲ့လူမှုကူညီရေးအသင်းက ကျန်းမာရေးချို့တဲ့သော လူနာများအား အခမဲ့ကုသပေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ခြင်းကို စလင်းမြို့ မြင်တင်ရပ် ဒေါက်တာစိုးမြင့်အောင်၏ ပြင်ပဆေးခန်းတွင် တစ်လလျှင် တစ်ရက်သတ်မှတ်၍ ကျန်းမာရေးချို့တဲ့သော လူနာများအား လူဦးရေကန့်သတ်မှုမရှိဘဲ လာရောက်ပြသသူအားလုံးကို ဒို့မေတ္တာအခမဲ့လူမှုကူညီရေးအသင်းက ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

စစ်ကြည်(စလင်း)



မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးဝှက်၏ ''မန္တလေးမျည်းဖြောင့်များ''အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ်ကြောင့်ဆိုသော် သမိုင်းဆရာသကြီးမားသော မန္တလေးဖြို့၏ပုံရိပ်များကို အပြောင်းအလဲဖြန်းသည့် နှစ်ကာလများတွင် ဖျက်ခြည်မပြတ် ရသပန်းခြင်း မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်မျှတွယ်နှက်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ ''မန္တလေးမျည်းဖြောင့်များ''ကို မြန်မာနေ့စီးပွားရေးဂျာနယ်တွင် ၁၉၉၆ ခုနှစ် မေလ ထုတ်ဝေစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟုမှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာနေ့ဟုဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(၀၊) ၂၀ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေး စာအုပ်တိုက်အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ 'မန္တလေးမျည်းဖြောင့်များ' အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် ' The Straight Lines of Mandalay 'အမည်ဖြင့် ဆရာ ရေဒူမင်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥဒ္ဓာရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေမှုသည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော 'မန္တလေးမျည်းဖြောင့်များ'ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလောနှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအဖြတ်၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်ခါရဟုဖြစ်၏။ ပြောင်းလဲခြင်းတရားဟုဖြစ်၏။ သုံးသပ်ရန်ဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ဂုဏ်ပါးစာအုပ်ဖြစ်နေသော မူလ 'မန္တလေး မျည်းဖြောင့်များ'ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြမတင် ဓတည်းဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။

ဘီလမ်းမ၊ ဖန်သားပြင်နှင့် ပြည်တော်ဝင်အလွမ်း

ဆူးဇင်

ယခင်အဟတ်မှအဆက်

သီးနှံပေါ်နှိန်ဖြို့တက်ပြီး ပစ္စည်းဝယ်မည့် ဆွမ်းဒကာ၊ ကွမ်းဒကာကြီးများကို ရွာဦးဘုန်းကြီးက ဆွမ်းအစ်ကြီးကို ဆွဲယူကာ ကွမ်းတစ်ယာ ယာကာ ပါးစောင်ထဲထည့်ပြီး နောက်. . . ။

"အေးလက္စာ. . . . ဘာပစ္စည်းဝယ်ဝယ် တံဆိပ်ကြည့်ကွာ. . ။ 'ပ'ခေတ်ရယ်၊ "လ"ထောင်ထားတာရယ်။ လှည်းဦးဒေါက်ရယ်ပါရင် စိတ်ချရပြီးသား။ ဝယ်သာဝယ်၊ မမှားဘူး"ဟု မိန်ကြားရင်း ကွမ်းကို ဖြီးခနဲ ထွေးခံထဲ ထွေးလိုက်၏။ ဤသို့ဖြင့် ဆွမ်းဒကာ ကွမ်းဒကာကြီးသည် ဝယ်သမျှပစ္စည်းကို ဤမိန်မှာချက်နှင့် တစ်သဝေတီမီး စစ်ဆေးဝယ်သည်။ ဤသို့ဖြင့် တောကြိုးကုံးကြားမှာလည်း U.S.A လုပ်ပစ္စည်း ကောင်းမှန်းသိကုန်သည်။ ဒါက မြန်မာတွေ တံဆိပ်နှင့်ပတ်သက်၍ အစွဲအလမ်းကြီးလွန်း လှသော သာဓကပင်ဖြစ်၏။ အညာကျေးလက်နှင့် တိုက်ရိုက် ဆက်သွယ်ထိစပ်နေရသော ၂၆ (ဘီ)လမ်း၏ ဖန်သားပြင်တန်းမှာ နေရှင်နယ်ကိုလည်း စွဲလမ်းကြ၏။ လေအေးစက်၊ ရေခဲသေတ္တာများဆိုလျှင် နေရှင်နယ်မှ နေရှင်နယ်ဖြစ်၏။ နေရှင်နယ်ကတော့ ကျပ်ငါးထောင်ပတ်ခန်းကျင်တွင် ဂျပန်အစစ်အမြစ် ခိုင်ခိုင်မာမာရပ်တည်ဆဲဟု ဆိုသည်။ တီဗီ၊ ဒွီစီအာ စေးကွက်မှာတော့ အားလုံးအပြိုင် အဆိုင်မို့ စေးကွက်လေးတစ်ဖဲ့ရဖို့ကိုပဲ ကြေပြောအား ပုံအောသုံးကာ ကြိုးပမ်းနေကြရသည်။ နည်းဗျူဟာကတော့ စေးလျှောပေးမည်။ ကဲစမ်းမဲပေးမည်။ ဒါပါပဲ။

တချို့ကတော့ အရောင်းမြှင့်တင်ရေးကာလမတိုင်မီ စေးမြှင့်ထားကြပြီး အရောင်းမြှင့်တင်ရေးကာလမှ လျှော့ရေးဆိုပြီး မူလစျေးပြန်ချပေးတာမျိုးလည်း လုပ်တတ်သည်။ အများအားဖြင့် ၂၆(ဘီ)လမ်း၏ ဖန်သားပြင် စေးကွက်သည် Dealers များသာ များပြား၏။ မြန်မာပြည်စေးကွက် (အထူးသဖြင့် မန္တလေးအပါအဝင် နယ် စေးကွက်) များက အခုလို လွတ်လပ်စွာဝင်ထွက်မေးမြန်း ဆစ်စွက်ဝယ်လိုရသည့် Dealers များကို ဆိုင်များတွင် သာ ဝယ်လိုကြ၏။ မှန်လုံအအေးနန်း Name Card ချိတ် ယူနီဖောင်းအရောင်းဝန်ထမ်းများ၏ တစ်ခွန်းဆိုင် Show Room များကို မဝင်လို၊ မဝင်ရဲကြ. . . ။

Mitsubishi ကတော့ စေးကွက်စစ်တမ်းအရ ပင်ရင်း စက်ရုံမှ ပစ္စည်းအမှာနည်းမှုကြောင့် ဝယ်လိုအားအပေါ် မမြည်ဆည်းနိုင်လောက်အောင် ရောင်းကောင်းပါသည်ဟု ဆိုသည်။ ထို့ကြောင့် ပစ္စည်းမလောက်ဘဲ မကြာခြာရဲ ပါဟု ပြောပြ၏။

တီဗီ၊ ဒွီစီအာစေးကွက်တွင် Toshiba မှ Toshiba ဖြစ်နေသည်။ ရန်ကုန်မှာ တလောက ဖြစ်ပျက်သွားသည့် Toshiba အခြေအနေလှပ်ခတ်မှုများ ၂၆ (ဘီ) လမ်းမှာ ရိုက်ခတ်သလားဆိုတော့. . . ဒီမှာ ဒီလောက်ထိတော့ မဟုတ်. . . ၊ တံဆိပ်အစွဲကြောင့် ဘာမှမဖြစ်ဘူးဆို၊ သို့သော် Toshiba ခေနရတာတွင် Sony က အတော်မှားများ ခေနရယူလာတာကိုတော့ သူတို့နန်ခံကြသည်။ ဘီလမ်းမှာက တီဗီ၊ ဒွီစီအာစေးကွက်အနေအထားကို ခရေစစ္စတွင်းကျ သိပ်မပြောချင်ကြ. . . ။ ကုမ္ပဏီကြီးများမှ မကြာခဏ ဝင်ရောက်စုံစမ်းလာသော Market Informer များ အဝင် အထွက်စိပ်မှကြောင့် စကားသိပ်မပြောချင်ကြပုံမရ. . . ။ မန္တလေးရေးသည်က စေးပဲရောင်းချင်သည်။ မေးမှာမြန်မှာ၊ ဖြေရကြားရမှာ သိပ်စိတ်မဝင်စား. . . ။

၂၆ (ဘီ) လမ်းမ၊ ၈၁/ ၈၂ လမ်းကြားမှာအရင်က နေအိမ်သီးသန့်များချည်း။ အခုလို ဆိုင်ခန်းများမရှိ. . . ။ အခုတော့ အိမ်ပေါက်ဧရိယာခန်း. . . ။ ထို့ပြင် မူလအိမ်ရှင် များလည်းမဟုတ်။ မူလရွာနေ ပြည်ထိုင်အဖြစ် မှတ်မိတာက မြောက်ဘက်တန်းမှ "ရွှေထီးတိုက်" ဟု ကမ္ဘည်းထိုးထားသည့် တစ်ထပ်တိုက်လေးဖြစ်သည်။ သည်တိုက်လေးက ဦးဘက်မှ၊ ဒေါ်ခင်မျိုးတို့တိုက်ဖြစ်၏။ သမီးများက ဒေါ်မမ၊ ဒေါ်တင်လှ၊ ဒေါ်သန်းရင်တို့ဖြစ်သည်။ (၁၃၀) ပြည် အာဇနည်အရေး

တော်ပုံကာလက သူမတို့သည် အသက် (၁၀)နှစ်ပတ်ဝန်း ကျင်အရွယ်မို့ မြင်ကွင်းအားလုံး၊ အဖြစ်အပျက် အားလုံး မှတ်မိနေသည်ဆိုသည်။ ထိုအချိန်က ဒေါ်မသည် "မမ" ဟူသော ဆယ်ကျော်သက်ကလေးမလေးပေမင့် နန်းရွှေ လူအုပ်ခန့်အတူ ပါဝင်ခဲ့သည်တဲ့။

ထိုကာလကသည် ၂၆ (ဘီ) လမ်းမှာ မြန်မာအိမ်သိပ်မရှိ၊ နိုင်ငံခြားသား အိမ်များချည်းမို့ အားလုံးတံခါးပိတ်တားကြသည်။ "ရွှေထီးတိုက်"က တံခါးဖွင့်ပြီး တိုက်ရွှေ့ ရောအိုးစင် တည်ထားသည်။ အင်္ဂလိပ်စစ်တပ်က ပစ်ခတ်လို ရုန်းရင်း ဆန်ခတ်ဖြစ်တော့ ရွှေထီးတိုက်ပေါ် ဝင်မြေးလာသူတွေ အပြည့်တဲ့. . . ။ သို့သော် ကြောက်လန့်ပိတ်ထားသော နိုင်ငံခြားသားပိုင် တိုက်များလည်း ဤသို့ရက်ရက်စက်စက် နိုင်ကွပ်မှုကိုမြင်ရတော့ နယ်ချဲ့မုန်းသူချည်းမို့ တိုက်တံခါးဖွင့် ကာ အကူအညီပေးခဲ့ကြသည်။

လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်ကာလက အရိပ် များသည်ကား မှန်မှန်းထေးလွင့်သွား. . . ။ အခုတော့ ဘီလမ်း၏ ဖန်သားပြင်ပေါ်တွင် ရောင်စုံလုံရိပ်များသာ ပြတ်သားထင်ရှားနေ၏။ ဟေမာနေဝင်းသည်လည်းကောင်း၊ နေရှိသည်လည်းကောင်း၊ ဇော်ဝင်းထွန်ရည်သည်လည်းကောင်း၊ ပိုးဒါလီသိန်းတန်သည်လည်းကောင်း၊ မြတ်ကေသီအောင် သည်လည်းကောင်း၊ ထိုအတူ ရှယ်ရွန်စတာန်းသည်လည်း ကောင်း၊ ဒီလျံဘော်လ်ဒွင်သည်လည်းကောင်း၊ စင်ဒီကရော ဖြိုဒ်ဒ်သည်လည်းကောင်း၊ ခမ်မီမိန်းသည်လည်းကောင်း . . . . ။ ပြင်သစ်သမ္တာ ဂျက်ရှီရက်စ်သည်လည်းကောင်း၊ အီဂျစ် သမ္တာ မူဘာရက်သည်လည်းကောင်း၊ ယဲ့ဆင်သည်လည်း ကောင်း၊ ဂျင်နာဒီဇူဂါနေ့ခင်သည်လည်းကောင်း၊ ဝီလီယံပယ်ရီ သည်လည်းကောင်း. . . ။

ထို့အတူ ဘီလမ်း၏ဖန်သားပြင်တွင် . . . တီဗီ နည်းပညာ၏ဘုရင် "ဂါအို" အကြောင်းကြားရမည်။ J.V.C ၏ နှစ်ထပ်လုံးချင်းတိုက်၊ ဆိုနီစေးပွဲတော်၊ ပင်နာဆိုနစ် HD 750 တိုရီဘာ၏ GLSEDANကား၊ ဓမ်ဆူဘီရီ၏နည်းပညာ နှင့် ဘဝအပြောင်းအလဲ. . . ။ ဒါပဲကြားနေရသည်။

တစ်ခါတစ်ခါတော့ အနောက်ဘက်နား ယူနီဘာဆယ် မင်လာခန်းမဆီမှ မျိုးကျောမြင်၏ အပိုင်းအစ ၁(၁/၂) အသံကို ကြားချင်ကြားရမှာပေါ့။ ဘီလမ်းတွင် လက်ကျန် ရွာနေပြည်ထိုင်ထဲတွင် ယူနီဘာဆယ် ကိတ်မန့်တိုက်လည်းပါ၏။ တော်ပါသေးသည်။ သူ၌ခေသေး၍ မန္တလေးဆင်ခြေဖုံးက မြန်မာသတ္တိသား၊ သတ္တိသမီးလေးတွေ မြို့လယ်ခေါင်တွင် "သံသာလေကမ်းတိုင်၊ တူပြိုင်လေကူးမယ်"နှင့် မင်ဂလာအခါ တော်ပေးနိုင်ခေနခြင်းဖြစ်၏။ မြန်မာသတ္တိသား၊ သတ္တိသမီးများ ဖို့ ခန်းမ(၁)ကပ်နိုင်၊ သီရိမင်္ဂလာခန်းမ မကပ်နိုင်၊ ဂရင်း ခန်းမ မကပ်နိုင်၊ သံအမှတ်ကြီးမကပ်နိုင်၊ ထို့ကြောင့် ယူနီ ဘာဆယ်မှာ ဦးလေး၊ ဒေါ်လေးတို့ အစဉ်အလာအတိုင်း မင်္ဂလာ ပွဲ ဆင်နွှဲနိုင်ခြင်းဖြစ်၏။ ဦးလေးဒေါ်လေးတို့တွင်းကလည်း ယူနီဘာဆယ်မှာ မင်္ဂလာဆောင်တော့ လောလောဆယ်စရန် လေ။ မမြစ်စလောက်ပေးထားကာ မင်္ဂလာပွဲအပြီးမှ ငွေဖလား ကြီးက ပိုကိသံရေတွက်ကာ ခန်းမဖိုး၊ ကိတ်မုန့်ဖိုးပေးရဲ့ပါပဲ။ ထို့ငွေထဲမှပင် ယူနီဘာဆယ်က ငွေတစ်ရာပြန်လက်မှဲ့လိုက်သေး သည်။

ပြီးတော့ မြင်းလှည်းတစ်စီးဌားပြီး အသစ်စက်စက် ပစ္စည်းများဖြစ်၏။

ဘီလမ်း၏ အထင်ကရ အမှတ်အသားများအနက် နန်းရွှေအောင်တော်မှာ အုတ်ရေအိုးစင်လည်းပါသည်။ အမှတ်(၁)ကားလိုင်းစပြေးတော့ အုတ်ရေအိုးစင်သည် ဂိတ်၊ ဂိတ်ဆုံး၊ အခုအုတ်ရေအိုးစင်သည် မြို့လယ်၊ အုတ်ရေအိုးစင်ကား အခုထိ ရှိနေသေးတော့ ဝမ်းသာရ၏။ ဘီလမ်းကို (၆၆) လမ်းအထက်ပိုင်း မတိုးချဲ့သေရွ, ရှိနေ ပါလိမ့်မည်။ သို့သော် ဘီလမ်းကို မာန်အောင်တိုက်ဖြတ်ကာ အောင်ပင်လယ်ထိ တိုးလျှိုပေါက်စေဦးမည်တဲ့။

ထို့အတူ ဘီလမ်းနှင့် (၇၈)လမ်းထောင့် ဓာတိအီ ဆိုင်သောက အသားစားရှောင်ကြဉ်ရေး အသင်းဥက္ကဋ္ဌ ဦးကျော်လှ၏ သားသတ်လွတ်စားရေးလုံ့ဆော်သည့် ဆိုင်းဘုတ်ကြီးကိုလည်း သတိရသေးသည်။ "တိရစ္ဆာန် များကို မစားခြင်းဖြင့်သူတို့အား ကြင်နာပါ"။ Be kind to animal by not eating them တဲ့။ ယခုတိတ်ဆီဆိုင် မရှိတော့။ သည်နေရာမှာ လူနေတိုက်ခန်းများ၊ ဈေးဆိုင် ခန်းနှင့် ဟိုဝယ်ဖြစ်မည့် အဆောက်အအုံအသစ်ကြီး ဆောက်နေသည်။ ဦးကျော်လှ၏ ဆိုင်းဘုတ်ဝါလေးက ငြမ်းကြားညှပ်လျက်။

(၂၆)ဘီလမ်းသည် ဤသို့ဖြင့် မြင့်မားလာ၏။ ခေတ်မီလာ၏။ မြောင်းလဲလာ၏။ စည်ကားလာ၏။ သစ်လွင်လာ၏။

စာရေးဆရာကြီး မြသန်းတင့်ကတော့ စစ်ပြီးစအချိန် မန္တလေးသို့ရောက်သောအခါ ပိုက်ကျုံးတာမျိုးကြီးပေါ်မှ မျှော်ကြည့်တော့ မီးလောင်တိုက်တာများအကြား နာရီစင် ကြီးကို ထီးတည်းမြင်ရပြီး အရှေ့အောင်ပင်လယ်ကန်ကို လည်း တိုးလျှိုပေါက်သတဲ့။ ထို့အတူ မြောက်ဆီမှာ ထီးကျိုစည်ပေါက် မြို့ရိုးပြောသာဒီများ၊ တောင်ဆီတွင် မီးသင့်ခံမတာမုစိုဂန္ဓကုဋိတိုက်။ ထိုအချိန်က စစ်ကိုင်းတောင် တွင် စစ်ခိုနေသော မြို့မတူရိယာအသင်းကြီး စစ်ပြီး၍ မန္တလေးပြန်ရာတွင် စစ်သုံးထရပ်ကားကြီးပေါ် ရရာ တူရိယာပစ္စည်းများနှင့်အတူ ဆရာညာ၏ "ပြည်တော်ဝင်" သီချင်းကို သီဆိုတီးမှုတ်ဝင်ရောက်လာပုံကို ဆရာကြီး မြသန်းတင့်က လွမ်းဆွေးစွာ သတိတရပြောပြသည်။

ဝုံးသင့် အဆောက်အအုံ အပြိုအယုက်၊ သံချားကြီး အပိုင်းအစ၊ မီးလောင်စုတ်တို၊ ဓာတ်ကြီးအမြတ်အသတ်. . ၊ ဝုံးကျင်းဝရွေ့နင့်လမ်းပေါ်မှ သီချင်းသံကို ကြားယောင် နေမိ၏။

"မန္တလေးဆိုရွေ့မြို့၊ တို့ရတနာပုံနေပြည်၊ တင့်တယ်သာယာ စည်ကား ဟိုတုန်းအခါကလေ

အဲဒါတွေ မတွေး ကြနဲ့၊ ရှေ့ဆက်က စီမံကြစို့လေ

မေ့မေ့ပျောက်ပျောက် အောက်မေ့လို့နေ၊ တိုက်တာ အိမ်ခြေ၊

စည်းစိမ်ရှင်တွေ လူကြီးရင်ခံနိုင်ဘူး၊ အထူးပင်မှတ်ကြစေ၊

အရင်လို ပျော်ပျော်ရွှင်ရွှင်နေ. .

မြို့မအသင်းကပြောမလေ. . . ဖြစ်ဟဲ့ဆို၊

ဖြစ်ရမယ်၊

တက်ခေတ် လူငယ်များ၊ အားအင်တောင့်တင်းစေ"

၂၆ (ဘီ)လမ်းနှင့်(၈၄)လမ်းမအဆုံး ဝိတိုရိယခေတ် လက်ကျန် နာရီစင်အရိပ်မှရပ်ရင်း ဘီလမ်းတစ်လျှောက် မျှော်ကြည့်မိသည်။ ရှေ့မှာ အဆင့်မြင့်ဈေးချိုတော် လေးထပ်ရဲကြီးပေါ်မှာ SONY နှင့် GOLD STAR ကြော်ငြာဆိုင်းဘုတ်ကြီးများက ကောင်းကင်ယံအထိ ဆီးတားထားတ၏။ ဘေးမှာ TOSHIBA အရောင်းခန်းမ တိုက်ကြီး မိုးထားသည်။ "ပြည်တော်ဝင်" သီချင်းကိုတော့ မသီဆိုချင်သေး. . . ။

သို့သော် "မတ်မိကြသေးရဲလား မေးစမ်းချင်သည်" ဆိုသည့် မြို့မကြီး၏ "ဘုရားဈေး"သီချင်းကိုတော့ သတိ ရနေမိသည်။ သို့သော် ဆိုညည်းချိန်မရ။

မီးပွိုင့်ပျက်နေ၍ ဒလဟောမောင်းနှင်ရနေသော ကား များအကြားမှာ ၂၆(ဘီ)လမ်းမကို ခပ်မြန်မြန်ဖြတ်ကူး လိုက်ရလို့ ဖြစ်သည်။

(မြန်မာ့နေ မဂ္ဂဇင်း-၁၉၉۶ ခုနှစ် မေလ)

- ၂၆ ဘီလမ်းကား အခုတော့ အပြောင်းလဲကြီး ပြောင်းလဲသွားပြီ။
- ဟောင်ကောင်စတိုးမရှိတော့. . . ၊
- အခြား အသစ်အသစ် စတိုးတွေ အရောင်းဆိုင်တွေ နေရာယူကြပေါ့။
- သမိုင်းဝင် ရွှေထီးတိုက်လေးကတော့ ရှိသေးသည်။
- ၂၆ ဘီ လမ်းပေါ်မှာပဲ အီလက်ထရွန်နစ်ပစ္စည်း မျိုးစုံ၏ မျိုးဆက်သစ်အပြောင်းအလဲ ဖွံ့ဖြိုးမှု သမိုင်းပုံရိပ်တွေ ထင်ဟပ်နေတော့သည်။
- တကယ်တော့ ၂၆ ဘီလမ်းဆိုတာက လက်ဟောင်း၊ မန္တလေးသားအားလုံးက 'အာဇာနည်လမ်း'ဟုပဲ နှလုံးသားထဲ စွဲနစ်ဆဲဖြစ်သည်။

(မန္တလေးမျည်းဖြောင့်များ အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်)

မန္တလေး၏ ကြီးမားလှသည့် "မီးကြီး"များဆိုလျှင် ဘီလမ်းမကြီးသည် စိုးရိမ်ပူပန်စွာ တားဆီးဟန့်တားသော်လည်း မီးညွှန့်မီးစွယ်များက လမ်းမကြီး အပေါ် နင်းချေသွားမြဲ၊ ပုလိုင်းမီးကြီးသည် လည်းကောင်း၊ ဦးကျားကြီး မီးသည်လည်းကောင်း၊ ဟေမာဇလ မီးသည်လည်းကောင်း

ပြည်တွင်းသတင်း

မြန်မာ-ထိုင်း အစားထိုးပွဲ ပြိုးရေးဒေသများသို့ ထိုင်းနိုင်ငံအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိလေ့လာ

ရေပြည်တော် မတ် ၁၀

ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ ဒုတိယ အတွေ့ထွေအတွင်းရေးမှူးချုပ် Mr. Permpong Chaavalit ဦးဆောင်သည့် ထိုင်းကိုယ်စားလှယ် ၄၃ ဦး တို့သည် မတ် ၆ ရက် နံနက် ၇ နာရီ ၁၅ မိနစ်က မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရေရှည် တည်တံ့သော အစားထိုးအသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ လေ့လာရန်အတွက် မြန်မာ-ထိုင်း နယ်စပ်အမှတ် (၂) ချစ်ကြည်ရေးတံတားမှ နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခဲ့ရာ မူးယစ်ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ်ကျော်ဝင်း ဦးဆောင်သည့်အဖွဲ့က ကြိုဆိုခဲ့ပြီး တာချီလိတ်ခရိုင် လွယ်တော်ခမ်းအုပ်စု ဂျာပကျေးရွာနှင့် မိုင်းဆတ်ခရိုင် မိုင်းတွင်းအုပ်စု မိုင်းကန်းကျေးရွာ၊ ပူနားကို ကျေးရွာ၊ စတုံးအုပ်စု မယ်ကြုတ်ကျေးရွာများသို့ သွား ရောက်ကာ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ လေ့လာခြင်း၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှုအခြေအနေများ လေ့လာ ခြင်း၊ ဂျာပကျေးရွာအတွက် နေရောင်ခြည်သုံးဆိုလာပြား မီးသီး၊ ဆက်စပ်ပစ္စည်းများနှင့် မိုင်းကန်းကျေးရွာအတွက် စိုက်ဖျိုးရေးသုံး ပေါက်ပြား၊ ရေပန်းခရားများနှင့် သီးနှံမျိုးစေ့များကို ပေးအပ်ခြင်းများဆောင်ရွက်ခဲ့ပြီး ညနေပိုင်းတွင် မြန်မာ-ထိုင်းနယ်စပ်အမှတ် (၁) ချစ်ကြည်ရေးတံတားမှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

(မူးယစ်)

ပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ရှင်းလင်းဆွေးနွေးပွဲကျင်းပ

တန့်ယန်း မတ် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြို့နယ်ပညာရေးဌာနက ကြီးမှူး၍ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ရှင်းလင်းဆွေးနွေးပွဲကို မတ် ၆ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းပါ အချက်အလက်များကို တစ်ပိုဝ်ချင်းစီအလိုက် မြို့နယ်ပညာရေးမှူး ဒေါ်အိအိနိုင်နှင့် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းရိတ်တို့က ဖတ်ကြားခဲ့ကြသည်။ အဆိုပါအခမ်းအနားသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၁၇ ကျောင်းတို့မှ တာဝန်ရှိ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မင်းလွင်ဦး(ဖြင်ဦးလွင်)

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲကျင်းပ

ရန်ကုန် မတ် ၁၀

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသည့် အနေဖြင့် Fund Fair နှင့် အထိမ်းအမှတ် တေးဂီတ ဖျော်ဖြေ ပွဲကို ရန်ကုန်မြို့ ပြည်သူ့ဝင်ပြင်၌ မတ် ၈ ရက် မွန်းလွဲ ၂ နာရီမှ ည ၈ နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

"ကျွန်မတို့ဒီနေ့ကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာ အမျိုး သမီးများနေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ ဒီ Fund Fair နဲ့ အထိမ်း အမှတ် တေးဂီတအဖျော်ဖြေပွဲကို ကျင်းပခဲ့တာ ဖြစ်ပါတယ်။ မွန်းလွဲ ၂ နာရီကနေ ၅ နာရီအထိကတော့ အမျိုးသမီးထုရဲ့ Fund Fair ကို ကျင်းပပေးမှာဖြစ်ပြီး ညနေ ၅ နာရီ နောက်ပိုင်းမှာတော့ နာမည်ကြီးအဆိုတော်တွေနဲ့ အိပ်မက် ဆိုရာမှာဆုရရှိထားတဲ့ တေးသံရှင်တွေက ည ၈ နာရီအထိ ဖျော်ဖြေပေးတာဖြစ်ပါတယ်"ဟု Oxfam Communications Officer တစ်ဦးဖြစ်သည့် ဝရည်မွန်ဦးက ပြောကြား သည်။

အဆိုပါ ပြည်သူ့ရင်ပြင်၌ ကျင်းပသည့် အမျိုးသမီးများ နေ့ ဂုဏ်ပြုသည့်ပွဲကို မြန်မာနိုင်ငံအမျိုးသမီးအဖွဲ့အစည်း များဆိုင်ရာနှင့် Oxfam (U.K) တို့က ဦးဆောင်ကျင်းပပေး ခြင်းဖြစ်ပြီး နေ့ခင်ပိုင်းတွင် အမျိုးသမီးထု၏ အသိပညာ ပေးပြခန်းများ၊ အမျိုးသမီးအခွင့်အရေးများ စသည်တို့ကို Fund Fair အနေဖြင့်လုပ်ဆောင်ခဲ့ပြီး အမျိုးသမီးများ ဦးဆောင်ရေး အခွင့်အလမ်းများဖန်တီးပေး စီမံကိန်းမှ ထုတ်ဝေဖြန့်ချိသော ကြိုဆိုသော မနက်ဖြန်မှာ တေးသီချင်း ခွေတို့လည်း လာရောက်သည့် အမျိုးသမီးထုနှင့် ပြည်သူ့ များအား အခမဲ့ဖြန့်ချိခဲ့ကြောင်း သိရသည်။ အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲတွင် ဘိုဖြူ ဝေဝ၊ သျှီနင့်ဆုန်သင်းပါရဲ တို့ လာရောက်ဖျော်ဖြေခဲ့သည်။

အလားတူ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဂုဏ်ပြုပွဲအထိမ်းအမှတ်ကို ရန်ကုန်မြို့နယ် အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်ကလည်း အမျိုးသမီးထု၏ အသိပညာပေး ဟောပြောပွဲနဲ့ ကျန်းမာရေးစစ်ဆေးပေးမှု တစ်ရပ်အနေဖြင့် ရင်သားကင်ဆာနှင့် သားအိမ်ကင်ဆာစစ်ဆေးပေးမှုများကို ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန် ကနောင်ခန်းမ၌ ပြုလုပ် ခဲ့ကြောင်း သိရသည်။

သတင်း၊ စိန်လွင်ဆောင်၊ ဓာတ်ပုံ-မင်းထက်

၂၄ နာရီ လျှပ်စစ်မီးဖွင့်ပွဲ ဟုမ္မလင်းမြို့ဌ်ကျင်းပ

ဟုမ္မလင်း မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးခရိုင် ဟုမ္မလင်းမြို့ဌ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် ဖိုးသီးချို လျှပ်စစ်ဝန်ဆောင်မှု ဂဟေဗဏ္ဍလီမိတက်တို့ ပူးပေါင်းဆောင်ရွက်သော ၂၄ နာရီ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို မတ် ၉ ရက်က ဟုမ္မလင်းမြို့နယ် လျှပ်စစ် အင်ဂျင်နီယာရုံးရှေ့ ကျင်းပသည်။

အခမ်းအနားတွင် ရွှမ်းတိုင်းရင်း သားရေးရာဝန်ကြီး ဦးစန်းရွှေက အမှာ စကားပြောကြားပြီး ဖိုးသီးချို လျှပ်စစ် ဂဟေဗဏ္ဍ ဂဟေဗဏ္ဍ၊ ဂဟေ၊ ဗဏ္ဍ ဆိုသည်မှာ ကုမ္ပဏီ မန်နေဂျင်ဒါရိုက်တာ ဦးဝင်း ထိန်က ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။ ယင်းနောက် စစ်ကိုင်း တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှု ဝန်ကြီး ဦးကျော်ဝင်း၊ ရှမ်းတိုင်းရင်း သားရေးရာဝန်ကြီး၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအေးနှင့် တာဝန်ရှိသူများက လျှပ်စစ်ဓာရုံ အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေး နေမှုကို လည့်လည်ကြည့်ရှုစစ်ဆေးခဲ့ ကြကြောင်း သိရသည်။

လင်းလင်း

နိုင်ငံ့တာဝန် ကျေပွန်အောင် ကျသင့်အခွန် မှန်မှန်ဆောင်

ပြည်တွင်းသတင်း

SME များ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဟောပြောဆွေးနွေးပွဲ

Saturday SME Talk အား အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာ

အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဆပ်ကော်မတီသည် ဂျာမနီနိုင်ငံ GIZ နှင့် ပူးပေါင်းလျက် မြန်မာ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် SME များ၏ အရေးပါသော အခန်းကဏ္ဍကို နားလည်မှုရှိစေရန် SME များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့် အသိပညာများကို ဖြန့်ဝေပေးရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရမှချမှတ်ထားသည့် မူဝါဒနှင့် ဥပဒေဆိုင်ရာများအား ဆွေးနွေးရန် စသည့်ရည်ရွယ်ချက်များ ဖြင့် GIZ နှင့်ပူးပေါင်း၍ Saturday SME Talk ဆွေးနွေးပွဲ အား တတိယအကြိမ်အဖြစ် အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်-

- ဆွေးနွေးမည့်ခေါင်းစဉ် - Logistics Strategy for SMEs in ASEAN Economic Community
- ဆွေးနွေးမည့်ပုဂ္ဂိုလ် - ဦးအောင်ခင်မြင့် Chairman Myanmar International Freight Forwarders Association Associate members of the Business Advisary Council (UNESCAP)
- ဆွေးနွေးပွဲကျင်းပမည့် နေ့ရက် - ၂၀၁၅ ခုနှစ်၊ မတ်လ (၂၁) ရက် (စနေနေ့)
- ဆွေးနွေးပွဲကျင်းပမည့် အချိန် - (၁၃း၀၀) နာရီ မှ (၁၅း၀၀)နာရီထိ
- ဆွေးနွေးပွဲကျင်းပမည့် နေရာ - SMEs Development Department (Yangon)
- - အမှတ် (၃၅-ဘီ/၁၅)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ် ရန်ကုန်မြို့။

အဆိုပါဟောပြောဆွေးနွေးပွဲသို့ စိတ်ပါဝင်စားမှုရှိသည့် SME လုပ်ငန်းရှင်များ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်လိုသူများသည် (၁၇-၃-၂၀၁၅) ရက် အင်္ဂါနေ့နောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူး၊ ဒေါက်တာအိရွှေစင်ထွန်း၊ ဌာနခွဲမှူး၊ ဒေါ်စုဝေမိုး-ဖုန်း ၀၁-၈၆၀၃၈၂၆၊ ၀၁-၈၆၀၃၈၂၇၊ ဖက်စ် ၀၁-၅၄၆၀၅၁၊ e-mail: sme.talks 2014@gmail.com သို့ စာရင်းပေးသွင်းနိုင်ပါသည်။

ငါး၊ ပုစွန်ပြည်တွင်းစားသုံးမှုပူလုံစေပြီး ပြည်ပသို့တိုးချဲ့တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ဖျာပုံ မတ် ၁၀

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ပထမလေးလပတ် အစည်းအဝေးတွင် နိုင်ငံတော်သမ္မတက သားငါးကဏ္ဍကို ဒေသမရွေး ရာခိုင်နှုန်းတိုးတက်ဖြစ်ပေါ်စေရန် လမ်းညွှန်ထားရှိကြောင်း သိရသည်။ နိုင်ငံတော်အနေဖြင့် အမျိုးသားပို့ကုန်ပမာဏတိုးမြင့်ရာတွင်လည်း ရေထွက်ကုန်ပစ္စည်းပို့ကုန်ကို နိုင်ငံတော်က အဆင့်(၃)တွင် သတ်မှတ်ထားရှိသည်။

သုတေသီတို့၏ တွက်ချက်မှုအရ တစ်လလျှင် လူတစ်ဦးချင်း အသားစားသုံးမှုပျမ်းမျှ ခြောက်ကီလိုသာရှိပြီး ငါး၊ ပုစွန်စားသုံးမှု ၁၀ ကီလိုရှိကြောင်း သိရသည်။ ထို့အပြင် ကမ္ဘာတွင်ရော မြန်မာနိုင်ငံတွင်ပါ တိုးတက်လာသော လူဦးရေများအတွက် လိုအပ်လာမည့် ငါး၊ ပုစွန်များ တိုးမြင့်ဖမ်းဆီးမွေးမြူထုတ်လုပ်ရန်မှာ နိုင်ငံတော်အတွက် အရေးကြီးလုပ်ငန်းစဉ်ဖြစ်သည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှုအရ မြန်မာနိုင်ငံ ရေထွက်ကုန်ပစ္စည်းများ ပြည်ပစျေးကွက်များသို့ တင်ပို့ရောင်းချရာတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာ ၅၃၆ ဒသမ ၂၇၄ သန်းရရှိခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၇၀၀ လျှာထားပြီး ရည်မှန်းချက်ပြည့်မီရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပင်လယ်နှင့် မြစ်ချောင်းအင်းအိုင်တို့တွင် သဘာဝငါးဖမ်းဆီးရရှိမှုများ အကြောင်းကြောင်းကြောင့် နည်းပါးလာရာတွင် ပြည်တွင်းစားသုံးမှု ဖူလုံစေရေးနှင့် ပြည်ပတိုးမြင့်ပို့ဆောင်နိုင်ရေးတို့အတွက် ငါး၊ ပုစွန်မွေးမြူရေးကန်များကို ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့တွင် အဓိကထားပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အပါအဝင် ငါး၊ ပုစွန် မွေးမြူရေးကန်ဧက ပေါင်း ၄၅၃၇၃၀ ဒသမ ၄၄ ဧကအထိ ဆောင်ရွက်ထားရှိကြောင်း ဝန်ကြီးဌာန၏ မှတ်တမ်းများအရ သိရသည်။

မြန်မာ့ပင်လယ်ပြင်နှင့် မြစ်ချောင်းအင်းအိုင်တို့တွင် ငါး၊ ပုစွန်များ မျိုးမသုဉ်းဘဲ ပုံမှန်ဖမ်းဆီးရရှိရေးအတွက် ရေလုပ်ငန်းရှင်နှင့် ရေလုပ်သားများက ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်တို့က သတ်မှတ်ထားသည့် နည်းလမ်းများနှင့် စည်းကမ်းများအလေးထားလိုက်နာကြပြီး ငါး၊ ပုစွန်မွေးမြူခြင်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများနှင့် နည်းပညာပေးမှုများကို ပိုမိုရရှိရေး တာဝန်ရှိအဖွဲ့အစည်းများ ပူးပေါင်းဖြည့်ဆည်းပေးရန် အမှန်ပင် လိုအပ်လျက်ရှိကြောင်း သိရသည်။

အောင်ဝင်း(ဖျာပုံ)

(၁၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပ

ကသာ မတ် ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် ပုလွေရွှေကျေးရွာ၌ (၁၃) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို မတ် ၈ ရက်က အမက(၁၁) စာသင်ကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနား ဖြစ်မြောက်ရေးအတွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ပုလွေရွှေ)မှ စီစဉ်ဆောင်ရွက်၍ ပုလွေရွှေကျေးရွာအုပ်စုရှိ အင်းဒရန့်၊ ဆင်ကုန်း၊ ဖိုးသာအောင်၊ ရွာသစ်၊ ပိုးဇာကုန်း၊ ကျောင်းကုန်း၊ သာယာကုန်း၊ ရွာသာယာ၊ သစ်ဖြူကုန်းကျေးရွာများမှ သက်ကြီးရွယ်အို အဘိုးအဘွား ၁၂၃ ဦးတို့ကို လျှုဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

(၁၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားတွင် အဖိုးအဘွားတစ်ဦးအတွက် လျှုဖွယ်ပစ္စည်းသုံးမျိုးပေးအပ်လျှုဒါန်း၍ စုစုပေါင်း ငွေကျပ် ၂၅ သိန်းခန့် တန်ဖိုးရှိပစ္စည်းများ လျှုဒါန်းခဲ့ကြောင်း သိရသည်။

မောင်ဇြိမ်းဝင့်(ကသာ)

ဆေးလိပ်မီးကြောင့် မီးလောင်မှုဖြစ်ပွား

မလှိုင် မတ် ၁၀

မလှိုင်မြို့နယ် သပြေပင်အုပ်စု သံပုရာကန်ကျေးရွာ၌ မတ် ၈ ရက်ညနေ ၄ နာရီခန့်က ဆေးလိပ်မီးပစ်ထားရာမှ မီးကူးစက်လောင်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နှောကန်နယ်မြေ ရဲစခန်းမှူး ရဲအုပ်သတိုး စခန်းမှူး တာဝန်ဆောင်ရွက်နေစဉ် အဆိုပါကျေးရွာ၌ မီးလောင်ကြောင်း သတင်းရသဖြင့် သက်သေများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ ယင်းကျေးရွာနေ ဦးဘိုခွေး (၇၀နှစ်) နေထိုင်သည့် သွပ်မိုးထရံကာ ပေ ၂၀ ပတ်လည်ရှိ နေအိမ်အရှေ့၌သောက်ထားသည့် ဆေးလိပ်တိုအား စွန့်ပစ်ထားရာမှ စတင်မီးလောင်ခဲ့ရာ ၄င်းနှင့်အိမ်နီးချင်းဖြစ်သူ ဦးမြင့်ဌေးပိုင် သွပ်မိုး၊ ထရံကာလူနေအိမ် တစ်လုံး မီးလောင်ခံခဲ့ရသည်။ မီးငြိမ်းသတ်ရာသို့ မလှိုင်မြို့မှ မီးသတ်ယာဉ်နှစ်စီး၊ ပန်းအိုင်ကျေးရွာမှ မီးသတ်ယာဉ်တစ်စီး၊ သန္ဓေမီးသတ်ယာဉ်ရှစ်စီး၊ အရန်

မီးသတ် ၃၀ ဖြင့် မီးငြိမ်းသတ် ခဲ့ရာ ၄ နာရီခွဲတွင် မီးငြိမ်းသွား သဖြင့် မီးပေါ့ဆသူ ဦးဘိုခွေးအား နှောကန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကျော်ကျော် (မလှိုင်)

ပြည်တွင်းဝင်ရောက်နေထိုင်ခွင့်ကတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

မောင်တော မတ် ၁၀

မောင်တောမြို့နယ် ခရေမြိုင်(နတလ)ကျေးရွာတွင် တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်မှဝင်ရောက်လာသည့် ရခိုင်မျိုးနွယ်စုဝင်များကို ပြည်တွင်းဝင်ရောက်နေထိုင်ခွင့်(IP ကတ်ပြား)နှင့် မိုးပွင့်(အထူး)စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မတ် ၂ ရက်က ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် လဝကညွှန်ကြားရေးမှူးချုပ်က ပြည်တွင်းဝင်ရောက်နေထိုင်ခွင့် (IP ကတ်ပြား)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် (IP ကတ်ပြား)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ဝင်ရောက်လာသော တိုင်းရင်းသားများကိုယ်စား အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့က လက်ခံပြီး ညွှန်ကြားရေးမှူးချုပ် အမှတ်(၁) နယ်ခြားစောင့်ကွပ်ကဲရေးမှူး ရဲမှူးချုပ် တင်ကိုကိုတို့က ပေးအပ်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

တောင်ဂူမြို့နယ်နှင့် ရေတာရှည်မြို့နယ်များတွင် တောမီးများ မကြာခဏလောင်ကျွမ်း

ရေတာရှည် မတ် ၁၀

နေအပူချိန်မြင့်တက်လာမှုနှင့်အတူ တောင်ဂူမြို့နယ်နှင့် ရေတာရှည်မြို့နယ်များတွင် တောမီးလောင်ကျွမ်းခြင်းကြောင့် မီးလန့်မှုများမကြာခဏဖြစ်ရကြောင်း ဒေသခံများက ပြောသည်။ "မီးသတ်ကားဥသြဆွဲသံကြားရင် လူတွေက လန့်နေတာ၊ ဘယ်မှာများလောင်တာလဲပေါ့။ တောမီးတွေကို ဘယ်သူတွေက ရှို့နေမှန်းကိုမသိတာ"ဟု တောင်ဂူမြို့နယ် ကေတုမတီမြို့သစ်တွင် နေသူတစ်ဦးက ပြောပြသည်။

တောမီးလောင်ကျွမ်းမှုများတွင် တစ်ခါတစ်ရံလူနေ အိမ်များနှင့်အနီးဆုံးနေရာအထိ ရောက်ရှိတတ်ပြီး မီးသတ်ယာဉ်များ အချိန်မီရောက်ရှိ၍သာ ကူးစက်လောင်ကျွမ်းခံရခြင်းမရှိကြောင်း အထက်ပါ မြို့ခံကပင် ပြောသည်။ "ဒီလထဲမှာကို ကျွန်တော်တို့တောမီးလောင်လို့ အရေးပေါ်သွားငြိမ်းရတာ ရှစ်ကြိမ်ရှိပြီ၊ တောမီးပါပဲ။ လူနေအိမ်တွေ လောင်ကျွမ်းဆုံးရှုံးတာတော့မရှိသေးပါဘူး" ဟု ရေတာရှည်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကြည်ထွန်းက ပြောသည်။

ကိုလွင်(ဆွာ)

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ဆိုင်ရာကာဒေါ်ကားများ

မန်စီးတီးတို့ ခြေကုန်ထုတ်ရမယ့် ပရီမီယာလီဂ်ပွဲစဉ်(၂၉)

မိုးမြင့်လင်းလက်

ပရီမီယာလီဂ်ပွဲစဉ်(၂၉)ကို မတ် ၁၄ ရက်နဲ့ ၁၅ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ အဓိကအားပေးရမှာက တန်းဆင်းဇုန်အတွင်းက အသင်းတွေရဲ့ရှုန်းကန်လှုပ်ရှားမှုတွေဖြစ်ပေမယ့် အသင်းကြီးတွေနဲ့ ရင်ဆိုင်ရမှာမို့ ပင်ပန်းကြီးစွာနဲ့ ရင်ဆိုင်ရဦးမှာဖြစ်ပါတယ်။ တစ်မှတ်ရရင်ပဲကျေနပ်ရမယ့် ဒီပွဲစဉ်တွေအတွက်တော့ ရင်မောစရာပွဲစဉ်တွေအဖြစ် မြင်တွေ့ရမှာ ဖြစ်လာပါလိမ့်မယ်။

ဘန်လေနှင့် မန်စီးတီး

မန်စီးတီးဟာ ဘန်လေနဲ့ဆုံတိုင်း ပွဲကျပ်အဖြစ်ကစားခဲ့ရပြီး ဘန်လေရဲ့ ပြင်းထန်တဲ့ခုခံမှုတွေကို ရင်ဆိုင်ခဲ့ရတာချည်း ဖြစ်ပါတယ်။ ဒါပေမယ့် အသင်းလိုက်ကစားအားကောင်းတဲ့ မန်စီးတီးတို့ ရှုံးပွဲတွေမရှိခဲ့ပေမယ့် သရေပွဲတွေတော့ဖြစ်ခဲ့တာမို့ သတိထားကစားရမယ့်ပွဲပါ။ ပထမအကျော့ မန်စီးတီးကွင်းမှာ နှစ်ဝိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲမှာ အိမ်ရှင်ဘန်လေတို့ အနိမ့်ဆုံးတစ်မှတ်ရအောင် ကြိုးစားမယ့်ပွဲပါပဲ။

ခရစ္စတယ်ပဲလေ့စ်နှင့် ကျူပီအာ

ပထမအကျော့ ကျူပီအာကွင်းမှာ ဂိုးမရှိသရေပွဲဖြစ်ထားတာမို့ အခုပွဲမှာတော့ ခရစ္စတယ်ပဲလေ့စ်တို့ နိုင်ပွဲရအောင်အားထုတ်တော့မှာ ဖြစ်ပါတယ်။ တန်းဆင်းဇုန်အတွင်းက ကျူပီအာတို့အတွက် ဒီပွဲမှာအမှတ်ရယူရေး ကြိုးစားလာဖို့ရှိပေမယ့် ခရစ္စတယ်ပဲလေ့စ်တို့ရဲ့ အိမ်ကွင်းမာကျော်မှုကို ထည့်တွက်ရဦးမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျူပီအာရဲ့ အဝေးကွင်းရလဒ်က ဆိုးရွားနေဆဲဖြစ်တာမို့ အမှတ်ပြည့်ဆိုတာ ခရစ္စတယ်ပဲလေ့စ်တို့အတွက်ပဲ ဖြစ်မှာပါ။

အာဆင်နယ်နှင့် ဝက်စ်ဟမ်း

အာဆင်နယ်တို့က ပထမအကျော့ နှစ်ဝိုး-တစ်ဝိုးနဲ့ အနိုင်ယူထားခဲ့ပေမယ့် အခုပွဲအိမ်ကွင်းမှာ အမှားမခံပါဘူး။ ချန်ပီယံလီဂ်ဝင်ခွင့်အတွက် အမှတ်လိုအပ်နေတဲ့ အာဆင်နယ်ဟာ အိမ်ကွင်းဆိုပေမယ့် အကောင်းဆုံးအခင်းအကျင်းနဲ့ ပွဲထွက်ပြီး ဂိုးပြတ်သွင်းအောင်ပွဲခံနိုင်ဖို့ကလွဲပြီး အခြားရလဒ်ကို ဖော်ဆောင်မှာတော့ မဟုတ်ပါဘူး။

လက်စတာနှင့်ဟားလ်စီးတီး

တန်းဆင်းဇုန်အောက်ဆုံးက လက်စတာတို့ဒီပွဲမှာ အမှတ်ရရှိရေးကြိုးစားအားထည့်ပါလိမ့်မယ်။ ဟားလ်စီးတီးနဲ့နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေဖြစ်ထားတာမို့ အခုပွဲမှာလည်း လက်စတာတို့အခွင့်အရေးကောင်းတွေကို လက်မလွတ်တမ်းအသုံးချပါလိမ့်မယ်။ ဟားလ်စီးတီးတို့က အဝေးကွင်းမှာ ရလဒ်မကောင်းတတ်သလို ခြေစွမ်းလည်း တည်ငြိမ်မှုမရှိပါဘူး။ ပထမအကျော့ပွဲစဉ်မှာ လက်စတာက တစ်ဝိုး-ဂိုးမရှိအနိုင်ရထားတာမို့ အခုပွဲမှာ သုံးမှတ်အပြည့်ရယူရေးအားသွန်ကစားပါလိမ့်မယ်။

ဆန်းဒါးလန်းနှင့်ဗီလာ

နှစ်သင်းစလုံးအမှတ်လိုအပ်ချက်ပြင်းထန်နေတာမို့ ခြေကုန်ထုတ်ပြီး အပြန်အလှန် ဖိအားပေးကစားကြမယ့်ပွဲပါပဲ။ ပထမအကျော့တွေ့ဆုံမှုမှာ ဂိုးမရှိသရေပွဲဖြစ်ခဲ့ပြီး အခုပွဲမှာ ဆန်းဒါးလန်းတို့တန်းမဆင်းရရေးအတွက် အိမ်ကွင်းမှာ သေသေချာချာပြင်ဆင်ကစားပါလိမ့်မယ်။ ဒါပေမယ့် ဆန်းဒါးလန်းတို့က အိမ်ကွင်းမှာ သရေပွဲများနေတာမို့ အခုပွဲမှာတော့ ဗီလာကို အမှတ်မပေးဘဲအိမ်ပြန်လွှတ်ဖို့ကြိုးစားပါလိမ့်မယ်။

ဝက်စ်ဘရွန်းနှင့်စတုတ်

စတုတ်တို့ ပထမအကျော့ပွဲစဉ်မှာ နှစ်ဝိုးပြတ်အနိုင်ယူထားတာမို့ အခုပွဲမှာလည်း ခြေစွမ်းကောင်းမွန်လာတဲ့စတုတ်တို့ကပဲ ဖိအားပေးကစားဖို့များပါတယ်။ ဆောက်သမ်တန်ကိုအိမ်ကွင်းမှာ အနိုင်ကစားခဲ့တဲ့ ဝက်စ်ဘရွန်းရဲ့ခြေစွမ်းကလည်း အသိအမှတ်ပြုရမှာဖြစ်တာကြောင့် အိမ်ရှင်တို့ အနိမ့်ဆုံးတစ်မှတ်ရယူမယ့်ပွဲပါပဲ။

အသက်ကြီးပေမယ့် ချယ်လ်ဆီးနောက်တန်းမှာ ဆက်ရှိနိုင်တဲ့ အိုင်ဗန်နိုဗစ်

နောက်တန်းကစားသမား ဘရန် နစ္စလော့အိုင်ဗန်နိုဗစ်ကို ချယ်လ်ဆီး အသင်းက လေးနှစ်ထပ်မံစာချုပ်ဖွယ်ရှိနေပါတယ်။ နည်းပြမော်ရင်ဟိုရဲ့မူအရ အသက် ၃၀ ကျော်တဲ့ကစားသမားတွေကို တစ်နှစ်ပဲထပ်မံစာချုပ်ရမယ်လို့ဆိုပါတယ်။ သို့ပေမယ့် ဒီမူကိုချိုးဖောက်ရမယ့်အနေအထားဖြစ်နေပါပြီ။ အကြောင်းကတော့ အိုင်ဗန်နိုဗစ်ကို လေးနှစ်အထိ ထပ်မံစာချုပ်မယ့် အနေအထားကြောင့်ပါ။ အိုင်ဗန်နိုဗစ်ဟာ ချယ်လ်ဆီးအသင်းရဲ့ အားအထားရဆုံးကစားသမားတွေထဲကတစ်ဦးပါ။ သို့ပေမယ့် သူ့ရဲ့အသက်က ၃၁ နှစ်ရှိနေပါပြီ။

လက်ရှိစာချုပ်ဟာ လာမယ့်နှစ်နွေရာသီမှာ ကုန်ဆုံးမှာဖြစ်ပါတယ်။ လက်ရှိစာချုပ်အရ တစ်ပတ်ကိုပေါင် ၇၅၀၀၀ ပေးထားတာပါ။ သို့ပေမယ့် ထပ်မံစာချုပ်နိုင်ခဲ့မယ်ဆိုရင် သူ့ကို တစ်ပတ်ပေါင် ၉၀၀၀၀ အထိ လစာတိုးပေးဖို့စီစဉ်နေတယ်လို့ ဆိုပါတယ်။

ကောင်းမြတ်သူ စုစည်းသည်

(၂၄)ကြိမ်မြောက် ဟက်ထရစ်ဂိုးသွင်းတဲ့ မက်ဆီ

တိုက်စစ်မှူးမက်ဆီဟာ လာလီဂါသမိုင်းမှာတော့ ဟက်ထရစ်ဂိုး(၂၄)ကြိမ်မြောက်သွင်းယူနိုင်တဲ့ တိုက်စစ်မှူးဖြစ်သွားပါပြီ။ ဘာစီလိုနာက ဗယ်လီကာနိုအသင်းကို ခြောက်ဂိုး-တစ်ဝိုးနဲ့ အနိုင်ရလိုက်တဲ့ပွဲမှာ မက်ဆီက အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ မက်ဆီဟာ ယခုနှစ်ရာသီမှာ ရီးရဲမက်ဒရစ်တိုက်စစ်မှူးစီရော်နယ်ဒိုနဲ့အပြိုင် ဂိုးပေါင်း ၃၀သွင်းယူပေးထားပါတယ်။ စီရော်နယ်ဒိုလည်း မက်ဆီနဲ့အပြိုင် ဟက်ထရစ်ဂိုးအပြိုင်သွင်းနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ စီရော်နယ်ဒိုကလည်း ဟက်ထရစ်ဂိုး (၂၃)ကြိမ်မြောက်သွင်းယူပေးထားပါတယ်။

အခုအခါ အသက် ၂၇ နှစ် အရွယ်ရှိတဲ့ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီဟာ စပိန် လာလီဂါသမိုင်းမှာတော့ ဟက်ထရစ်ဂိုးအများဆုံးသွင်းယူနိုင်တဲ့သူ ဖြစ်လာပါပြီ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးဝန်ကြီးဌာန
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
၂၀၁၅ခုနှစ် မတ် ၁၁ရက်
ကြေညာချက်အမှတ်(၃/၂၀၁၅)

ငွေပေးချေမှုဆောင်ရွက်မည့်ဘဏ်အတွက် စံသတ်မှတ်ချက်များထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM)သည် ရန်ကုန်စတော့အိပ်ချိန်း၏ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်မှုဆိုင်ရာ လုပ်ဆောင်ချက်များအတွက် ငွေပေးချေမှုဆောင်ရွက်မည့် ဘဏ်အဖြစ်ဆောင်ရွက်ရန် အောက်ပါစံသတ်မှတ်ချက်များကို ထုတ်ပြန်လိုက်သည်။

၂။ ဘဏ္ဍာရေးဆိုင်ရာကိုက်ညီရမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
ငွေပေးချေမှုဆောင်ရွက်မည့်ဘဏ်သည် အောက်ပါအချက်(၁)မှ (၈)အထိ ကိုက်ညီမှုရှိရမည်-

(၁) အနည်းဆုံးထည့်ဝင်ပြီးမတည်ရင်းနှီးငွေ -ကျပ်(၁၅)ဘီလီယံ
(၂) အနည်းဆုံးအပ်နှံငွေပမာဏ - ကျပ်(၅၀)ဘီလီယံ
(၃) အနည်းဆုံးထုတ်ချေးထားငွေပမာဏ - ကျပ်(၁၀)ဘီလီယံ
(၄) အနည်းဆုံးဘဏ်ခွဲအရေအတွက် - ဘဏ်ခွဲ(၂၀)ခု
(၅) အနည်းဆုံး ဖောက်သည်စာရင်းဦးရေ - (၁၀၀၀၀)စာရင်း
အရေအတွက်
(၆) အနည်းဆုံးရင်းနှီးငွေလုံလောက်မှုအချိုး - ၁၀%
(၇) အနည်းဆုံး ငွေဖြစ်လွယ်မှုအချိုး - ၂၀%
(၈) အနည်းဆုံးလျာထားငွေအချိုး - ၁၀%

၃။ အခြားကိုက်ညီရမည့်အချက်များ
(က) လုပ်ငန်းပိုင်းဆိုင်ရာစွမ်းဆောင်ရည်ရှိမှု
(၁) ငွေပေးချေမှုပြုလုပ်ဆောင်ရွက်မည့်ဌာနစိတ်အား YSX နှင့် နီးကပ်သော နေရာတွင်ထားရှိခြင်း၊
(၂) YSX နှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ စာရင်းရှင်စာရင်းဖွင့်လုပ်နိုင်ခြင်း၊
(၃) YSX ၏လုပ်ငန်းနည်းဥပဒေများအရ ငွေပေးချေခြင်းလုပ်ဆောင်ချက်များကို နှောင့်နှေးမှုမရှိစေဘဲလက်ခံနိုင်/ပေးချေနိုင်ခြင်း၊
(၄) အာမခံထားရှိခြင်းအတွက် နှောင့်နှေးမှုမရှိစေဘဲ အပ်နှံငွေကို လက်ခံနိုင်ခြင်းနှင့် ပြန်ထုတ်ပေးနိုင်ခြင်း၊
(၅) ပါဝင်ရောင်းဝယ်ဆောင်ရွက်သူမှ ငွေပေးဆပ်နိုင်သည့် အခြေအနေတွင် စွမ်းဆောင်နိုင်ခြင်း၊
(၆) YSX ၏ရင်းမြှုပ်များကို လက်ခံဆောင်ရွက်ပေးနိုင်ခြင်း၊
(၇) စာရင်းဝင်ကုမ္ပဏီများ၏ရှယ်ယာရှင်များအတွက် ကုမ္ပဏီကိုယ်စားအမြတ်ဝေစုပေးခြင်းလုပ်ငန်းကို ဆောင်ရွက်နိုင်ခြင်း၊
(ခ) ICT ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်ရှိမှု
(၁) YSX မှ ပေးပို့သော စာရင်းပြောင်းအချက်အလက်များကို အသုံးပြုနိုင်စွမ်းရှိခြင်း၊
(၂) စာရင်းများအားထိန်းချုပ်စီမံနိုင်သော ကောင်းမွန်ပြည့်စုံသည့် ICT စနစ်ရှိခြင်း၊
(၃) ICT စနစ်နှင့် ဘဏ်၏ ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ အခြားဘဏ်တစ်ခုသို့ စာရင်းလွှဲပြောင်းနိုင်စွမ်းရှိခြင်းနှင့် လွှဲပြောင်းနိုင်ခြင်း၊

၄။ ငွေပေးချေဆောင်ရွက်မည့်ဘဏ်အဖြစ် လုပ်ဆောင်ရန်စိတ်ဝင်စားသော ဘဏ်များသည် SECM သို့ တင်ပြလျှောက်ထားရမည်။ လျှောက်လွှာပုံစံများကို SECM ရုံးတွင် ရရှိနိုင်ပြီး ၂၀၁၅ခုနှစ် မတ် ၁၁ရက်မှ ၃၁ရက်အတွင်း လျှောက်ထားနိုင်သည်။

၅။ လျှောက်လွှာများလက်ခံရရှိပြီးပါက SECM နှင့် YSX သည် ငွေပေးချေခြင်းလုပ်ငန်းနှင့် ၄င်း၏ဆောင်ရွက်ချက်များအတွက် အသေးစိတ်အချက်အလက်များ ပါဝင်သော RFP ပုံစံကို ဘဏ်များအား မတ် ၃၁ရက် နောက်ဆုံးထား၍ ဖြည့်စွက်စေပြီး ရွေးချယ်ရေးလုပ်ငန်းစဉ်အတွင်း သက်ဆိုင်ရာဘဏ်များ၏ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဝန်ထမ်းများအား အတန်သင့်တွေ့ဆုံစစ်ဆေးမည်ဖြစ်သည်။ SECMနှင့် YSX သည် ၂၀၁၅ခုနှစ် ဧပြီလကုန်တွင် ဘဏ်တစ်ခုအား ငွေပေးချေဆောင်ရွက်မည့် ဘဏ်အဖြစ် ရွေးချယ်မည်ဖြစ်သည်။

၆။ YSX ၌ အရောင်းအဝယ်ပြီးမြောက်ပြီးနောက် ငွေပေးချေဆောင်ရွက်ခြင်းအတွက် ပေးချေရန် ရွေးချယ်သတ်မှတ်ထားသည့်ဘဏ်မှ ကိုင်တွယ်ဆောင်ရွက်ရမည်။

၇။ ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-
(၁) DVP စနစ်အရ ပေးချေမှုအတွက် ငွေလက်ခံခြင်းနှင့် ငွေပေးချေခြင်း၊
(၂) အာမခံပုံစံအမျိုးမျိုးထားရှိခြင်းအတွက် အပ်နှံငွေကို လက်ခံခြင်းနှင့် ပြန်ထုတ်ပေးခြင်း၊
(၃) ပါဝင်ရောင်းဝယ်ဆောင်ရွက်သူ(ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ)မှ ငွေမပေးဆပ်နိုင်သည့် အခြေအနေတွင် ငွေဖြစ်လွယ်မှုအားပံ့ပိုးပေးခြင်းကဲ့သို့ ဆောင်ရွက်ခြင်း၊
(၄) ရင်းအမျိုးမျိုးကို လက်ခံဆောင်ရွက်ပေးခြင်း၊
(၅) စာရင်းဝင်ကုမ္ပဏီကိုယ်စား ရှယ်ယာရှင်များအတွက် အမြတ်ဝေစုပေးခြင်း၊

၈။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံး၊ အမှတ် ၂၁/၂၅၊ ဆူးလေဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံ၊ ပန်းဘဲတန်းမြို့နယ်၊ ဖုန်းနံပါတ်-၀၁-၁၂၂၀၈၃၆နှင့် ၀၉-၂၅၁၁၆၉၃၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တင်ဒါခေါ်ယူရေးအဖွဲ့
ချင်းပြည်နယ်

ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်း ပြည်နယ်မီးသတ်ဦးစီးဌာန၏ ရန်ပုံငွေဖြင့်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ရာ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစတင်ရောင်းချမည့်ရက် - ၁၂-၃-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက် - ၃-၄-၂၀၁၅ရက်

၃။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) ဖုန်း-၀၇၀- ၂၂၃၇၆ (တင်ဒါခေါ်ယူရေးအဖွဲ့)
(ခ) ဖုန်း- ၀၇၀- ၂၂၅၆၄၊ ၀၉-၄၉၂၄၅၅၀၂ (ပြည်နယ်မီးသတ်ဦးစီးဌာန)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၏ မြန်မာနိုင်ငံပဂ္ဂလိက စက်မှုစစ်တမ်းကောက်ယူရန် မေးခွန်းလွှာများ ရိုက်နှိပ်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံထုတ်ယူရမည့်ရက် - ၁၁-၃-၂၀၁၅ရက်မှ ၁၂-၃-၂၀၁၅ရက် အထိ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့် အမှတ် (၁)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါတင်သွင်းရမည့်ရက် - ၁၃-၃-၂၀၁၅ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအတွင်း၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂)၊ နေပြည်တော် တင်ဒါကြီးကြပ်မှုကော်မတီရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်လှစ်မည့်အချိန် - ၁၃-၃-၂၀၁၅ရက် မွန်းလွဲ ၂နာရီ၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၄၀၆၄၆၈၊ ၀၆၇-၄၀၆၃၃၀နှင့် ၀၁-၆၅၇၃၀၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့
ရုံးအမှတ် (၃၂)၊ နေပြည်တော်

ကြော်ငြာ

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

68 RESIDENCE CONDOMINIUM

WE DEFINE LIFESTYLE

DEVELOPED BY UNITED GP Development by GOLDEN PALACE

ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဘိုးတွားပိုင်ဧရိယာ တစ်ကမၻာ့ရိုး
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်မြင့်ဒီဇိုင်းနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း

5 % Discount
+
Interior Decoration Package with fully furnished facilities
(5th February - 12th April, 2015) *Terms & Conditions

- မြန်မာနိုင်ငံ၏ ပထမဆုံးသော Infinity Sky Swimming Pool & Garden @ 27th Storey
- မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ဧည့်ရှယ်ရှက်မျိုးစုံအသုံးပြုနိုင်သည့် Dual Key System Unit များ
- အပူဓာတ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ Loe E-Glass System
- တစ်ခန်းရုံးတည်းတွင် နံနက်နှင့်လူနေအိမ်စနစ်တွဲလျက်ပါရှိမည့် Duplex System
- အဆင့်မြင့် Smart Home System နှင့် လုံခြုံစေရေး Finger Print Access System
- အဆင့်မြင့်မီးခဲကားအပ်ရုံယာ ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်

More than 84% Sold Out

PARTNERS

KBZ BANK ZONE SOMERSET SERVICED RESIDENCE Managed by The Ascott Limited SOILBUILD GROUP HOLDINGS LTD OrangeTee 777Lux GROUP CO., LTD.

အရစ်ကျငွေပေးချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
ဝယ်ယူသူတို့ကိုရစ်ချက်တာခေတ်အနည်းဆုံး(၈)နှစ်ခန့်အတွင်း
တည်ဆောက်သားပါသည်။
CONDOMINIUM LAW အရ ခြေမြေပိုင်ဆိုင်မှုကိုလည်း
အခန်းဝယ်ယူသူအားလုံး ရာသက်ဝန် နေပါင်းအရှည်ကြာပိုင်ဆိုင်နိုင်မည့်
အလွန်နိုင်မာသောရင်းနှီးမြှုပ်နှံမှု

ROOM TYPES	SQFT
1 BEDROOM	750 Sqft
2 BEDROOMS	1000 - 1100 Sqft
2 BEDROOMS + STUDY	1200 - 1300 Sqft
3 BEDROOMS + STUDY	1380 - 1580 Sqft
DUPLEX (3 BEDROOMS + 1)	2100 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM)	2100 Sqft

SHOWROOM :
44/A, SAYAR SAN ROAD,BAHAN TOWNSHIP,YANGON, MYANMAR.
01-8604477, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060

ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ အမက(၁၀)၏ ပဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

မြောက်ဥက္ကလာပမြို့နယ် အမက(၁၀) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၇-၃-၂၀၁၅ရက် (သောကြာနေ့) နံနက် ၉နာရီတွင် အမက(၁၀)၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများ ကြွရောက်အပူဇော်ခံပေးပါရန်နှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို

၁။	ဦးအောင်မြင့်ကြည်	ဖုန်း-၀၉-၅၁၅၇၈၆၁
၂။	ဦးဌေးဦး	ဖုန်း-၀၉-၅၃၀၀၉၅၃
၃။	ဦးအောင်ဌေးမြင့်	ဖုန်း-၀၉-၅၁၂၄၆၃၅
၄။	ဦးအောင်ဖုန်းမိုး	ဖုန်း-၀၉-၃၁၃၄၅၇၂၂
၅။	ဦးအောင်မျိုးသွင်	ဖုန်း-၀၉-၄၉၃၂၂၂၅၃
၆။	ဦးစိုင်းသီဟ	ဖုန်း-၀၉-၅၁၆၈၄၉၄
၇။	ဒေါ်မြမြသန်း	ဖုန်း-၀၉-၇၃၀၁၀၅၅
၈။	ဒေါ်ခင်သန္တာအောင်	ဖုန်း-၀၉-၇၃၀၄၁၆၃
၉။	ဒေါ်နန္တယ်နယ်အေး	ဖုန်း-၀၉-၇၃၀၁၀၆၃
၁၀။	ဒေါ်သန်းသန်းထွေး	ဖုန်း-၀၉-၄၂၁၀၈၉၅၂

တို့ကို ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ် (၁၉/က)၊ အောင်ရတနာလမ်း၊ အကျယ်အဝန်း ပေ(၂၀×၆၀)၊ ဧရိယာ ၀၁သမ ၀၂၇၅ဧကရှိ နှစ်ဖက်ရန်မြေအား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးကျော်မြင့်ထွန်း TME-၀၃၇၃၅၅ဈထံမှ ကျွန်ပ်၏မိတ်ဆွေ (၁) ဦးခင်မောင်အေး ၁၂/တမန(နိုင်)၀၅၇၂၁၆ နှင့် (၂) ဦးခင်မောင်ဝင်း ၁၂/တမန(နိုင်)၀၅၇၂၁၇တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းတန်ဖိုးငွေ၏ အချို့တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မျိုးအောင် LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၅)
အမှတ် (၁၁)၊ ဦးဘကျော်လမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ ကျောက်မြောင်းစျေးလမ်း၊ အမှတ်(၆၆)ဟုခေါ်တွင်သည့် မြောက်ထပ်တိုက် အဆောက်အအုံ၏သုံးလွှာ(ခေါင်ရင်းခန်း)၊ အကျယ်အဝန်း(၁၂.၅ပေ×ပေ၅၀)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား အရှေ့ပိုင်းရှင်းကြောင်းနှင့် အရပ်စာချုပ်အဆက်ဆက်ဖြင့် လက်ရှိပိုင်ဆိုင်စီမံ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးပြည်စိုး၁၂/အစုန(နိုင်)၀၁၉၃၁(ISN-၅၇၇၄၂)ထံမှ ကျွန်ပ်၏မိတ်ဆွေက ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (စရန်ငွေ)အဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက် ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငြိမ်းငြိမ်းအောင် LL.B အထက်တန်းရှေ့နေ(စဉ်-၃၃၄၅)
အမှတ် ၃၊ ၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၄၂၂၆၆

ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်း/တံတားအသုံးပြုခကောက်ခံရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များကို မဲစနစ်ဖြင့် လေလံတင်ရောင်းချရန်ကြော်ငြာ

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ လမ်းအသုံးပြုခကောက်ခံသည့် ဂိတ်(၄)ခုနှင့် တံတားအသုံးပြုခကောက်ခံသည့် ဂိတ်တစ်ခုအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ၁-၄-၂၀၁၅ ရက်မှ ၃၁-၃-၂၀၁၆ ရက်အထိ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များကို နိုင်ငံသားများအား မဲစနစ်ဖြင့် အောက်ပါအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

(က) **လေလံတင်ရောင်းချမည့် လမ်း/တံတားဂိတ်များနှင့် ကြမ်းခင်းဈေးနှုန်း**

(၁) ကျိုင်းတုံလမ်းဂိတ်	(ကျိုင်းတုံမြို့)	၁၂၉ ဒသမ ၂၂၀ သိန်း
(၂) တုံတာလမ်းဂိတ်	(တုံတာမြို့)	၁၀၂ ဒသမ ၆၆၀ သိန်း
(၃) မိုင်းပျင်းလမ်းဂိတ်	(မိုင်းပျင်းမြို့)	၁၅၆ ဒသမ၄၃၀ သိန်း
(၄) မိုင်းလားလမ်းဂိတ်	(ကျိုင်းတုံမြို့)	၉၀ ဒသမ ၃၄၀ သိန်း
(၅) တာဆန်းတံတား(သာမန်)	(မိုင်းတုံမြို့နယ်)	၈ ဒသမ ၉၃၀ သိန်း

(ခ) **လေလံဝင်ခွင့်လျှောက်လွှာဝယ်ယူရမည့်နေရာ**
တွဲဖက်ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့။

(ဂ) **လေလံဝင်ခွင့်လျှောက်လွှာရောင်းချခြင်း ပိတ်သိမ်းမည့်ရက်နှင့်အချိန်**
၁၈-၃-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၂:၀၀ နာရီ

(ဃ) **လေလံပွဲကျင်းပမည့်ရက်နှင့်အချိန်**
၁၉-၃-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၀၉:၃၀ နာရီ

(င) **လေလံပွဲကျင်းပမည့်နေရာ**
တွဲဖက်ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကျိုင်းတုံမြို့။

၂။ ဂိတ်တစ်ခုချင်းအလိုက် စိတ်ပါဝင်စားကြေးပေးသွင်းရမည်ဖြစ်ပြီး ပေးသွင်းရမည့်စိတ်ပါဝင်စားကြေး/လုပ်ကိုင်ခွင့်လိုင်စင်ရောင်းချခြင်း/လုပ်ကိုင်ခွင့်ရရှိပါက လိုက်နာရမည့်စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသောအချက်များအား စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များ

အင်ဂျင်နီယာမှူးကြီးရုံး	**ဖုန်း-၀၈၄-၂၃၁၇၀၊ ၂၄၀၃၇**
၃-အင်ဂျင်နီယာမှူးကြီး	**ဖုန်း-၀၉-၅၀၀၈၂၀၇**
ဦးစီးအရာရှိ(စီမံ)	**ဖုန်း-၀၉-၅၂၅၁၄၉၀**

လမ်း/တံတားလေလံလုပ်ကိုင်ခွင့်ကြီးကြပ်ရေးအဖွဲ့
ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့

ပိုင်ရှင်ကိုယ်တိုင် အခန်းရောင်းမည်

၁။ တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်းအနီး၊ သီရိဇေယျာလမ်းမပေါ်၊ အကျယ်အဝန်း (၂၂×၅၄)ပေ စတုဏ္ဍထပ် တိုက်သစ်။

၂။ တောင်ဥက္ကလာပမြို့နယ်၊ ဝေဃယန္တာလမ်းမကြီးအနီး၊ မေတ္တာလမ်းမပေါ်၊ အကျယ်အဝန်း (၁၈×၅၄)ပေ စတုဏ္ဍထပ် တိုက်သစ်။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၉၆၆၀၈၀၀၉၊ ၀၉-၇၉၉၆၆၀၇၀၈

အမြန်ရောင်းမည်

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော City Bus Mitsubishi Fuso ကားများ ရောင်းရန်ရှိသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၁၄၀၉၈၈၊ ၀၉-၂၅၃၀၂၇၀၇၀

ဝန်ထမ်းအလိုရှိသည်

၁။ B.Com/B.Econ/LCCI	ကျား/မ	(၅)ဦး
၂။ B.A/B.Sc	ကျား/မ	(၁၀)ဦး
၃။ Computer Operator	ကျား/မ	(၅)ဦး

လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ အမှတ်စဉ်(၁)အတွက် Computer Accounting ကျွမ်းကျင်လျှင် လစာကောင်းကောင်းပေးမည်။ ကိုယ်ရေးအချက်အလက်၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ ရဲစခန်းထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ၊ ဆက်သွယ်ရမည့်လိပ်စာ၊ ဖုန်းနံပါတ်အပြည့်အစုံနှင့်အတူ အသက်(၅၀)အောက်ရှိသူများသည် စီကေဘီကုမ္ဏီ အမှတ် ၆၄၊ ဝေဃယန္တာလမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပစက်မှုဇုန်သို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁)လအတွင်း လျှောက်ထားနိုင်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5G/5921 Suzuki Carry, P/U (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိမွန် ၁၂/တကန(နိုင်)၁၆၁၉၃၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

အများသိစေရန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ဆင်အင်းကျေးရွာနေ ဦးချို၏သား မောင်ဖြိုးမောင်မောင်နှင့် မြင်းစီးကျေးရွာနေ ဦးစိုးသိန်း၏သမီး မကြည်ဆောင်တို့ ဇနီးမောင်နှံသည် မြစ်ကြီးနားမြို့၊ ဂျာမိုင်ကောင်းရပ်ကွက်၊ အိမ်အမှတ် ၃၁၆နေ ကျွန်မ ဒေါ်လှတောင် ၁/မကန(နိုင်) ၀၄၃၂၉၇၏ ငွေကြေးများကို လိမ်လည်ယူဆောင်သွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ပေးရန်နှင့် လာရောက်ပေးဆောင်ခြင်းမပြုပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်လှတောင် ၁/မကန(နိုင်)၀၄၃၂၉၇

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၇)ရပ်ကွက်၊ မြေကွက်အမှတ်(၁၃၇၂) အမည်ပေါက် ဦးလှထွန်း TKA-၀၂၂၅၃၈ ၏ မြေချပါမစ်သည် ရောင်းချခွင့်ရှိသူဟုဆိုသော သမီး ဒေါ်ဇင်မာဦး ၁၂/ဒပလ(နိုင်)၀၆၉၂၅၇ထံမှ ဒေါ်နန်းဖြူဖြူအောင် ၁၂/တမန(နိုင်)၀၅၇၆၉၄ သည် ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ နောက်ခုနစ်ရက်အတွင်း ကန့်ကွက်ရန်ရှိပါက ကန့်ကွက်ရန်နှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်နန်းဖြူဖြူအောင် ဖုန်း-၀၉-၇၉၉၂၆၁၀၁၅**

သားအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ရစ်ဂါလေးကျေးရွာတွင်နေထိုင်သော ဒေါ်မြအေး ၇/သနပ(နိုင်)၀၀၂၁၈၇ က အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

(ဦးတွန်းရီ)-ဒေါ်မြအေး၏သား မောင်မျိုးမင်းသိန်းသည် အသက်(၇၂)နှစ်အရွယ်ရှိ မိခင်ဖြစ်သူ လေးဖြန်းရောဂါရပြီးနောက် အချိန်မှန်မှန် ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းမရှိ၊ အမျိုးမျိုးညှဉ်းပမ်းနှိပ်စက်ခြင်း၊ ဆွေမျိုးများနှင့်တွေ့ဆုံခွင့်ပေးခြင်း၊ မိခင်ဖြစ်သူ ရာဖွေထားသော ရွှေ၊ ငွေ၊ အိမ်၊ ကား၊ လှည်း၊ လယ်၊ နွားပေ၊ ငါးကန်၊ ခြံ၊ အိမ်တွင်းပစ္စည်းများကို မတရားသိမ်းယူခြင်း၊ မိခင်၏အိမ်အား မိခင်၏ခွင့်ပြုချက်မရှိဘဲ ဖျက်ဆီးဝင်ရောက်ကျူးကျော်နေထိုင်ခြင်းများ ပြုမူဆောင်ရွက်ခဲ့ပါသည်။ ထိုသို့မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ကိုယ်ထိလက်ရောက်ရိုက်နှက်ခြင်း၊ မိခင်အား ရန်သူသဖွယ်ဆက်ဆံသော သွေးနှတ္တသားဖြစ်ခြင်းတို့ကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြအေး ၇/သနပ(နိုင်)၀၀၂၁၈၇

ကြော်ငြာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များ၌ တပ်ဆင်အသုံးပြုမည့် အင်္ဂလိပ်အက္ခရာဖောင်းကြွနံပါတ်ပြားများအား အပ်နှံရိုက်နှိပ်လိုပါသဖြင့် စိတ်ပါဝင်စားသူများ တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၉-၄-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ
နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် သတင်းစာကြော်ငြာထည့်သည့်ရက်မှစ၍ ရုံးချိန်အတွင်း၀ယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန
ရုံးအမှတ်(၂၉)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၄၁၅၅၊ ၀၆၇-၄၀၅၃၆၂

ဂုဏ်ပြုပူဇော်ပွဲ ဖိတ်ကြားလွှာ

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ ၄ရပ်ကွက်၊ မြဟေ၀န်လမ်း၊ ဗုဒ္ဓအေးရိပ်သာ တေဇစက္ကိ၀ိပဿနာကမ္မဋ္ဌာန်းတိုက် ပဓာနနာယက နိုင်ငံတော်ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တမဏိဇောတသီရိ ပြည်နယ်သံဃနာယက (မူလဒွါရ) ဆရာတော်၏ သဒ္ဓိ၀ိဟာရိက ငယ်တပည့်များဖြစ်ကြသော သာသနဓဇ ဓမ္မာစရိယဘွဲ့ရ ဘဒ္ဒန္တပညာဇောတသီရိနှင့် သာသနတက္ကသီလာဓမ္မာစရိယ(B.A) ဘွဲ့ရ ဘဒ္ဒန္တသိရိန္ဒ အရှင်မြတ်(၂)ပါးတို့အား ဂုဏ်ပြုပူဇော်ပွဲကို ၁၃၇၆ခုနှစ် တပေါင်းလပြည့်ကျော် ၇ ရက် (၁၁-၃-၂၀၁၅) ဗုဒ္ဓဟူးနေ့တွင် မုဒုံမြို့၊ ဗုဒ္ဓအေးရိပ်သာကျောင်းတိုက်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မုဒုံနွယ်ဖွား၊ မော်လမြိုင်နွယ်ဖွား၊ ပြည်ခရိုင် ပန်းတောင်းနွယ်ဖွား တပည့်ဒါယကာ ဒါယိကာမ ယောဂီများအား အသိပေးအကြောင်းကြား ဖိတ်ကြားလိုက်ပါသည်။

ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့
ဗုဒ္ဓအေးရိပ်သာ၊ မုဒုံမြို့၊ မွန်ပြည်နယ်

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၁)၊ ကွင်းပြင်အမှတ်(၁)၊ ဦးပိုင်အမှတ်(၁၉)၊ မြေဧရိယာ ၂ ဒသမ ၀၄ ဧကထဲမှ ဒေါ်အေးအေးခိုင် ၁၃/လရန(နိုင်)၁၂၄၃၁၁ ပိုင်ဆိုင်သည့် မြေဧရိယာ (၆၀×၃၀၀)ပေအား အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအ၀ယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာစာပါသည့်ရက်မှ ခုနှစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နုနုအေး ၁၃/နမတ(နိုင်)၀၀၀၂၆၁
ဖုန်း-၀၉-၅၂၄၁၇၉

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၁)၊ ကွင်းပြင်အမှတ် (၁)၊ ဦးပိုင်အမှတ် (၂၀)၊ မြေဧရိယာ ၃ ဒသမ ၄၁ ဧကထဲမှ ဒေါ်အဖျင်း ၁၃/လရန(နိုင်) ၁၂၀၄၇ ပိုင်ဆိုင်သည့် မြေဧရိယာ (၅၀×၅၀၀)ပေအား အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

